# ကြေးမုံ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၈၅ ခုနှစ်၊ ပြာသိုလဆန်း ၂ ရက်၊ သောကြာနေ့။ Friday, 12 January 2024 ၁၁၃၃၈


**ကြီးသူတို့ကို ရိုသေလုပ်ကျွေးပြုစုခြင်းသည် ချမ်းသာ၏**

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ အဖကို ပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏၊ လောက၌ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏၊ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝက တို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ နာဂဝဂ် ( ဓမ္မပဒ- ၃၃၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စု တစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝ မြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှု မရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေ ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန် လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ပုဂံရွှေဟောင်းယဉ်ကျေးမှုနယ်မြေသို့ ဘုရားဖူးလာရောက်သူများကို တွေ့ရစဉ်။ ဓာတ်ပုံ - ဒီပါလင်း

## ဇန်နဝါရီလအစပိုင်းတွင် ပြည်တွင်း၊ ပြည်ပခရီးသွားလာမှုများပြား

### ယခင်နှစ်အစပိုင်းနှင့် နှိုင်းယှဉ်လျှင် အရေအတွက်များသောကြောင့် ခရီးသွားအလားအလာကောင်းနိုင်

ရန်ကုန် ဇန်နဝါရီ ၁၁

ယခုနှစ် ဇန်နဝါရီလအစပိုင်းတွင် ပြည်တွင်း၊ ပြည်ပခရီးသွားလာမှု များပြားနေပြီး ယခင်နှစ်စပိုင်းနှင့်နှိုင်းယှဉ်လျှင် အလားအလာကောင်းမည်ဟု ယူဆရကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးနောင်နောင်းဟန်က ပြောကြားသည်။

စာမျက်နှာ ၇ ကော်လံ ၄ သို့ ☆



## ပခုက္ကူဈေးကွက်အတွင်း မိုးကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ်နှစ်ထောင့်သုံးရာအထိရရှိ

ပခုက္ကူ ဇန်နဝါရီ ၁၁

မကွေးတိုင်းဒေသကြီး ပခုက္ကူဈေးကွက်အတွင်း တင်ပို့ရောင်းချသည့် ကြက်သွန်နီတစ်ပိဿာလျှင် အများဆုံး ငွေကျပ်နှစ်ထောင့်သုံးရာအထိ ရှိနေကြောင်း ကြက်သွန်စိုက်တောင်သူများထံမှ သိရသည်။

ကြက်သွန်နီများကို ပခုက္ကူနှင့် ဆိပ်ဖြူမြို့နယ်တို့ရှိ တောင်သူများထံမှ အများဆုံးဝင်ရောက်ကြောင်း၊ ဇန်နဝါရီလအတွင်း ကြက်သွန်ဝင်ရောက်မှု ပျမ်းမျှပိဿာချိန်ပေါင်း ၁၃၀၀၀၀ ခန့် နေ့စဉ်ဝင်ရောက်လျက်ရှိကြောင်း၊ လက်ရှိတွင်

စာမျက်နှာ ၄ ကော်လံ ၁ သို့ ○


**ယနေ့ ဖတ်စရာ**

**အေးအတူပူအမျှအသိုက်အဝန်း အတူတည်ဆောက်၍ တရုတ် - မြန်မာဆက်ဆံရေး နက်ရှိုင်းစွာ ဖွံ့ဖြိုးတိုးတက်လာစေခြင်း**

ဆောင်းပါး စာမျက်နှာ » ၆

**ဗီယက်နမ်နိုင်ငံ၌ ပြည်ပ ပညာတော်သင်ကျောင်းသား ၂၂၀၀၀ ခန့် ပညာသင်ကြားနေ**

စာမျက်နှာ » ၁၃

**ဥစ္စာခနကြွယ်ဝမှု၊ လက်ရုံးကြီးမှုများဖြင့် စိုးမိုးသည့်ခေတ်သည် အတိတ်တွင် ကျန်ခဲ့ပြီဖြစ်ကာ အသိပညာ၊ အတတ်ပညာ ပြည့်ဝသူများသာ ဦးဆောင်သည့်ခေတ်သို့ ရောက်နေပြီဖြစ်ရာ အနာဂတ်လူငယ်များအနေဖြင့် နည်းပညာမြင့်စာပေများ လေ့လာသင်ယူ**

ဆောင်းပါး စာမျက်နှာ » ၁၆

**ဗြိတိန်၊ ဆွီဒင်၊ ဒိန်းမတ်နှင့် အိုင်ယာလန်တို့တွင် အလုပ်လုပ်ကိုင်နေသည့် မြန်မာနိုင်ငံသားများ၏ လစာဝင်ငွေအပေါ် ဝင်ငွေခွန်ကောက်ခံမည်**

စာမျက်နှာ » ၁၈

ကြေးမုံ

# ငြိမ်းချမ်းသာယာသည့်နိုင်ငံတည်ဆောက်

ပြည်ထောင်စုမြန်မာနိုင်ငံအတွင်းရှိ နယ်မြေဒေသအချို့တွင် လက်နက်ကိုင်ပဋိပက္ခများကြောင့် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူများ ဘက်ပေါင်းစုံတွင် များစွာထိခိုက်နစ်နာလျက်ရှိသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ အမှန်တရားအပေါ်တွင် ဦးစားမပေးဘဲ ပြည်တွင်း၊ ပြည်ပသွေးထိုးမြှောက်ပင့်ပေးမှုများနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့၏ အားပေးကူညီမှုများကြောင့် ဖြစ်ပေါ်နေသည့် ဆူပူအကြမ်းဖက်မှုများ၊ တိုက်ပွဲများ၏ဆိုးကျိုးများနှင့် ဆင်းရဲဒုက္ခများကို လက်တွေ့ခံစားနေကြရသူများမှာ တိုင်းရင်းသားပြည်သူများဖြစ်သည်။

လက်နက်ကိုင်ပဋိပက္ခများကြောင့် တိုင်းရင်းသားပြည်သူများ အေးချမ်းစွာနေထိုင်ခဲ့သည့် အိုးအိမ်နေရာများကိုစွန့်ခွာပြီး ဘေးလွတ်ရာသို့ ထွက်ပြေးတိမ်းရှောင်ကြရသည်။ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး စသည်ဖြင့် ဘက်ပေါင်းစုံတွင် အခက်အခဲများစွာတို့ကို ရင်ဆိုင်ကြရသည်။ နိုင်ငံတော်က အချိန်ကာလကြာမြင့်စွာ တည်ဆောက်ရယူခဲ့ရသည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်မှုများ ပျက်စီးဆုံးရှုံးခဲ့ပြီး မူလအခြေအနေသို့ ပြန်လည်ရောက်ရှိရန်အတွက် အချိန်ကာလ၊ လူအင်အား၊ ငွေအင်အား စသည်ဖြင့် ဘက်ပေါင်းစုံ၊ ကဏ္ဍပေါင်းစုံ ကြိုးစားတည်ဆောက်ကြရဦးမည်ဖြစ်သည်။

တိုင်းရင်းသားပြည်သူများအနေဖြင့် နှစ်ပေါင်းရှည်ကြာ ဤမြေတွင်နေ၊ ဤရေကို သောက်၍ အေးချမ်းစွာရပ်တည်နေထိုင်နိုင်ရေးကိုသာလိုလားသည်။ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးကိုသာ မျှော်လင့်သည်။ လက်နက်ကိုင်ပဋိပက္ခများကို တည်ဆောက်သူများ၊ မျှော်လင့်နေကြသူများ၊ အားပေးအားမြှောက်ပြုလုပ်နေကြသူများသည် ဤနိုင်ငံကို ပျက်စီးစေလိုသော ဖျက်ဆီးနေကြသူများသာဖြစ်သည်။ နိုင်ငံအတွင်းဖြစ်ပွားနေသည့် ဆူပူအကြမ်းဖက်မှုများနှင့် လက်နက်ကိုင်ပဋိပက္ခများကြောင့် ပျက်စီးဆုံးရှုံးခဲ့ရသော အသက်ခန္ဓာနှင့်ဝတ္ထုပစ္စည်းအားလုံးမှာ မိမိတို့နိုင်ငံ၏ ပိုင်ဆိုင်မှုများသာဖြစ်သည်။ ထိုသို့ ပျက်စီးဆုံးရှုံးစေသည့် လုပ်ရပ်များမှာ အကျိုးစီးပွားအတွက်လား၊ ပြည်ထောင်စုအတွက်လား ရှုမြင်သုံးသပ်ကြည့်နိုင်သည်။

တည်ငြိမ်အေးချမ်းလျက်ရှိနေသောဒေသများတွင် အလုပ်အကိုင်မပျက် အေးချမ်းစွာနေထိုင်ကြရသည်ကို မြင်တွေ့နိုင်မည်ဖြစ်ပြီး တည်ငြိမ်အေးချမ်းမှုမရှိသော၊ ပျက်ပြားနေသောဒေသများတွင် အလုပ်အကိုင်ပျက် ဆင်းရဲဒုက္ခရောက်လျက်၊ ဖွံ့ဖြိုးတိုးတက်မှုနှင့်သာယာဝပြောမှုကင်းဝေးလျက် ဒေသခံတိုင်းရင်းသားပြည်သူများ၏ လူမှုစီးပွားဘဝများလည်း နိမ့်ကျပျက်စီးလျက်ရှိနေမည်ဟူသော အချက်ကို အားလုံးက အလေးအနက်သတိပြုမိကြရမည်ဖြစ်သည်။ ဒေသတည်ငြိမ်အေးချမ်းရေး၊ သာယာဝပြောရေးသည် တိုင်းရင်းသားပြည်သူများ၏ အဓိကလိုအပ်ချက်ဖြစ်သဖြင့် လက်နက်ကိုင်အကြမ်းဖက်မှုများကို တားဆီးကြရမည်ဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သမိုင်းကြောင်းတစ်လျှောက်တွင် လက်နက်ကိုင်ပဋိပက္ခများကြောင့် ဒဏ်ရာဒဏ်ချက်များစွာ ထိခိုက်ခဲ့ဖူးပြီးဖြစ်သည်။ မည်သို့ပင်ဖြစ်ခဲ့သော်လည်း တိုင်းပြည်မပြိုကွဲ မပျက်စီးအောင် ထိန်းသိမ်းကာကွယ်စောင့်ရှောက်နိုင်ခဲ့သည်။ ဆက်လက်၍လည်း ထိန်းသိမ်းကာကွယ်စောင့်ရှောက်နေမည်ဖြစ်သည်။ အဓိကမှာ တိုင်းရင်းသားပြည်သူများအားလုံး၏ တိုင်းပြည်ငြိမ်းချမ်းစေရမည်ဟူသည့် တစ်သွေးတစ်သားတည်းစိတ်ထား ထားရှိရမည်ဖြစ်သည်။ မိဘဘိုးဘွားဘီဘင်များ တည်ဆောက်ထူထောင်လာခဲ့သည့် ဤပြည်ထောင်စုကြီး အဓွန့်ရှည်ခိုင်မြဲရေးတွင် ပါဝင်တည်ဆောက်ကြရမည်ဖြစ်သည်။

“နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဒို့တာဝန်အရေးသုံးပါးဖြစ်သည့် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို အမျိုးသားရေးခံယူချက်ဖြင့် ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါအမျိုးသားရေးလုပ်ငန်းသုံးရပ်ကိုအခြေခံသော ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် နိုင်ငံတော်ကို တည်ဆောက်ပေးထားခြင်းဖြစ်ပြီး ခိုင်ခိုင်မာမာဆောင်ရွက်ထားခြင်းဖြစ်သဖြင့် လုံးဝအထိခိုက်ခံမည်မဟုတ်ပါကြောင်း” နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က ၂၀၂၄ ခုနှစ် ကရင်အမျိုးသားနှစ်သစ်ကူးနေ့သဝဏ်လွှာတွင် အလေးအနက်ပြောကြားထားသည်။

ငြိမ်းချမ်းရေးသည် တိုင်းရင်းသားပြည်သူအားလုံး၏ လိုလားချက်၊ မျှော်လင့်ချက်၊ ဆန္ဒများဖြစ်သဖြင့် တပ်မတော်အနေဖြင့် နိုင်ငံတော်ငြိမ်းချမ်းရေးအတွက် အစဉ်ထာဝရတံခါးဖွင့်ကြိုဆိုလျက်ရှိသည်။ အခက်အခဲများ၊ လိုအပ်ချက်များကို လက်နက်ကိုင်နည်းလမ်းဖြင့် မဖြေရှင်းဘဲ ဆွေးနွေးညှိနှိုင်းခြင်းဖြင့် NCA ပါ သဘောတူညီချက်များနှင့်အညီ လက်တွေ့ဖြေရှင်းဆောင်ရွက်ကြပါရန် တိုင်းရင်းသားအဖွဲ့အစည်းများအားလုံးကို အစဉ်ဖိတ်ခေါ်လျက်ရှိသည်။ သို့ဖြစ်ရာ မြန်မာနိုင်ငံအတွက် လိုအပ်လျက်ရှိသည့် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူအားလုံး ဝိုင်းဝန်းပါဝင်ဆောင်ရွက်ကြမှသာလျှင် အေးချမ်းသာယာဝပြောသည့် ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် ကမ္ဘာ့အလယ်တွင် တင့်တယ်စွာရပ်တည်နိုင်မည်ဖြစ်ပါကြောင်း။ ။




## ၂၀၂၄ ခုနှစ်၊ (၇၇)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) ပြည်ထောင်စုကြီးထာဝစဉ်တည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ကာကွယ်စောင့်ရှောက်ရေး။

(၂) တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်တရားဥပဒေစိုးမိုးရေးတို့ အပြည့်အဝရရှိစေရန်အတွက် နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် ပြည်သူအတူတကွ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

(၃) တိုင်းရင်းသားပြည်သူအားလုံး၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံး အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများနှင့် MSME အခန်းကဏ္ဍတို့ မြှင့်တင်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်၏အမျိုးသားရေးရည်မှန်းချက်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး။

(၅) ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီးပေါ်ထွန်းလာရေး တိုင်းရင်းသားအားလုံး ဝိုင်းဝန်းဆောင်ရွက်ရေး။

## ကျောက်တံတားမြို့နယ် အမှတ်(၆) အခြေခံပညာမူလတန်းကျောင်း၌ ပညာရေးစုံညီပွဲတော်ကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် အမှတ်(၆) အခြေခံပညာမူလတန်းကျောင်း၏ ပညာရေးစုံညီပွဲတော်အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၁ နာရီက ကျင်းပခဲ့ရာ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းအကျိုးတော်ဆောင်နာယကနှင့် အဖွဲ့ဝင်များ၊ ကျောင်း အုပ်ကြီးနှင့် ဆရာ ဆရာမများ၊ မိဘများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်စိန်က အဖွင့်အမှာစကားပြောကြားပြီး ကျောင်းနာယကကြီး ဦးသိန်းနိုင်က ကျောင်းဘက်စုံဖွံ့ဖြိုးရေး ပူးပေါင်းကူညီဆောင်ရွက်ပေးမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တာဝန်ရှိသူများက ထူးချွန်ကျောင်းသား ကျောင်းသူများအား ဆုများပေးအပ်ချီးမြှင့်ခဲ့ကြပြီး ကျောင်းသား ကျောင်းသူများက ပုဂံအကအလှ၊ နားပန်းဆံသီချင်းများဖြင့် ကပြဖျော်ဖြေခဲ့ကြကြောင်း သိရသည်။

ခိုင်သဇင်(ပြန်/ဆက်)

ကြေးမုံ

| | | | | |
|---|---|---|---|---|
| စာတည်းမှူးချုပ် | - | ဦးစိုးစိုးနိုင် | အကြီးတန်း သတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဦး၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| စာတည်းမှူး | - | ဦးဝင်းနိုင် | အငယ်တန်း သတင်းထောက်များ | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| စာတည်းများ | - | ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | သုတေသန | - ဒေါ်ဇင်မာဝင့် |
| ဘာသာပြန် စာတည်းများ | - | ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | စာပြင် | - ဒေါ်မြသီတာနှင့်အဖွဲ့ |
| | | | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| | | | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း မြစ်ကြီးနားမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆန်အိတ်နှင့် ဆီများ ပေးအပ်လှူဒါန်း၊ တိုင်းရင်းသားစာပေယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံထောက်ပံ့



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ရဟန္တာတစ်ထောင် ရှင်ပင်မြတ်စွာဆုတောင်းပြည့်စေတီတော်ကို ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်စဉ်။

နေပြည်တော် ဇန်နဝါရီ ၁၁

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် နိုင်ငံတော်ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးတို့နှင့်အတူ ယနေ့နံနက် ၈ နာရီက မြစ်ကြီးနားမြို့ ရှမ်းစုမြောက်ရပ်ကွက် အတွင်းရှိ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်၌ မြစ်ကြီးနား မြို့နယ်အတွင်းရှိ ဗုဒ္ဓဘာသာဘုန်းတော်ကြီးကျောင်းများအတွက် ဆန်၊ ဆီနှင့် အလှူငွေများ လှူဒါန်းကြသည်။

**ပေးအပ်လှူဒါန်းခဲ့**

ဦးစွာ နိုင်ငံတော်သံဃနာယက အဖွဲ့ဝင် ခေမာသီဝံကျောင်းတိုက် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒာဝရာဘိဝံသ အမှူးပြုသောဆရာတော်အရှင်သူမြတ်များထံမှ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်နယ်ဝန်ကြီးချုပ်၊ မြောက်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ် ဥပဒေချုပ်နှင့် တက်ရောက်လာသူများက ငါးပါးသီလ ခံယူဆောက်တည်ကြကာ ပရိတ်မေတ္တာဒေသနာတော်များကို နာယူကြပြီး မြစ်ကြီးနားမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်း ကိုးကျောင်းတို့အတွက် ဆန်အိတ် ၅၀ နှင့် ဆီ ၁၀ ပုံးတို့ကို ဆရာတော် အရှင်သူမြတ်များထံ ပေးအပ်လှူဒါန်းခဲ့ကြသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများသည် ဝိုင်းမော်မြို့နယ် မိုင်းနားကျေးရွာအုပ်စုအတွင်း ဧရာဝတီ မြစ်ကမ်းဘေး ရွှေမိုးတောင်ပေါ်၌ တည်ထားကိုးကွယ်တော်မူသည့် ရဟန္တာတစ်ထောင်ရှင်ပင်မြတ်စွာ ဆုတောင်းပြည့် စေတီတော်သို့ သွားရောက်ခဲ့ကြပြီး စေတီတော်ကြီးကို လက်ယာရစ်ပတ်ပူဇော်၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ခဲ့ကြကာ စေတီတော်ဘက်စုံပြုပြင် မွမ်းမံနိုင်ရေးအတွက် အလှူငွေများဆက်ကပ်လှူဒါန်းခဲ့ကြသည်။

ယင်းနောက် မြစ်ကြီးနားမြို့ စီတာပူရပ်ကွက် မနောကွင်းအတွင်း မနောအိမ်တော်၌ ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေယဉ်ကျေးမှု အသင်းအဖွဲ့များနှင့်တွေ့ဆုံပွဲသို့ တက်ရောက်ခဲ့ကြရာ တိုင်းရင်းသားစာပေယဉ်ကျေးမှု အသင်းအဖွဲ့ခေါင်းဆောင်များက ရိုးရာမဂ္ဂန်းလစ်ဖြင့် ဂါရဝပြုလက်ဆောင် ပေးအပ်ကြသည်။

**အထောက်အကူပြုစေမည်**

တွေ့ဆုံပွဲတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် ဒုတိယ ဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ကချင်ပြည်နယ်အနေဖြင့် တိုင်းရင်းသားရေးရာ ကိစ္စရပ်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ တိုင်းရင်းသားလူမျိုးများ၏ ဒေသအတွင်း အသိပညာဖွံ့ဖြိုးတိုးတက်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိမှသာ လူမှုစီးပွားဘဝ တိုးတက်မြင့်မားလာမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်နှင့် ဒေသခံ တိုင်းရင်းသားများ အတူတကွ ပူးပေါင်းလက်တွဲပြီး ဒေသဖွံ့ဖြိုး ရေးလုပ်ငန်းများတွင် ဒေသနှင့် ကိုက်ညီသည့် အသက်မွေးဝမ်းကျောင်း သင်တန်းများ တက်ရောက် သင်ကြားခြင်းနှင့် ထိရောက်သော စီမံကိန်းများကို



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေယဉ်ကျေးမှုအသင်းအဖွဲ့များကို ထောက်ပံ့ငွေများ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပြည်နယ်အတွင်းရှိ တိုင်းရင်းသားစာပေယဉ်ကျေးမှုအသင်းအဖွဲ့များနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ်။

အကောင်အထည်ဖော် ဆောင်ရွက်ခြင်းဖြင့် တိုင်းရင်းသားလူမျိုးများ၏အကျိုးကို အထောက်အကူပြုစေမည်ဖြစ်ပါကြောင်း။

**စဉ်ဆက်မပြတ်ကျင်းပ**

ထို့အပြင် တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်း၊ ကိုးကွယ်သည့် ဘာသာများကို လွတ်လပ်စွာ ဆောင်ရွက်ခွင့်ရှိသကဲ့သို့ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်း အစဉ်အလာအရ ကျင်းပသည့် ပွဲတော်များ၊ ယခုကဲ့သို့ ပြည်နယ်နေ့အခမ်းအနားများ၊ နေ့ထူးနေ့မြတ် အခမ်းအနားများကို တိုင်းရင်းသားအားလုံး ချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းပါဝင်ပြီး စဉ်ဆက်မပြတ် ကျင်းပခြင်းဖြင့် တိုင်းရင်းသားလူမျိုး အချင်းချင်း စည်းလုံးညီညွတ်ခြင်း၊ ချစ်ကြည်လေးစားခြင်းနှင့် ရိုင်းပင်းကူညီခြင်းတို့ တိုးတက်ဖြစ်ထွန်းစေမည် ဖြစ်ပါကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၉) ရပ်တို့ကို အထောက်အကူပြုစေရန်အတွက် တိုင်းရင်းသားများ၏ စာပေနှင့် ယဉ်ကျေးမှုများကို ထိန်းသိမ်းမြှင့်တင်ခြင်း၊ တိုင်းရင်းသား အခွင့်အရေးများကို ကာကွယ် စောင့်ရှောက်ခြင်းဖြင့် ပြည်ထောင်စု စိတ်ဓာတ်ကို တိုးတက်ခိုင်မာစေမည် ဖြစ်ပါကြောင်း၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်အတွက်ကို ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ တိုင်းရင်းသားလူမျိုးများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဘဝ တိုးတက် မြင့်မားရေးကိုလည်း အဘက်ဘက်မှ ကူညီပံ့ပိုးဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ ထို့အပြင် နိုင်ငံတော်အနေဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို အထူးအလေးထားဆောင်ရွက်လျက်ရှိပြီး တိုင်းရင်းသားပြည်သူများ အနေဖြင့်လည်း နိုင်ငံတော်နှင့်အတူ ပူးပေါင်းလက်တွဲပြီး ကြိုးပမ်းဆောင်ရွက်ခြင်းအားဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉) ရပ်ပါ စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့်ပြည်ထောင်စုကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ယင်းနောက် တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်က တိုင်းရင်းသားများအရေးအတွက် ဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့်ပြည်နယ်

စာမျက်နှာ ၄ သို့ ☆

☆ စာမျက်နှာ ၃ မှ
အစိုးရအဖွဲ့များနှင့် ချိတ်ဆက်ပူးပေါင်း၍ ဦးစီးဌာနများနှင့် ဖြည့်ဆည်းဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်က ပြည်နယ်အတွင်းရှိ တိုင်းရင်းသားမျိုးနွယ်စုများ တည်ရှိမှုအခြေအနေများနှင့် စာပေယဉ်ကျေးမှုအသင်းအဖွဲ့များအလိုက် တင်ပြထားသည့် လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများက တက်ရောက်လာကြသည့် ပြည်နယ်အတွင်းမှ ကချင်မျိုးနွယ်စု ခြောက်မျိုး၊ ရှမ်းမျိုးနွယ်စု ငါးမျိုး၊ ဗမာ၊ ရခိုင်နှင့် ကရင်မျိုးနွယ်စုများ၏ စာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များ၊ မြန်မာနိုင်ငံ ကချင်လူမျိုးရိုးရာယဉ်ကျေးမှုအသင်း၊ ကချင်ပြည်နယ် ရှမ်းမျိုးနွယ်စုများစာပေနှင့် ယဉ်ကျေးမှုအသင်းတို့အတွက် အသင်းအဖွဲ့တစ်ခုလျှင် ငွေကျပ် ၁၀ သိန်းစီနှင့် သစ်သီးခြင်းလက်ဆောင်များကို ထောက်ပံ့ပေးအပ်ခဲ့ကြရာ မြန်မာနိုင်ငံ ကချင်လူမျိုး ရိုးရာယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌ ဦးဇော်မိုးနော်က လိုအပ်ချက်များနှင့် ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယင်းနောက် တိုင်းရင်းသားစာပေယဉ်ကျေးမှုအသင်းအဖွဲ့များက စာပေ၊ ယဉ်ကျေးမှုထိန်းသိမ်းရေးဆိုင်ရာ ကိစ္စရပ်များ၊ တိုင်းရင်းသားဘာသာသင် ဆရာ ဆရာမများ ခန့်ထားရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့်ပြည်ထောင်စုဝန်ကြီးက လိုအပ်ချက်များအပေါ် သက်ဆိုင်ရာ ဝန်ကြီးများ၊ ပြည်နယ် ဝန်ကြီးချုပ်တို့နှင့် ပေါင်းစပ်ညှိနှိုင်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများက မြစ်ကြီးနား လေတပ်စခန်းဌာနချုပ်မှ တပ်မတော်လေယာဉ်ဖြင့် ပြန်လည်ထွက်ခွာကြရာ ပြည်နယ်ဝန်ကြီးချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တကွ ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်ဥပဒေချုပ်၊ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အသင်းအဖွဲ့များက လိုက်ပါနှုတ်ဆက်ခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ မြစ်ကြီးနားမြို့၌ (၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာရရှိသူများအား ဆုများအပ်နှင်းချီးမြှင့်ပွဲသို့ တက်ရောက်

**နေပြည်တော် ဇန်နဝါရီ ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ယနေ့မွန်းလွဲ ၂ နာရီတွင် မြစ်ကြီးနားမြို့ ပြည်သူ့အားကစားကွင်းအတွင်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ကျင်းပသည့် (၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာရရှိသူများအား ဆုများအပ်နှင်းချီးမြှင့်ပွဲအခမ်းအနား တတိယနေ့သို့ တက်ရောက်သည်။

**ရှင်းလင်းတင်ပြ**

အခမ်းအနားတွင် ဆုများချီးမြှင့်အပ်နှင်းရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်နယ်လူမှုရေးရာဝန်ကြီး ဦးသန့်ဇင်ကိုကိုက ဂုဏ်ထူးဆောင်လက်မှတ်နှင့် ဂုဏ်ထူးဆောင်ဆုပစ္စည်းများ ချီးမြှင့်အပ်နှင်းနိုင်ရေး စိစစ်ရွေးချယ်ဆောင်ရွက်ခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆုများကို ချီးမြှင့်အပ်နှင်းရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က လူမှုရေးဆိုင်ရာထူးချွန်ဆု(ပထမအဆင့်)နှင့် ဒုတိယအဆင့်ရရှိသူများ၊ စီမံခန့်ခွဲရေးဆိုင်ရာထူးချွန်ဆု(ဒုတိယအဆင့်) ရရှိသူများကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်နှင့် ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဦးတူးဂျာတို့က စီမံခန့်ခွဲရေးဆိုင်ရာထူးချွန်ဆု(တတိယအဆင့်)ရရှိသူများကို လည်းကောင်း၊ ပြည်နယ်ဝန်ကြီးများက စီးပွားရေးဆိုင်ရာထူးချွန်ဆု(တတိယအဆင့်)ရရှိသူများနှင့် လူမှုရေးဆိုင်ရာထူးချွန်ဆု(တတိယအဆင့်) ရရှိသူများကို လည်းကောင်း ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများကို ချီးမြှင့်ပေးအပ်ခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ထူးချွန်ဆုရရှိသူတစ်ဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။

ဆက်လက်၍ ပြည်နယ်ဥပဒေချုပ်နှင့် ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူးတို့က မှတ်တမ်းတင်ဂုဏ်ပြုမှတ်တမ်းလွှာရရှိသူများကို လည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ဆုရရှိသူများနှင့်အတူ အမှတ်တရ မှတ်တမ်းတင်ဓာတ်ပုံ စုပေါင်းရိုက်ကြသည်။

အဆိုပါ (၇၆)နှစ်မြောက် ကချင်ပြည်နယ်နေ့ အထိမ်းအမှတ် ဂုဏ်ထူးဆောင်လက်မှတ်၊ ဂုဏ်ထူးဆောင်ဆုပစ္စည်းများနှင့် မှတ်တမ်းတင်ဂုဏ်ပြုလွှာများကို ကချင်ပြည်နယ်အစိုးရအဖွဲ့က ပြည်နယ်တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံမှ စွမ်းစွမ်းတမံ ထူးချွန်စွာ ဆောင်ရွက်ခဲ့ကြသည့် လူပုဂ္ဂိုလ်အဖွဲ့အစည်းများအား ဥပဒေပါအတိုင်း စိစစ်ရွေးချယ်၍ စီမံခန့်ခွဲရေးဆိုင်ရာ ထူးချွန်ဆု(ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့်)ရရှိသူ စုစုပေါင်း ၁၃၅ ဦး၊ စီးပွားရေးဆိုင်ရာ ထူးချွန်ဆု(ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့်)ရရှိသူ စုစုပေါင်း ၂၉ ဦးတို့နှင့် လူမှုရေးဆိုင်ရာ ထူးချွန်ဆု(ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့်)ရရှိသူ စုစုပေါင်း ၁၅၃ ဦးနှင့် မှတ်တမ်းတင်ဂုဏ်ပြုမှတ်တမ်းလွှာရရှိသူ ၂၆၂ ဦး၊ အဆင့်မြင့်ပညာနှင့် အခြေခံပညာတို့မှ စာစီစာကုံးနှင့် ကဗျာဆုရ ၂၅ ဦး စုစုပေါင်း လူပုဂ္ဂိုလ်အဖွဲ့အစည်း ၆၀၄ ဦးတို့အား ဇန်နဝါရီ ၉ ရက်မှစတင်၍ ယနေ့အထိ သုံးရက်တာ အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူ ပြည်နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံပြခန်းငယ်အား ကြည့်ရှုစစ်ဆေးစဉ်။

**တက်ရောက်**

ထို့ပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒေါ်ဒွဲဘူသည် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်နန်ဆိုင်းနှင့်အတူ ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြည်နယ်/ခရိုင်/မြို့နယ် အဖွဲ့ဝင်များနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်သည်။

တွေ့ဆုံစဉ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က မိမိတို့ နိုင်ငံ၏ လူဦးရေ၏ ထက်ဝက်သည် အမျိုးသမီးများဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ သို့ရာတွင် မိမိတို့အမျိုးသမီးများ၏ စွမ်းဆောင်ရည်နှင့် စိတ်ဓာတ်မြင့်မားလာစေရေးကို လေ့ကျင့်ပျိုးထောင်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံရေးသည် မိမိတို့အမျိုးသမီးနှင့် မသက်ဆိုင်သည့်ကိစ္စဟု မမှတ်ယူပဲ စဉ်ဆက်မပြတ်လေ့လာပြီး ပိုမိုကောင်းမွန်သည့် နိုင်ငံတော်တည်ဆောက်ရေးတွင် ပါဝင်ကြရမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ပြည်နယ်အတွင်းရှိ အမျိုးသမီးများ ဘဝမြှင့်တင်ရေး၊ ဝင်ငွေတိုးပွားရေးနှင့် စွမ်းဆောင်ရည်မြင့်မားရေးအတွက် ယနေ့တက်ရောက်လာကြသည့် အဖွဲ့ဝင်များအနေဖြင့် လက်တွဲခေါ်ဆောင် နိုင်ရေး အကောင်အထည်ဖော် ဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ မိမိအနေဖြင့် အမျိုးသမီးတစ်ဦးဖြစ်သကဲ့သို့ မိမိတို့ကဲ့သို့ အနာဂတ်အမျိုးသမီးများ ဘဝမြင့်မားရေး၊ စိတ်ဓာတ်၊ စွမ်းရည်ပြည့်ဝပြီး အိမ်ထောင်တာဝန်ကျေပွန်သည့် မိခင်ကောင်းများ ပေါ်ထွန်းလာစေရေးကို စဉ်ဆက်မပြတ် လေ့ကျင့်ပျိုးထောင်ပေးသွားရမည်ဖြစ်ပါကြောင်း တိုက်တွန်းအားပေး ပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက က ကျေးဇူးတင်စကား ပြောကြားပြီး ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်လွင်လွင်မော်က ကချင်ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့၏ ပြည်နယ်အတွင်း လုပ်ငန်းဆောင်ရွက်ချက်များကို လည်းကောင်း၊ ပြည်နယ်မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ အဖွဲ့ဝင်က လုပ်ငန်းဆောင်ရွက်ချက်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

**ဂုဏ်ပြုပန်းစည်းပေးအပ်**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ပြည်နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့၏ လှုပ်ရှားမှုများကို စိတ်အားထက်သန်စွာ ပါဝင်ဆောင်ရွက်ခဲ့ခြင်းကြောင့် ပြည်နယ်အစိုးရအဖွဲ့က လူမှုထူးချွန်ဆုချီးမြှင့်ခဲ့ရသည့် ဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင် သုံးဦးတို့က ဂုဏ်ပြုပန်းစည်းပေးအပ်ချီးမြှင့်သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နာယက၊ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ တက်ရောက်လာကြသည့် အဖွဲ့ဝင်များနှင့်အတူ လှုပ်ရှားမှုမှတ်တမ်းဓာတ်ပုံပြခန်းငယ်အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြပြီး အမှတ်တရ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကူးခဲ့ကြကာ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့နှင့် မိခင်နှင့် ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ရုံးများ အကြီးစားပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

❍ ပခုက္ကူဈေးကွက်မှ
ကြက်သွန်နီတစ်ပိဿာကို အများဆုံး ငွေကျပ် ၂၃၀၀ ခန့်အထိရှိကြောင်း၊ ပြည်တွင်းဝယ်ယူစားသုံးမှုနှင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချနိုင်မှု အခြေအနေတို့ပေါ်မူတည်ပြီး ကြက်သွန်ဈေးအတက်အကျရှိကြောင်း ပခုက္ကူခရိုင်ကုန်စိမ်း လိုင်းခွဲကော်မတီဥက္ကဋ္ဌ ဦးသန်းဝင်းထံက သိရသည်။

မြန်မာ့ထွက်ကုန်ကြက်သွန်မှာ ပြည်တွင်းစားသုံးမှုဖူလုံရုံသာမက ပြည်ပနိုင်ငံများကိုလည်း တင်ပို့ရောင်းချနေရကြောင်း၊ ကြက်သွန်ကို မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးလုပ်ကိုင်ကြပြီး အညာဒေသကျေးရွာများရှိ သဲချောင်းနေရာများနှင့်မြစ်ကမ်းနံဘေးနေရာတို့တွင် ရေသွင်းစနစ်ဖြင့် အဓိကစိုက်ပျိုးကြကြောင်း သိရသည်။ **ဘာမီသာ(ပခုက္ကူ)**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်မန်းငြိမ်းမောင် (၈၆)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အလံတင်အခမ်းအနား၊ မြောင်းမြမြို့ မြစိမ်းရောင်တောင်တော်၌ ကရင်နှစ်သစ်ကူးနေ့တွင် ကျင်းပသည့် “ထူးချင်ဖူးစမ်းမြစိမ်းရောင်ပြခန်း” တက်ရောက်ဖွင့်လှစ်၍ (၈၆)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်တက်ရောက်

**ပုသိမ် ဇန်နဝါရီ ၁၁**

ကရင်သက္ကရာဇ် ၂၇၆၃ ခုနှစ် (၈၆)နှစ်မြောက် ကရင်အမျိုးသား နှစ်သစ်ကူးနေ့ အလံတင်အခမ်းအနားကို ယနေ့နံနက် ၅ နာရီ က ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့နယ် မြစိမ်းရောင် တောင်တော်ပေါ်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ အခမ်းအနားကို နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင် က ဖားစည်ကိုးချက်တီးကာ ဖွင့်လှစ်ပေးခဲ့ပြီး ကရင်တိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုအသင်း ဥက္ကဋ္ဌက ကရင်အလံတော်အား ကရင်အမျိုးသား သီချင်းဖြင့် လွှင့်ထူသည်။ ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ကရင်အမျိုးသား အလံတော်အား အလေးပြုခဲ့ကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် ပြခန်းအလှူရှင်များက ပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**နှုတ်ခွန်းဆက်စကားပြောကြား**

ဆက်လက်၍ နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ဧည့်ပရိသတ်များကို နှုတ်ခွန်းဆက်စကားပြောကြားပြီး ကရင်ဒုံးယိမ်းအကများဖြင့် ကပြဖျော်ဖြေသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်နှင့် တာဝန်ရှိသူများက ပြခန်းအတွင်း ခင်းကျင်းပြသထားမှုများကို ကြည့်ရှုလေ့လာစဉ်။

ယင်းနောက် မြစိမ်းရောင် တောင်တော်၌ ကျင်းပသည့် “ထူးချင်ဖူးစမ်း မြစိမ်းရောင် ပြခန်း” ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါတောင်တော်၌ကျင်းပရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် ဇနီး၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများနှင့် ဒေသခံ ကရင်တိုင်းရင်းသား တိုင်းရင်းသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ပြခန်းအား နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် သည် ဝန်ကြီးချုပ်၊ တိုင်းမှူး၊ ပြခန်း အလှူရှင်များနှင့်အတူ ပြခန်းများကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ကမ္ဗည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

**လှည့်လည်ကြည့်ရှု**

ယင်းနောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် သည် တာဝန်ရှိသူများနှင့်အတူ ကရင်ရိုးရာယဉ်ကျေးမှု ပြခန်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးသိပ္ပံ (မြောင်းမြ)ပြခန်း၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာနပြခန်း၊ ဝါးခယ်မ၊ အိမ်မဲ၊ မြောင်းမြမြို့နယ်ပြခန်း၊ မြောင်းမြခရိုင် ဆန်စက်လုပ်ငန်းရှင်များပြခန်း၊ မြစိမ်းရောင် တောင်တော်သို့ ဒေသခံများမှ လာရောက်လှူဒါန်း စုဆောင်းထားသော ကြေးထည်ပစ္စည်းများနှင့် အသုံးအဆောင်များ၊ ငွေထည်ပစ္စည်းများနှင့် အသုံးအဆောင်များ၊ ဘုရားစေတီများ၊ ငွေဖလားနှင့် အသုံးအဆောင်ပစ္စည်းများ၊ ရှေးဟောင်းဘုရားများနှင့် ရှေးဟောင်း ကျောက်များအား လှည့်လည်ကြည့်ရှုသည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် သည် တာဝန်ရှိသူများနှင့်အတူ ကရင်နှစ်သစ်ကူးနေ့ အထိမ်းအမှတ်အဖြစ် ဖွင့်လှစ်သည့် မြစိမ်းရောင် သာသနာ့နယ်မြေ ကွန်ကရစ် လမ်းသစ်များနှင့် ဂဝံလမ်းသစ် ဖွင့်ပွဲအခမ်းအနား တက်ရောက်၍ ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ကွန်ကရစ် လမ်းသစ်များနှင့် ဂဝံလမ်းသစ်အား လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ယနေ့ဖွင့်လှစ်သည့် လမ်းသည် ကွန်ကရစ်လမ်း ၁မိုင် ၄ ဒသမ ၁၇ ဖာလုံ၊ ကတ္တရာလမ်းအတိုင်းအတာအားဖြင့် ၃ ဒသမ ၅ ဖာလုံနှင့် ဂဝံလမ်း ၄ ဒသမ ၀၁ ဖာလုံ စုစုပေါင်း အတိုင်းအတာ ၂ မိုင် ၄ ဒသမ ၂၂ ဖာလုံအား နှစ်နှစ်တာကာလအတွင်း အလှူရှင်များက ထည့်ဝင်လှူဒါန်းပြီး ကိုယ်ထူကိုယ်ထ ဖောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ကရင်သက္ကရာဇ် ၂၇၆၃ ခုနှစ် (၈၆) နှစ်မြောက် ကရင်အမျိုးသား နှစ်သစ်ကူး ပွဲတော်ကို ယနေ့နံနက်ပိုင်းက ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ မြစိမ်းရောင်တောင်တော်၌ ကျင်းပရာ နိုင်ငံတော်စီမံ အုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင် မန်းငြိမ်းမောင်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးတင်မောင်ဝင်းနှင့် ဇနီး၊ အနောက်တောင်တိုင်းစစ် ဌာနချုပ် တိုင်းမှူးနှင့်ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ဇနီးများ၊ ဌာနဆိုင်ရာများ၊ ကရင်တိုင်းရင်းသား တိုင်းရင်းသူများတက်ရောက်ခဲ့ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ဖားစည်ကိုးချက်တီး၍ အခမ်းအနားကို ဖွင့်လှစ်ခဲ့ပြီး ကရင်ရိုးရာယဉ်ကျေးမှုဒိုးအဖွဲ့က ဂုဏ်ပြုကပြဖျော်ဖြေသည်။ ဆက်လက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော ကရင်အမျိုးသား နှစ်သစ်ကူးနေ့ သဝဏ်လွှာအား နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်က ဖတ်ကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က မိမိတို့တိုင်းဒေသကြီးအနေဖြင့် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီ၏ အမျိုးသားရေး ရည်မှန်းချက် နှစ်ရပ်ဖြစ်သည့် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးရေးစံပြတိုင်းဒေသကြီးဖြစ်စေရေး ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် တိုင်းဒေသကြီး၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများလည်း အောင်မြင်တိုးတက်စေရေး အားလုံးချစ်ကြည်ရင်းနှီးစွာ ပူးပေါင်း ဆောင်ရွက်ပေးကြစေလိုကြောင်း နှစ်သစ်နှုတ်ခွန်းဆက်စကားများပြောကြားပြီး အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးက ဆက်လက်၍ နှုတ်ခွန်းဆက်စကားများ ပြောကြားသည်။

**ဆုတောင်းမေတ္တာများပို့သ**

ဆက်လက်၍ ငုအိုင်ဆရာတော် ဘဒ္ဒန္တသေဋ္ဌိလနှင့် ကက်သလစ်သာသနာဘုန်းတော်ကြီး ဖာသာရ်ဝီးလ်ဖရက်မန်းမြင့်စိုး တို့က နှစ်သစ်နှုတ်ခွန်းဆက်စကားများ ပြောကြား၍ ဆုတောင်းမေတ္တာများ ပို့သခဲ့ပြီး တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးမှ ပေးပို့သော ကရင်အမျိုးသားနှစ်သစ်ကူးနေ့သဝဏ်လွှာအား ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ တိုင်းရင်းသားရေးရာ ဝန်ကြီးက ဖတ်ကြားကာ တိုင်းဒေသကြီး ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်းဥက္ကဋ္ဌက ကရင်နှစ်သစ်ကူးနေ့အကြောင်း သိကောင်းစရာများနှင့် ကျေးဇူးတင်စကားများ ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများသည် ကရင်တိုင်းရင်းသား လူငယ်များက ကရင်နှစ်သစ်ကူးသီချင်း ဂုဏ်ပြုသီဆိုမှုကို ကြည့်ရှုအားပေးခဲ့ပြီး ဖျော်ဖြေရေး အဖွဲ့များအတွက် ဂုဏ်ပြုငွေချီးမြှင့်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

---

## သမဝါယမ စာရင်းရေး စာရင်းကိုင် သက်မွေးပညာ သင်တန်းကျောင်း(မန္တလေး)မှ သင်တန်းသား သင်တန်းသူများ လေ့လာရေးခရီး သွားရောက်

**မန္တလေး ဇန်နဝါရီ ၁၁**

မန္တလေးတိုင်းဒေသကြီး သမဝါယမစာရင်းရေးစာရင်းကိုင်သက်မွေးပညာ သင်တန်းကျောင်း(မန္တလေး)မှ ကျောင်းအုပ်ကြီးနှင့် တာဝန်ရှိကြီးကြပ်သူများ၊ သင်တန်းသား သင်တန်းသူများ အပါအဝင် စုစုပေါင်း ၅၁ ဦးတို့သည် မန္တလေးမြို့ ၇၃ လမ်းနှင့် သိပ္ပံလမ်းထောင့်ရှိ Great Wall ကုမ္ပဏီသို့ သွားရောက်လေ့လာခဲ့သည်။

အဆိုပါ လေ့လာရေးခရီးစဉ်တွင် ကုမ္ပဏီမှ တာဝန်ရှိသူများက ကုမ္ပဏီ၏ ငွေစာရင်းပိုင်းဆိုင်ရာ အဝင်/အထွက် ထားရှိမှုများအား ငွေစာရင်းခါင်းစဉ်တစ်ခုချင်းစီအလိုက် စာရင်းရေးသွင်းနည်း များကို အသေးစိတ်ရှင်းလင်းပြောကြားခြင်း၊ ကုမ္ပဏီ၏ ရည်မှန်းချက်များ ပါဝင်သည့် လုပ်ငန်းစဉ်များ၊ လုပ်ငန်း၏ အကျိုးကျေးဇူးများကို Power Point ဖြင့် ရှင်းလင်းပြောကြားပြီး ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များနှင့် ရှေ့လုပ်ငန်းစဉ်များအား ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

ဤဆောင်းပါးတွင်ပါရှိသည့် အကြောင်းအရာများသည် ဆောင်းပါးရှင်၏ အာဘော်သာဖြစ်ပါသည်။

# အေးအတူပူအမျှအသိုက်အဝန်း အတူတည်ဆောက်၍ တရုတ် - မြန်မာဆက်ဆံရေး နက်ရှိုင်းစွာ ဖွံ့ဖြိုးတိုးတက်လာစေခြင်း

သံအမတ်ကြီး မစ္စတာချန်းဟိုင်

တရုတ်ကွန်မြူနစ်ပါတီ ဗဟိုကော်မတီ နိုင်ငံခြားရေးလုပ်ငန်းအစည်းအဝေးကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့မှ ၂၈ ရက်နေ့အထိ ပေကျင်းမြို့၌ကျင်းပခဲ့ရာ သမ္မတ ရှီကျင့်ဖျင်က အရေးပါမိန့်ခွန်း ပြောကြားခဲ့သည်။ သမ္မတ ရှီကျင့်ဖျင်က ခေတ်သစ် တရုတ်ဝိသေသဆောင်သော နိုင်ငံကြီး သံတမန်ဆက်ဆံရေး၏ သမိုင်းဝင်အောင်မြင်မှုနှင့် အဖိုးတန်အတွေ့အကြုံများကို စနစ်တကျခြုံငုံ၍ တရုတ်နိုင်ငံ၏ နိုင်ငံခြားရေးလုပ်ငန်းတွင် ရင်ဆိုင်ရသော နိုင်ငံတကာပတ်ဝန်းကျင်နှင့် ထမ်းဆောင်ရသည့် သမိုင်းပေးတာဝန်အကြောင်း လေးနက်စွာ ရှင်းလင်းပြောကြားကာ လက်ရှိနှင့် အနာဂတ်ကာလတွင် တရုတ်နိုင်ငံ၏ နိုင်ငံခြားရေးလုပ်ငန်းအတွက် ဘက်စုံနေရာချထားမှုများ လုပ်ဆောင်ခဲ့သည်။ မိမိသည် မြန်မာနိုင်ငံ နယ်ပယ်အသီးသီးမှ မိတ်ဆွေများကို အစည်းအဝေးအကြောင်းအရာ မိတ်ဆက်ပေးပြီး တရုတ် – မြန်မာ ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်ရန် အမြင်အချို့အား မျှဝေပေးလိုပါသည်။

## နိုင်ငံအသီးသီးနှင့်အတူလက်တွဲကာ စိန်ခေါ်မှုများ ရင်ဆိုင်၍ အတူတကွ စည်ပင်ဝပြောမှု အကောင်အထည်ဖော်

အစည်းအဝေးတွင် အေးအတူပူအမျှအသိုက်အဝန်းတည်ဆောက်မှုသည် ရှီကျင့်ဖျင် သံတမန်ဆက်ဆံရေး အတွေးအခေါ်၏ အဓိက အယူအဆဖြစ်ကြောင်း၊ ရေရှည်ငြိမ်းချမ်းသော၊ ယေဘုယျအားဖြင့် လုံခြုံသော၊ အတူတကွစည်ပင်ဝပြောသော၊ တံခါးဖွင့်၍ အားလုံးပါဝင်မှုရှိသော၊ သန့်ရှင်းသာယာလှပသော ကမ္ဘာကြီး တည်ဆောက်ခြင်းကို ကြိုးပမ်းမှုရည်မှန်းချက်အဖြစ်ထားရှိခြင်း၊ အတူတကွ ဆွေးနွေး၊ အတူတကွတည်ဆောက်၊ အတူတကွမျှဝေသည့် ကမ္ဘာလုံးဆိုင်ရာ စီမံအုပ်ချုပ်မှု တွန်းအားပေးခြင်းအား အကောင်အထည်ဖော်ဆောင်သည့် လမ်းကြောင်းအဖြစ် ထားရှိခြင်း၊ လူသားအားလုံး ဘုံတန်ဖိုးဖော်ဆောင်ခြင်းအား ယေဘုယျအားဖြင့် လိုက်နာခြင်း၊ နိုင်ငံတကာဆက်ဆံရေး ပုံစံအသစ်တည်ဆောက်ခြင်းကို အခြေခံကျားကန်မှုအဖြစ်ထားရှိခြင်း၊ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အစီအမံ၊ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ၊ ကမ္ဘာလုံးဆိုင်ရာ လူသားယဉ်ကျေးမှုအစီအမံ အကောင်အထည်ဖော်ဆောင်ခြင်းအား မဟာဗျူဟာမြောက် ဦးဆောင်မှုအဖြစ်ထားရှိခြင်း၊ “Belt and Road” အရည်အသွေးမြင့် အတူတကွတည်ဆောက်ခြင်းအား လက်တွေ့အကောင်အထည်ဖော်ဆောင်သည့် ပလက်ဖောင်းထားရှိခြင်းတို့ဖြင့် နိုင်ငံအသီးသီးနှင့်အတူလက်တွဲကာ စိန်ခေါ်မှုများ ရင်ဆိုင်၍ အတူတကွ စည်ပင်ဝပြောမှု အကောင်အထည်ဖော်ဆောင်ပြီး ကမ္ဘာကြီးက ငြိမ်းချမ်းသော၊ လုံခြုံသော၊ စည်ပင်ဝပြောသော၊ တိုးတက်သော ထွန်းပြောင်သည့်အနာဂတ်သို့ လျှောက်လှမ်းရန် တွန်းအားပေး ဖော်ဆောင်ရမည်ဖြစ်ကြောင်း ထောက်ပြပြောဆိုခဲ့သည်။

အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်ရန်အတွက် တရုတ်နိုင်ငံက တန်းတူညီမျှ၍ စနစ်ကျသည့် ဗဟုဝင်ရိုးကမ္ဘာနှင့် ကျယ်ကျယ်ပြန့်ပြန့်အကျိုးပြု၍ အားလုံးပါဝင်မှုရှိသည့် စီးပွားရေး ဂလိုဘယ်လိုက်ဇေးရှင်းကို အဆိုပြုခဲ့သည်။ တန်းတူညီမျှ၍ စနစ်ကျသည့် ဗဟုဝင်ရိုးကမ္ဘာသည် နိုင်ငံကြီး၊ ငယ်မရွေး အားလုံးတန်းတူ

> “ အေးအတူပူအမျှ အသိုက်အဝန်း တည်ဆောက်ရန်အတွက် တရုတ်နိုင်ငံက တန်းတူညီမျှ၍ စနစ်ကျသည့် ဗဟုဝင်ရိုးကမ္ဘာနှင့် ကျယ်ကျယ်ပြန့်ပြန့် အကျိုးပြု၍ အားလုံးပါဝင်မှုရှိသည့် စီးပွားရေး ဂလိုဘယ်လိုက်ဇေးရှင်းကို အဆိုပြုခဲ့သည်။ တန်းတူညီမျှ၍ စနစ်ကျသည့် ဗဟုဝင်ရိုးကမ္ဘာသည် နိုင်ငံကြီး၊ ငယ်မရွေး အားလုံးတန်းတူညီမျှဖြစ်ခြင်းကို လက်ကိုင်စွဲ၍ ဗိုလ်ကျစိုးမိုးမှုဝါဒနှင့် ပါဝါနိုင်ငံရေးကို ကန့်ကွက်ကာ နိုင်ငံတကာဆက်ဆံရေး ဒီမိုကရေစီဆန်ခြင်းကို လက်တွေ့ကျကျ ဖော်ဆောင်ခြင်းဖြစ် ”

> “ မိမိတို့သည် မြန်မာနိုင်ငံက မိမိနိုင်ငံအခြေအနေနှင့်ကိုက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်း လျှောက်လှမ်းခြင်းကို အားပေးပြီး မြန်မာနိုင်ငံမြောက်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား ထောက်ခံပံ့ပိုးပေးရန်အတွက် အပြုသဘောဆောင်သည့်အခန်းကဏ္ဍမှ ဆက်လက်ပါဝင်ကာ တရုတ်-မြန်မာနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းမှုကို အတူတကွ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်သည်။ မိမိတို့သည် ပြည်သူဗဟိုပြုသည့် ဖွံ့ဖြိုးတိုးတက်မှု အတွေးအခေါ်ကို အမြဲတစေ လက်ကိုင်စွဲ၍ တရုတ်-မြန်မာ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေကာ ဆက်သွယ်ရေးလိမ်လည်မှု စသည့်နယ်စပ်ဖြတ်ကျော် ပြစ်မှုကျူးလွန်မှုများကို အတူတိုက်ဖျက်ပြီး နှစ်နိုင်ငံပြည်သူများ အသက်အိုးအိမ် စည်းစိမ်ဥစ္စာဘေးကင်း လုံခြုံမှုကို ကာကွယ်စောင့်ရှောက်သွားမည် ”

ညီမျှဖြစ်ခြင်းကို လက်ကိုင်စွဲ၍ ဗိုလ်ကျစိုးမိုးမှုဝါဒနှင့် ပါဝါနိုင်ငံရေးကို ကန့်ကွက်ကာ နိုင်ငံတကာဆက်ဆံရေး ဒီမိုကရေစီဆန်ခြင်းကို လက်တွေ့ကျကျ ဖော်ဆောင်ခြင်းဖြစ်သည်။ ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း ရည်မှန်းချက်နှင့် အခြေခံမှုကို အတူတကွ လိုက်နာစောင့်ထိန်း၍ ယေဘုယျအားဖြင့် အသိအမှတ်ပြုသည့် နိုင်ငံတကာဆက်ဆံရေး အခြေခံမူစည်းမျဉ်းကို အတူတကွလက်ကိုင်စွဲကာ စစ်မှန်သော နိုင်ငံစုံပူးပေါင်းဆောင်ရွက်မှုဝါဒ (Multilateralism) ကို လက်တွေ့ အကောင်အထည်ဖော်ဆောင်ရမည် ဖြစ်သည်။

## အားလုံးပါဝင်မှုရှိသည့် စီးပွားရေးဂလိုဘယ်လိုက်ဇေးရှင်း

ကျယ်ကျယ်ပြန့်ပြန့် အကျိုးပြု၍ အားလုံးပါဝင်မှုရှိသည့် စီးပွားရေး ဂလိုဘယ်လိုက်ဇေးရှင်းဆိုသည်မှာ နိုင်ငံအသီးသီး အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများ၏ ယေဘုယျတောင်းဆိုချက်များအရ တစ်ကမ္ဘာလုံးတွင် အရင်းအမြစ်ခွဲဝေမှုကြောင့် ဖြစ်ပေါ်လာသည့် နိုင်ငံများအကြားနှင့် နိုင်ငံများအတွင်းပိုင်း ဖွံ့ဖြိုးတိုးတက်မှု မညီမျှသည့်ပြဿနာကို ကောင်းမွန်စွာ ဖြေရှင်းခြင်းပင်ဖြစ်သည်။ ဂလိုဘယ်လိုက်ဇေးရှင်းအား ဆန့်ကျင်မှု(Deglobalization)၊ လုံခြုံရေး အယူအဆများကို အလွဲသုံးစားလုပ်ခြင်း (abuse the concept of security) တို့အား ပြတ်ပြတ်သားသားဆန့်ကျင်၍ တစ်ကိုယ်တော်ဝါဒ (unilateralism)၊ ကိုယ်ကျိုးစီးပွားကာကွယ်ရေးဝါဒ (protectionism) ပုံစံမျိုးစုံကို ကန့်ကွက်ရမည်။ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုလွတ်လပ်ခြင်း၊ အဆင်ပြေလွယ်ကူခြင်းတို့ကို ခိုင်မာစွာ မြှင့်တင်၍ ကမ္ဘာ့စီးပွားရေး ကောင်းမွန်စွာဖွံ့ဖြိုးတိုးတက်မှုအား အတားအဆီးဖြစ်စေသည့် ဖွဲ့စည်းပုံဆိုင်ရာအခက်အခဲများကို ဖြေရှင်းခြင်းဖြင့် စီးပွားရေးဂလိုဘယ်လိုက်ဇေးရှင်းကို ပိုမိုတံခါးဖွင့်သော၊ အားလုံးပါဝင်မှုရှိသော၊ ကျယ်ကျယ်ပြန့်ပြန့် အကျိုးပြုသော၊ ညီမျှသောလားရာသို့ ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ဆောင်ရမည်။

တရုတ် – မြန်မာ နှစ်နိုင်ငံသည် တောတောင်ရေမြေချင်း ဆက်စပ်လျက်ရှိပြီး ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရေးသံယောဇဉ် နက်ရှိုင်းသည်။ သမ္မတ ရှီကျင့်ဖျင်သည် ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံသို့ သမိုင်းဝင်ခရီးစဉ်လာရောက်ခဲ့ပြီး နှစ်ဦးနှစ်ဖက်က တရုတ်–မြန်မာ အေးအတူပူအမျှအသိုက်အဝန်း တည်ဆောက်ရန် သဘောတူညီခဲ့သည်။ ယခုနှစ်သည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီးငါးရပ်ကို တရုတ်၊ မြန်မာ၊ အိန္ဒိယက အတူတကွအဆိုပြုသည့် နှစ် ၇၀ ပြည့်ဖြစ်သည်။ မိမိတို့သည် ဗဟိုကော်မတီ နိုင်ငံခြားရေးလုပ်ငန်း အစည်းအဝေးစိတ်ဓာတ်ကို ကျင့်သုံး၍ တရုတ် – မြန်မာ ချစ်ကြည်ရင်းနှီးစွာ ကူးလူးဆက်ဆံသည့် ဉာဏ်ပညာနှင့် အတွေ့အကြုံများကို လက်ဆင့်ကမ်းပြန့်ပွားစေပြီး ချစ်ခင်ရင်းနှီးခြင်း၊ ရိုးသားစွာ ဆက်ဆံခြင်း၊ အပြန်အလှန် အကျိုးဖြစ်ထွန်းခြင်း၊ အားလုံးပါဝင်ခြင်းဟူသည့် အိမ်နီးချင်းနိုင်ငံများနှင့် သံတမန်ဆက်ဆံရေးအယူအဆကို လက်တွေ့ဖော်ဆောင်သွားမည်ဖြစ်သည်။ မိမိတို့သည် မြန်မာနိုင်ငံနှင့်အတူ သမ္မတ ရှီကျင့်ဖျင်၏ မြန်မာနိုင်ငံခရီးစဉ်ရလဒ်များကို ဆက်လက်ဖော်ဆောင်၍ နိုင်ငံရေးရာစီမံခန့်ခွဲမှု အတွေ့အကြုံများ ကူးလူးဖလှယ်ခြင်းကို မြှင့်တင်သွားမည်ဖြစ်သည်။ ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအစီအမံ၊ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးအစီအမံ၊ ကမ္ဘာလုံးဆိုင်ရာ လူသားယဉ်ကျေးမှုအစီအမံတို့ကို ချိတ်ဆက်အကောင်အထည်ဖော်ဆောင်၍ တရုတ် – မြန်မာ အေးအတူပူအမျှ အသိုက်အဝန်းကို တည်ဆောက်မှု လက်တွေ့ကျနက်ရှိုင်းလာစေရန် တွန်းအားပေးသွားမည်ဖြစ်သည်။ မိမိတို့သည် မြန်မာနိုင်ငံနှင့်အတူ “Belt and Road” နှင့် တရုတ် – မြန်မာစီးပွားရေးစင်္ကြံကို အရည်အသွေးမြင့် အတူတည်ဆောက်ပြီး ပိုမိုများပြားသည့် လက်တွေ့ကျ ပူးပေါင်းဆောင်ရွက်မှုရလဒ်များဖြင့် နှစ်နိုင်ငံပြည်သူများကို ပိုမိုအကျိုးပြုသွားလိုသည်။ မိမိတို့သည် မြန်မာနိုင်ငံက မိမိနိုင်ငံအခြေအနေနှင့်ကိုက်ညီသည့် ဖွံ့ဖြိုးတိုးတက်မှုလမ်းကြောင်း လျှောက်လှမ်းခြင်းကို အားပေးပြီး မြန်မာနိုင်ငံမြောက်ပိုင်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အား ထောက်ခံပံ့ပိုးပေးရန်အတွက် အပြုသဘောဆောင်သည့် အခန်းကဏ္ဍမှ ဆက်လက်ပါဝင်ကာ တရုတ်–မြန်မာနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းမှုကို အတူတကွ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်သည်။ မိမိတို့သည် ပြည်သူဗဟိုပြုသည့် ဖွံ့ဖြိုးတိုးတက်မှု အတွေးအခေါ်ကို အမြဲတစေ လက်ကိုင်စွဲ၍ တရုတ်–မြန်မာ တရားဥပဒေစိုးမိုးရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစေကာ ဆက်သွယ်ရေးလိမ်လည်မှု စသည့်နယ်စပ်ဖြတ်ကျော် ပြစ်မှုကျူးလွန်မှုများကို အတူတိုက်ဖျက်ပြီး နှစ်နိုင်ငံပြည်သူများ အသက်အိုးအိမ် စည်းစိမ်ဥစ္စာဘေးကင်းလုံခြုံမှုကို ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်သည်။ မိမိတို့သည် မြန်မာနိုင်ငံနှင့်အတူ လန်ချန်း–မဲခေါင်နှင့် တရုတ်–အာဆီယံ စသည့် ဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများကို နက်ရှိုင်းစေကာ သာယာလှပသောအိမ်ရာကြီး အတူတည်ဆောက်သွားလိုပါသည်။

နှစ်သစ်အစကာလတွင် မြန်မာနိုင်ငံပြည်သူများ ငြိမ်းချမ်းမှု၊ စည်ပင်ဝပြောမှုနှင့် သာယာချမ်းမြေ့မှုများ ရရှိပိုင်ဆိုင်နိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းပေးလိုက်ပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင် မြစ်ကြီးနားမြို့ စိုက်ပျိုးရေး၊ မွေးမြူရေးသိပ္ပံကျောင်း၌ ကျောင်းအုပ်ကြီး၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ၊ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေး



မြစ်ကြီးနား ဇန်နဝါရီ ၁၁

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ယမန်နေ့ ညနေပိုင်းက မြစ်ကြီးနားမြို့ စိုက်ပျိုးရေး၊ မွေးမြူရေးသိပ္ပံကျောင်း ရောမြစ်ဆုံခန်းမ၌ ပြည်နယ်သယံဇာတရေးရာဝန်ကြီး ဦးတိန့်ဆောင်၊ ဝန်ကြီးဌာနအောက်ရှိပြည်နယ်ဦးစီးမှူးများ၊ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံသည်။

## ရှင်းလင်းတင်ပြ

တွေ့ဆုံစဉ် ကျောင်းအုပ်ကြီးက ကျောင်းဆိုင်ရာကိစ္စရပ်များနှင့် ဆရာ ဆရာမများ၊ ဝန်ထမ်းများ၏ အခက်အခဲ၊ လိုအပ်ချက်များကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။


ယင်းနောက် ပြည်ထောင်စုဝန်ကြီးက ကျောင်းသား ကျောင်းသူများအား ပညာသင်ကြားသည့်အခါတွင် ဘဝအတွက်အကျိုးရှိအောင် ပညာကို စိတ်ဝင်တစား အလေးထား သင်ကြားကြရန် လိုကြောင်း၊ သို့မှသာ အောင်မြင်သည့် လူငယ်လူရွယ်များဖြစ်လာမည် ဖြစ်ပါကြောင်း၊ ထို့အပြင် ကျောင်းသား ကျောင်းသူများအတွက် နိုင်ငံတော်မှ လစဉ် ကျပ် ၃၀၀၀၀ ထောက်ပံ့ပေးနေပါကြောင်း၊ လိုအပ်သည့် ကျောင်းစရိတ်ကို မိဘများက ထောက်ပံ့ပေးနေသည့်အတွက် မိမိတို့ မိဘများကို ကိုယ်ချင်းစာပြီး အလေးအနက်ထား ကြိုးစားကြရမည်ဖြစ်ကြောင်း၊ ပညာရပ်များကို ကျွမ်းကျင်အောင် လေ့လာသင်ယူပြီး ပညာရှင်များဖြစ်လာပါက အများပြည်သူကြားတွင် လေးစားစွာဆက်ဆံခံရမည်ဖြစ်ကြောင်း၊ ကျန်းမာရေးကို ဂရုစိုက်နေထိုင်ကြရေး၊ ယုံကြည်ရာဘာသာတရားအဆုံးအမကို အလေးထားလိုက်နာပြီး မိမိနိုင်ငံ၊ မိမိရပ်/ရွာကို အကျိုးပြုသည့် သား သမီးကောင်းများဖြစ်လာရန် ကြိုးစားရမည်ကြောင်း မှာကြားသည်။

## မှာကြား

ထို့အပြင် ဆရာ ဆရာမများအနေဖြင့် ပညာရပ်များကို ဆက်လက်ဆည်းပူးကြရေး၊ ကျွမ်းကျင်သည့် ပညာရှင်တပည့်များ မွေးထုတ်ပေးကြရေး၊ မိမိတို့၏ အဓိကဘာသာရပ်ကို ကျွမ်းကျင်မှုရှိရန် လိုအပ်သကဲ့သို့ အရန်ဘာသာရပ်များကိုလည်း စဉ်ဆက်မပြတ် လေ့လာကြရေး၊ ကျောင်းသား ကျောင်းသူများ ယုံကြည်အားကိုးသည့်အတိုင်း ထိုက်တန်သော အရည်အချင်းပြည့်မီအောင် ကြိုးစားကြရေး၊ ဝတ်စားဆင်ယင်နေထိုင် ပြောဆိုမှုနှင့် ကိုယ်ကျင့်တရား ကောင်းမွန်အောင် နေထိုင်ကြရေး၊ မိမိတပည့် ကျောင်းသား ကျောင်းသူများကို သားသမီးလို သဘောထားပြီး အခက်အခဲများကို ကူညီဖြေရှင်းပေးကြရေးတို့ကို မှာကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း မြစ်ကြီးနားမြို့ ဆမားဒူဝါဆင်ဝါးနော်ခန်းမ၌ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူလူထုအား ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံခြင်း အစီအစဉ်ကို ကြည့်ရှုအားပေး



နေပြည်တော် ဇန်နဝါရီ ၁၁

ကျန်းမာရေးဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်းသည် ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲများကြောင့် ရောဂါကူးစက်မှုကာကွယ်နိုင်ရန် ရည်ရွယ်၍ ပြည်သူလူထုအား ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးများကို ထပ်ဆောင်းထိုးနှံပေးလျက်ရှိရာ ယနေ့နံနက် ၈ နာရီတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ကချင်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးတို့ လိုက်ပါ၍ မြစ်ကြီးနားမြို့ ဆမားဒူဝါဆင်ဝါးနော် ခန်းမ၌ မြစ်ကြီးနားမြို့ရှိ နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူလူထုကို ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံပေးခြင်း အစီအစဉ်ကို သွားရောက်ကြည့်ရှုအားပေးသည်။

ဦးစွာ ဆမားဒူဝါဆင်ဝါးနော်ခန်းမတွင် ပြည်ထောင်စုဝန်ကြီးသည် ကချင်ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး၊ ပြည်နယ်လူမှုရေးရာဝန်ကြီး၊ အတွင်းရေးမှူးတို့နှင့်အတူ မြစ်ကြီးနားမြို့ရှိ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ နိုင်ငံ့ဝန်ထမ်း ၁၅၂ ဦး၊ ကိုယ်ဝန်ဆောင်မိခင် ၃၀ တို့အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနေမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ကိုဗစ်-၁၉ ရောဂါ ကူးစက်နိုင်ခြေများသည့် ကျန်းမာရေးဝန်ထမ်းများ၊ အသက်(၆၅)နှစ်အထက်ရှိသူများ၊ အသက်(၁၈)နှစ်နှင့်အထက် နာတာရှည်ရောဂါရှိသူများနှင့် ကိုယ်ခံအားကျဆင်းသည့် ရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များကို ဦးတည်အုပ်စုများအဖြစ် သတ်မှတ်၍ ဦးစားပေးအစီအစဉ်အလိုက် ကိုဗစ်-၁၉ ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံရန်အတွက် အသေးစိတ်မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောင်းကုန်းမြို့နယ်၊ ပန်းတနော်မြို့နယ်နှင့် ကန်ကြီးထောင့်မြို့နယ်တို့တွင် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

**ကျောင်းကုန်း ဇန်နဝါရီ ၁၁**

ကျန်းမာရေး ဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းနှင့်အဖွဲ့သည် ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ်၊ ပန်းတနော်မြို့နယ်နှင့် ကန်ကြီးထောင့် မြို့နယ်တို့တွင် ယမန်နေ့က ပြည်သူ့ကျန်းမာရေး လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေး၍ ကြီးကြပ်လမ်းညွှန်မှုပေးခြင်းများ ဆောင်ရွက်သည်။



ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျောင်းကုန်းမြို့နယ် ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံရှိ ဒေါ်သန်းတင်ခန်းမ၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများနှင့်တွေ့ဆုံကာ ပြည်သူ့ကျန်းမာရေး လုပ်ငန်းများအားဖြည့် ဆောင်ရွက်ခြင်းလုပ်ငန်းစဉ်များကို ရှင်းလင်းညွှန်ကြားမှုပေးပြီး ကျောင်းကုန်းမြို့နယ် လက်ပန်ချောင်ကျေးလက်ကျန်းမာရေးဌာနခွဲ တည်ဆောက်ရေးလုပ်ငန်းသို့ ကွင်းဆင်းကြီးကြပ်သည်။

အလားတူ ပန်းတနော်မြို့နယ် ရေပေါ် ကျေးလက်ကျန်းမာရေးဌာန ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ ကျောင်းတော် ကျေးလက်ကျန်းမာရေးဌာနခွဲ ဆောက်လုပ်နေမှုတို့ကို ကွင်းဆင်းစစ်ဆေးပြီး ကန်ကြီးထောင့်မြို့နယ်အတွင်းရှိ ဒါးက ကျေးလက်ကျန်းမာရေးဌာန ပြည်သူ့ကျန်းမာရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကွင်းဆင်းကြီးကြပ်လမ်းညွှန်ခဲ့ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**



ဧရာဝတီတိုင်းဒေသကြီး ဂေါ်ရန်ဂျီကျွန်း

☆ **ရွှေဖုံးမှ**

၂၀၂၃ ခုနှစ်ကုန်ပိုင်းမှစ၍ ပြည်တွင်း ခရီးသွားလာမှု ပြန်လည်များပြားလာခဲ့ပြီးနောက် ၂၀၂၄ ခုနှစ် ဇန်နဝါရီလပိုင်းတွင်လည်း ခရီးသွားလာမှုကျဆင်းသွားခြင်းမျိုးမရှိခြင်းကြောင့် ခရီးသွားလုပ်ငန်း တိုးတက်လာနိုင်ကြောင်း ၎င်းက ပြောသည်။

"အခုလောလောဆယ် ပုဂံတို့ ဆိုရင်လည်း ခရီးသည်တွေ ထိုက်သင့်သလောက် ပြန်ရတာမျိုးတွေရှိတယ်။ ဒီဇင်ဘာလ ပိတ်ရက်တွေကတည်းက အသွားများနေတာ အခုလည်း အသွားများနေသေးတယ်။ နိုင်ငံရေးတည်ငြိမ်မှုရှိရင်ရှိသလောက် ခရီးသွားလုပ်ငန်းက တိုးတက်လာမှာပါ။ တည်ငြိမ်နေရင် ခရီးသွားလုပ်ငန်းက နှစ်လပိုင်း၊ သုံးလပိုင်း၊ လေးလပိုင်းလောက်အထိ ကောင်းသွားဖို့ရှိတယ်" ဟု ဦးနောင်နောင်ဟန်က ပြောသည်။

ယခုကာလတွင် ခရီးသွားအများစုမှာ ပုဂံ၊ ချောင်းသာ၊ ငွေဆောင်၊ ကလော၊ အင်းလေး၊ ပြင်ဦးလွင် စသည်နေရာများသို့ သွားလာမှုများပြားခဲ့ကာ ဇန်နဝါရီလ အစပိုင်းကာလတွင် ပြည်ပခရီးသွားဝင်ရောက်မှုအနေဖြင့် ပိုမိုများပြားနေကြောင်း ၎င်းက ဆက်လက်ပြောသည်။

"ပြည်ပ ခရီးသွားဝင်ရောက်မှုအနေနဲ့ဆိုရင် ရုရှား၊ ထိုင်း၊ တရုတ်နိုင်ငံတွေ ခရီးသွားဝင်ရောက်မှုတွေ ပိုပြီးများလာတာကို တွေ့ရပါတယ်"ဟု ဦးနောင်နောင်ဟန်က ပြောသည်။ **MT**

# သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းများမှ လေ့လာရေးခရီးလာရောက်သည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံ

နေပြည်တော် ဇန်နဝါရီ ၁၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာန သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း (မကွေး၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်၊ ပုသိမ်) မှ လေ့လာရေးခရီးလာရောက်ကြသည့် ကျောင်းသား ကျောင်းသူများအား တွေ့ဆုံပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ရုံးအမှတ် (၁၆)၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ဒုတိယဝန်ကြီးဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ သက်မွေးပညာသင်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ကြီးကြပ်သူဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ ၁၅၃ ဦး တက်ရောက်ကြသည်။




## ထိရောက်စွာပြန်လည်အသုံးချ

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယခုကဲ့သို့ လေ့လာရေးခရီးစဉ်ကို စီစဉ်ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်မှာ သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများအား နေပြည်တော်သို့ ဖိတ်ခေါ်ပြီး နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုများကို မျက်ဝါးထင်ထင် လေ့လာတွေ့ရှိကာ လေ့လာရေးခရီးစဉ်မှ ရရှိသော အတွေ့အကြုံကောင်းများကို မိမိတို့ဒေသတွင် လူမှုစီးပွားဘဝမြင့်မားရေးနှင့် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ထိရောက်စွာ ပြန်လည်အသုံးချနိုင်စေရန်နှင့် သင်တန်းတွင်သတ်မှတ် အရည်အချင်းပြည့်မီသူများကို စိစစ်ရွေးချယ်ပြီး သမဝါယမနှင့်စီမံခန့်ခွဲမှုပညာ တက္ကသိုလ်/ကောလိပ်များသို့ ပေါင်းကူးတက်ရောက်ခွင့်ရရှိနိုင်မည် ဖြစ်သည့်အတွက် သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်းနှင့်သန်လျင်)သို့ သွားရောက်လေ့လာခြင်းဖြင့် တက္ကသိုလ်များသို့ တက်ရောက်ခွင့်ရရှိရေး ကြိုးစားချင်စိတ်ဖြစ်ပေါ်လာအောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း။

သမဝါယမဦးစီးဌာနအနေဖြင့်လည်း သင်တန်းပြီးဆုံးပါက တစ်ပါတည်း အလုပ်အကိုင်အခွင့်အလမ်းရရှိစေရေးအတွက် စီးပွားရေးအဖွဲ့အစည်းများနှင့် သမဝါယမအသင်းများ၊ ဘဏ်များကို ဖိတ်ခေါ်၍ မိတ်ဆက်ပွဲအခမ်းအနားများ ပြုလုပ်ရန်အတွက် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သင်တန်းကာလနှစ်နှစ်အတွင်း ကျောင်းသား ကျောင်းသူများအတွက် စားသောက်စရိတ်၊ တူညီဝတ်စုံများအပြင် စာရေးကိရိယာများ၊ အိပ်ရာ၊ ခုတင်၊ ခြင်ထောင်စသည်များကို အခက်အခဲမရှိအောင် အခမဲ့အသုံးပြုနိုင်ရေးအတွက် နိုင်ငံတော်နှင့်ဝန်ကြီးဌာနက စီစဉ်ပေးထားကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် စာကိုကြိုးစားသင်ယူပြီး မိမိအတွက်၊ မိသားစုအတွက်၊ နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့် လူချွန်လူကောင်းများဖြစ်အောင် ကြိုးစားဆောင်ရွက်စေလိုကြောင်း ပြောကြားသည်။

အဆိုပါတွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက သင်တန်းကျောင်းများအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး ကျောင်းသား ကျောင်းသူများကိုယ်စား ကျောင်းသားတစ်ဦးက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများရိုက်ကြပြီး လေ့လာရေး ကျောင်းသား ကျောင်းသူများက တိုင်းရင်းသားရိုးရာအကပဒေသာဖြင့် ဖျော်ဖြေပြီး ဂုဏ်ပြုညစာ အတူသုံးဆောင်ခဲ့ကြသည်။

လေ့လာရေးကျောင်းသား ကျောင်းသူများသည် ယနေ့နံနက်ပိုင်းတွင် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြပြီး အလှူငွေများပေးအပ်လှူဒါန်းသည်။ ထို့နောက် မော်ကွန်းပြတိုက်ကို လေ့လာကြရာ ပြခန်းတာဝန်ရှိသူတစ်ဦးက ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ဖြစ်ပေါ်လာရေးအတွက် ဆောင်ရွက်ခဲ့သည့် မှတ်တမ်းများနှင့် တည်ထားကိုးကွယ်ထားရခြင်း၏သမိုင်းကြောင်းကို Projector ဖြင့် ရှင်းလင်းပြသသည်။

ထို့နောက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား (MRTV)သို့ သွားရောက်၍ သတင်းရိုက်ကူးတည်းဖြတ်ထုတ်လွှင့်ပုံအဆင့်ဆင့်၊ တိုင်းရင်းသားရုပ်သံလိုင်း (NRC) ထုတ်လွှင့်နေမှုများ၊ စိန်ရတုပြတိုက်နှင့် ရေဒီယိုထုတ်လွှင့်ရေး အစီအစဉ်များကို လေ့လာကြပြီး လေ့လာရေးအဖွဲ့များ၏ ရိုးရာအကများကို မှတ်တမ်းတင်ရိုက်ကူးကြသည်။

ဆက်လက်၍ တပ်မတော်စစ်သမိုင်းပြတိုက်သို့ ရောက်ရှိကြပြီး ပြတိုက်အတွင်းလေ့လာရာ တာဝန်ရှိသူများက မြန်မာ့လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းနှင့်အတူ ယှဉ်တွဲပေါက်ဖွားလာသည့် တပ်မတော်သမိုင်းကို Video Projector ဖြင့် ပြသပေးခဲ့ပြီး ပြတိုက်အတွင်းရှိ ခင်းကျင်းပြသထားသော ပြည်တွင်းငြိမ်းချမ်းရေးဆောင်ရွက်ချက် မှတ်တမ်းဓာတ်ပုံများ၊ တပ်မတော် စစ်ဆင်ရေးမှတ်တမ်းများ၊ ဗမာ့ကာကွယ်ရေးတပ်မတော်သုံးပစ္စည်းများနှင့် လက်နက်များ၊ တပ်မတော်(ကြည်း၊ ရေ၊ လေ) ပြခန်းများသို့ ကြည့်ရှုလေ့လာကြသည်။ ထို့ပြင် အမျိုးသားပြတိုက်ရှိ ရှေးဟောင်းရုပ်ကြွင်း၊ ပန်းချီ၊ မြို့ဟောင်းပုံစံငယ်များ၊ ပလ္လင်နှင့် နန်းသုံးပစ္စည်းများ၊ လက်မှုအနုပညာများ၊ အာဆီယံပြခန်းနှင့် ကလေးသူငယ်ပညာပေးရေးအစီအစဉ်များကို သွားရောက်လေ့လာကြပြီး ညပိုင်းတွင် ရေပန်းဥယျာဉ်သို့ သွားရောက်၍ အပန်းဖြေလေ့လာကြည့်ရှုကြသည်။

လေ့လာရေးခရီးစဉ်အတွင်း ယမန်နေ့နံနက်ပိုင်း၌ သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ် (စစ်ကိုင်း)သို့ သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း (မကွေး)၊ သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(မန္တလေး)နှင့် သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း (တောင်ကြီး)တို့မှ ကျောင်းသား ကျောင်းသူ ၁၁၁ ဦးတို့က သွားရောက်လေ့လာခဲ့ကြပြီး တက္ကသိုလ်မှ ကျောင်းသား ကျောင်းသူများနှင့် လေ့လာရေးခရီးစဉ်မှ ကျောင်းသား ကျောင်းသူများက တေးသရုပ်ဖော်များဖြင့် ဖျော်ဖြေတင်ဆက်ပြီး တက္ကသိုလ်ဝင်းအတွင်း လှည့်လည်ကြည့်ရှုခဲ့ကြသည်။

ထို့ပြင် ယမန်နေ့ နံနက်ပိုင်းတွင် သမဝါယမနှင့် စီမံခန့်ခွဲမှုပညာတက္ကသိုလ်(သန်လျင်) သို့လည်း သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း(မော်လမြိုင်) နှင့် သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း (ပုသိမ်)မှ ကျောင်းသား ကျောင်းသူ ၄၂ ဦးတို့က သွားရောက်လေ့လာခဲ့ကြသည်။

သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်း (မကွေး၊ မန္တလေး၊ တောင်ကြီး၊ မော်လမြိုင်၊ ပုသိမ်) သင်တန်းကျောင်းများအနေဖြင့် လက်မှတ်ရစီးပွားရေးစာရင်းကိုင်ပညာ နှစ်နှစ်သင်တန်းများကို ၂၀၂၂ ခုနှစ် ဇွန်လတွင် ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး အဆိုပါသင်တန်းကျောင်းများသို့ အခြေခံပညာအဌမတန်း(စနစ်ဟောင်း)/Grade 10 (စနစ်သစ်) အောင်မြင်ပြီးသူများ တက်ရောက်နိုင်ပြီး ထူးချွန်သူများအနေဖြင့် သမဝါယမကောလိပ်များသို့ ပေါင်းကူးတက်ရောက်ခွင့်ရရှိမည်ဖြစ်သည်။ သင်တန်းပထမနှစ်တွင် Business Accounting (စာရင်းရေးစာရင်းကိုင်ပညာ)၊ Fundamentals of ICT၊ သမဝါယမပညာ၊ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ ဘာသာရပ်များနှင့် ဒုတိယနှစ်တွင် Cost Accounting၊ Financial Accounting၊ Computerized Accounting၊ Business Organization and Management၊ သမဝါယမစာရင်းကိုင်ပညာနှင့် စာရင်းစစ်ဆေးခြင်း၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဘောဂဗေဒ ဘာသာရပ်များကို သင်ကြားပို့ချပေးလျက်ရှိသည်။ သင်တန်းဒုတိယနှစ် အောင်မြင်ပြီးသူများမှ ဘာသာစုံအောင်မှတ်ရရှိပြီး အထူးပြုဘာသာရပ်များတွင် ဂုဏ်ထူးမှတ်ရရှိသူများနှင့် သင်္ချာဘာသာ ဂုဏ်ထူးမှတ်ရရှိသူများသည် သမဝါယမကောလိပ်များသို့ ပေါင်းကူးတက်ရောက်၍ ပညာဆက်လက်သင်ယူနိုင်ခွင့်ရရှိမည်ဖြစ်ပြီး သင်တန်းကာလနှစ်နှစ် အောင်မြင်ပြီးပါက Certificate in Business Accounting လက်မှတ်ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# သမဝါယမသင်တန်းကျောင်း ငါးကျောင်းမှ လေ့လာရေးအဖွဲ့ဝင် ကျောင်းသား ကျောင်းသူများအား ကြိုဆိုနှုတ်ဆက်

နေပြည်တော် ဇန်နဝါရီ ၁၁

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနသည် သမဝါယမစာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းများကို မကွေး၊ မန္တလေး၊ မော်လမြိုင်၊ တောင်ကြီးနှင့် ပုသိမ်မြို့များတွင် ဖွင့်လှစ်၍ သမဝါယမနှင့် စာရင်းရေးစာရင်းကိုင် ပညာရပ်များ သင်ကြားပို့ချပေးလျက်ရှိရာ ၎င်းကျောင်းများတွင် တက်ရောက်သင်ယူနေကြသော ကျောင်းသား ကျောင်းသူများအနေဖြင့် အချင်းချင်း ခင်မင်ရင်းနှီးမှုရရှိစေရန်၊ စာတွေ့လက်တွေ့လုပ်ငန်းများအပြင် ဒေသန္တရဗဟုသုတများ ရရှိစေရန်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်များ ရှင်သန်ထက်မြက်လာစေရန် ရည်ရွယ်လျက် နေပြည်တော်နှင့်ပတ်ဝန်းကျင် လေ့လာရေးခရီးစဉ်များ စီစဉ်ဆောင်ရွက်ပေးခဲ့သည်။

ယင်းအစီအစဉ်အရ သင်တန်းကျောင်းအသီးသီးမှ ကျောင်းအုပ်ကြီးများ၊ ကြီးကြပ်သူဆရာ ဆရာမများနှင့် ပထမနှစ်ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၁၆၉ ဦးတို့သည် ယမန်နေ့ ညနေပိုင်းက ရွှာတော်တည်းခိုရေးနှင့် စစ်ကြောရေးစခန်းသို့ ရောက်ရှိလာရာ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုး၊ အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်နှင့် တာဝန်ရှိသူများက ကြိုဆို၍ စနစ်တကျနေရာချထားပေးသည်။

## ရှင်းလင်းပြောကြား

ယင်းနောက် ဒုတိယဝန်ကြီးသည် ဆင်ဖြူရှင်ခန်းမတွင် ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ၍ လေ့လာရေးခရီးစဉ် စီစဉ်ဆောင်ရွက်ပေးရသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားပြီး ခရီးစဉ်အတွေ့အကြုံများကို မိမိတို့ဒေသတွင် ပြန်လည်မျှဝေရန်၊ သင်တန်းပြီးဆုံးပါက တက္ကသိုလ်၊ ကောလိပ်များသို့ ပေါင်းကူးတက်ရောက်ခွင့်ရရှိရေး ကြိုးစားသင်ယူကြရန်၊ နိုင်ငံတော်က အားထားရသော စာရင်းအင်းနှင့် စီးပွားရေးအတတ်ပညာရှင်များဖြစ်လာအောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး စားရိပ်သာတွင် ကျောင်းအုပ်ကြီးများ၊ ကြီးကြပ်သူဆရာ ဆရာမများ၊ သင်တန်းသားများနှင့်အတူ ညစာသုံးဆောင်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



**တစ်လှေတည်းစီး တစ်ခရီးတည်းသွား ပြည်ထောင်စုသား သွေးချင်းများ တွဲထားလက်များ ခိုင်စေသား**

# ရန်ကုန်မြို့၌ (၈၆)နှစ်မြောက် ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော်အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၁၁**

ယနေ့ကျရောက်သည့် (၈၆)နှစ်မြောက် ကရင်နှစ် ၂၇၆၃ ခုနှစ်၏ ကရင်အမျိုးသား နှစ်သစ်ကူးပွဲတော် အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ပြည်ထောင်စု တိုင်းရင်းသား ကျေးရွာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။



**တက်ရောက်**

ဦးစွာ ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် အခမ်းအနားကို ပြည်ထောင်စုခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင့်၊ ရန်ကုန်တိုင်းဒေသကြီး တိုင်းရင်းသားရေးရာ ဝန်ကြီး ဦးစောဂျက်ကော့ထူး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ၊ တိုင်းရင်းသား ညီအစ်ကိုမောင်နှမများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ ခေါင်းဆောင်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာ ဝန်ကြီးနှင့် တိုင်းရင်းသားရေးရာဝန်ကြီးတို့က ဖဲကြိုးဖြတ်တောက်၍ အခမ်းအနားကို ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဗဟိုအကြံပေးအဖွဲ့ ခေါင်းဆောင် ဦးစောထွန်းအောင်မြင့်က နှစ်သစ်ကူးနှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ကရင်အမျိုးသား နှစ်သစ်ကူးနေ့သည် (၈၆)နှစ်မြောက် နှစ်သစ်ကူးနေ့ အခမ်းအနား ဖြစ်ကြောင်း၊ နှစ်ဟောင်းကုန်ချိန် နှစ်သစ်ကူးပွဲတော်ကို ကမ္ဘာ့နိုင်ငံတို့တွင် မှီတင်းနေထိုင်ကြသော လူမျိုးအားလုံး ကျင်းပကြသည့်နည်းတူ ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံအတွင်း တောင်ပေါ်မြေပြန့်မကျန် နေထိုင်ကြသည့် ကရင်တိုင်းရင်းသားများသည်လည်း နွေရာသီ၏ ကောက်သစ်စားပွဲတော် အထိမ်းအမှတ် နှစ်သစ်မင်္ဂလာနေ့မြတ်အဖြစ် ကျင်းပခြင်းဖြစ်ကြောင်း၊ ကရင်အမျိုးသား နှစ်သစ်ကူးနေ့တွင် ကရင်အမျိုးသားအားလုံးကို ပန်ကြားလိုသည်မှာ ကရင်မိဘ ဘိုးဘွားတို့၏ တစ်ခုတည်းသော အမွေအနှစ် နေ့တစ်နေ့ဖြစ်၍ ကရင်အမျိုးသား အားလုံး၏ စည်းလုံးညီညွတ်မှုကိုတည်ဆောက်ပေးသည့် ကရင်နှစ်သစ်ကူးနေ့ကို ကမ္ဘာတည်သရွေ့ အရှည်တည်တံ့ ခိုင်မြဲအောင် နှစ်စဉ်နှစ်တိုင်း မပျက်မကွက် အမျိုးသားရေး အနှစ်သာရပြည့်ဝစွာ ကျင်းပကြပါ။ နွားကွဲရင် ကျားဆွဲခံရမည် ဆိုသည့်စကားကို သတိမူလျက် တိုင်းရင်းသားအားလုံး ညီညွတ်ရေးကို တစိုက်မတ်မတ် လုပ်ဆောင်ကြမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၏ ငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် တိုင်းရင်းသား ညီအစ်ကိုအချင်းချင်း ပြည်ထောင်စုစိတ်ဓာတ် အရင်းခံကာ နိုင်ငံရေးနည်းလမ်းဖြင့် တွေ့ဆုံဆွေးနွေး အဖြေရှာခြင်းဖြင့်သာ ရေရှည်အောင်မြင်မှုပန်းတိုင်သို့ ရောက်ရှိမည့်အချက်ကို အမြဲရင်ဝယ်ပိုက်ထားကြရန်၊ ကရင်အမျိုးသားအားလုံး၏ စည်းလုံးညီညွတ်မှုကို တည်ဆောက်ရင်းအေးချမ်းသာယာ တည်ငြိမ်၍ ညီညွတ်သော ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီးအဖြစ်သို့ ရောက်ရှိရန် တက်ညီလက်ညီ ကြိုးပမ်းပါဝင်ဆောင်ရွက်ကြပါရန်၊ တိုင်းရင်းသား ပြည်သူအားလုံး စည်းလုံးညီညွတ်သော စုပေါင်းအားဖြင့် နိုင်ငံတော်ကို တက်ညီလက်ညီ တည်ဆောက်ကြပါရန်၊ ကရင်လူမျိုးတို့၏ ဘဝဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ကြီး ခေတ်မီဖွံ့ဖြိုးတိုးတက်ရေး အတွက် ညီအစ်ကို တိုင်းရင်းသားများနှင့် အတူတကွလက်တွဲ စောင့်ရှောက်၍ "ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီး"ကို ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီ ကြိုးပမ်း တည်ဆောက်ကြပါရန် တိုက်တွန်းနှိုးဆော်ရင်း နှစ်သစ်ကူးနေ့မှ တစ်နှစ်တာပတ်လုံး လုပ်ငန်းတိုင်း စီးပွားရေးအဆင်ပြေကြပြီး ဘေးဒုက္ခအပေါင်း ကင်းဝေးပါစေကြောင်း မေတ္တာပို့နိဂုံးချုပ်စကား ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က နှုတ်ခွန်းဆက်စကား ပြောကြားပြီး တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီးက ကရင်အမျိုးသား နှစ်သစ်ကူးနေ့ အကြောင်းကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ပဲခူးရိုးမတောင်ပေါ် ကရင်တိုင်းရင်းသားတို့၏ ကရင်ရိုးရာ အိုးစည်အကဖြင့် ဖျော်ဖြေပြီး ကရင်ရိုးရာ ပျားဖွပ်ပြိုင်ပွဲ၊ ကွမ်းခြံကုန်းမြို့နယ်၊ မှော်ဘီမြို့နယ်၊ လှည်းကူးပညာရေးဒီဂရီကောလိပ်၊ တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ်နှင့် ပြည်ထောင်စုတိုင်းရင်းသား ကျေးရွာ ယဉ်ကျေးမှုအဖွဲ့တို့က ကရင်ဒုံးအက၊ ကရင်ရိုးရာ ဝါးညှပ်အက၊ ကရင်ရိုးရာ ကြိုးကျစ်အက၊ ကရင်ရိုးရာ ဝါးထောက်အက၊ မွန်ရိုးရာ အက၊ ရခိုင်ရိုးရာ အက၊ တိုင်းရင်းသားရိုးရာ အက၊ စကောကရင်၊ အနောက်ပိုးကရင် နှစ်သစ်ကူးသီချင်းတို့ဖြင့် အသီးသီး ဖျော်ဖြေကြရာ တာဝန်ရှိသူများက ဆုများချီးမြှင့်ကြပြီး ကရင်စာပေနှင့် ယဉ်ကျေးမှုအသင်း အထွေထွေအတွင်းရေးမှူး မန်းသန်းငွေးက နိဂုံးချုပ်စကား ပြောကြားသည်။

**ဖျော်ဖြေ**

ကရင် နှစ်သစ်ကူးနေ့တွင် တိုင်းရင်းသား ကျေးရွာ ပြည်ထောင်စုခန်းမ၌ ကရင်ရိုးရာ ပျားဖွပ်ပြိုင်ပွဲ၊ ကရင်ရိုးရာ တေးသီချင်းနှင့် ဒုံးအကများ၊ ပြည်ထောင်စုခန်းမအနီး ပေ ၄၀၀ ကွင်း၌ ရိုးရာလက်ဝှေ့ပြိုင်ပွဲ၊ ဘောလုံးကွင်းဟောင်းတွင် DJ အကနှင့် စတိတ်ရှိုးတို့ဖြင့် ဖျော်ဖြေခဲ့ရာ ကရင်တိုင်းရင်းသားများနှင့် အများပြည်သူတို့ဖြင့် စည်ကားခဲ့ပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က တန်ဖိုးနည်း ထမင်း၊ ဟင်းများကို ရောင်းချပေးခဲ့သည့်နည်းတူ တိုင်းရင်းသားရေးရာဝန်ကြီး ဦးဆောင်သော တိုင်းဒေသကြီး ကရင်နှစ်သစ်ကူး ကျင်းပရေးကော်မတီက ကရင်ရိုးရာ ထမင်း၊ ဟင်းများဖြင့် ကျွေးမွေးခဲ့သည်။

သတင်း - ညိမ်းသူ(သတင်းစဉ်)

ဓာတ်ပုံ- ကနူး

## ပြဖို့ ချိန်တန် ဇာတိမာန်

❖ အမျိုး ဘာသာ၊ သာသနာ ကို
ကျူးလာ စော်ကား၊ မိစ္ဆာများအား
ဖယ်ရှားတိုက်ထုတ် အမြစ်ဖြုတ်လေ့။
❖ **အရိပ်နေနေ အခက်ချိုးချိုး**
**ဗာလဆိုး**အား၊ ထပ်တိုးမခံ
ထပ်ဆိုးမခံ အပြုတ်နှံလေ့။
❖ တိုင်းပြည်ကို ဖျက်
မြို့ရွာကို ဖျက်
ဘာသာကို ဖျက်
သာသနာကို ဖျက်
ဆန်ကောလောက်မှ ဖောက်မနက်သည့်
**ပက်စက်စွာ တွေး**
**သေးသိမ်စွာ ကျင့်**
**ချင့်ချိန်မှု ကင်း**
**စဉ်းလဲစွာ ကြံ**
**အဖျက်ရန်စ**
အပျက်ကြံဆ
မှန်သမျှကို၊ ဆတိုးကြိုးကုတ်
**မဟုတ်မခံ၊ ဇာတိမာန်နဲ့**
တုံ့ပြန်ချေမှုန်း လက်စတုံးလေ့။
❖ တို့ခေတ် တို့သမိုင်း
မရိုင်းစေရ၊ မြတ်ဆန္ဒဖြင့်
ပြဖို့ချိန်တန် ဇာတိမာန်။
❖ အို . .
**ထလော့ ပြည်သူ**
**မူလော့ ပြည်ကျိုး**
**နိုးလော့ ပြည်ရွာ**
**ပါလော့ ပြည်ရေး**
အရေးကြီးပြီ
သွေးစည်းကြစို့ ညီကြစို့။
နောင်ညီချစ်ဆွေ သားချင်းတို့။ ။

**မျိုးမြတ်မြတ်မြင့်မောင်**



## သထုံမြို့နယ်၌ (၈၆)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော် ကျင်းပ

**သထုံ ဇန်နဝါရီ ၁၁**

(၈၆)နှစ်မြောက် ကရင်နှစ်သစ်ကူးပွဲတော်ကို မွန်ပြည်နယ် သထုံမြို့ သိမ်ကုန်းရပ်ကွက်ရှိ ကရင်အမျိုးသား သာသနာ့ဗိမာန်တော်၌ ယနေ့နံနက်ပိုင်းက မြို့နယ်အဆင့်အနေဖြင့် ကျင်းပခဲ့ကြောင်း သိရသည်။

ဦးစွာ နံနက်အရုဏ်တက်အချိန်၌ သံဃာတော်များအား ဆွမ်းဆက်ကပ်ပြီး တရားနာယူခြင်း၊ တက်ရောက်လာကြသည့် တိုင်းရင်းသားများ စုပေါင်းကာ ကရင်အမျိုးသားအလံတော်ကို လွှင့်ထူအလေးပြုကြခြင်း၊ ညှော့ခံကျွေးမွေးခြင်းများကို ပြုလုပ်ခဲ့ကြသည်။

ယင်းနောက် မြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှုအဖွဲ့ကဦးဆောင်ကာ သထုံမြို့နယ်အတွင်းရှိ အသက် ၈၀ နှင့်အထက် ကရင်တိုင်းရင်းသား သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့ကြကာ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကို ထူးချွန်စွာ အောင်မြင်ခဲ့ကြသူများအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါ နှစ်သစ်ကူးပွဲတော်ကျင်းပရာသို့ သထုံခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဦးမင်းစိုးနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ တက်ရောက်အားပေးကာ ကရင်အမျိုးသား သာသနာ့ဗိမာန်တော် ဆက်လက်တည်ဆောက်နိုင်ရေး အလှူငွေများပေးအပ်ပြီး တိုင်းရင်းသားရိုးရာ ဒုံးယိမ်း အကများဖြင့် ညှော့ခံဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ်(ဆင့်ပွား)သင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် ဇန်နဝါရီ ၁၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းသည် ယမန်နေ့နံနက်ပိုင်းက ကျိုင်းတုံမြို့ မြို့တော်ခန်းမ၌ကျင်းပသည့် သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်းလူငယ် (ဆင့်ပွား) သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ယနေ့ဖွင့်လှစ်သည့်သင်တန်းသည် သဘာဝဘေးအန္တရာယ်ကို တုံ့ပြန်နိုင်မည့်စွမ်းအားစုများ အမြဲအဆင်သင့်ဖြစ်နေစေရန်၊ ရပ်ရွာများတွင် ရရှိနိုင်သည့်လူငယ်စွမ်းအားစုများကိုဖော်ထုတ်ပြီး ၎င်းတို့၏ရပ်ရွာများအတွင်း သဘာဝဘေးလျော့ပါးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ၎င်းတို့ကိုယ်တိုင် ဦးစီးဦးဆောင်မှုပြုနိုင်သူများ ဖြစ်လာစေရန်၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့များအတွက် အရန်အင်အားတောင့်တင်းလာနိုင်စေရန်နှင့် လူငယ်ထုအတွင်း အများအကျိုး သယ်ပိုးလိုသောစိတ်ဓာတ်များ ကိန်းအောင်းလာစေရန် ရည်ရွယ်၍ ယခုသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ပါကြောင်း၊ သင်တန်းကာလအတွင်း ဘေးအန္တရာယ်များအကြောင်း၊ ကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေးနှင့် အရေးပေါ်သတိပေးစနစ်များအကြောင်း၊ အရေးပေါ်တုံ့ပြန်ရေး၊ ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူရေး၊ ကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ဝေမှု၊ ကယ်ဆယ်ရေး စခန်းစီမံခန့်ခွဲမှုစသည့် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဆိုင်ရာလုပ်ငန်း အကြောင်းအရာများကို လေ့လာခွင့်ရရှိကြမည်ဖြစ်၍ ဘေးဒဏ်မှ ကြံ့ကြံ့ခံနိုင်သော ရပ်ရွာအသိုက်အဝန်းများ ဖြစ်ထွန်းလာစေရေးအတွက် ကျရာကဏ္ဍမှ အင်တိုက်အားတိုက်ဆောင်ရွက်ပေးကြရန် တိုက်တွန်းမှာကြားသည်။

သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ကျိုင်းတုံခရိုင်အတွင်းရှိ ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ၊ သင်တန်းနည်းပြများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြ




သည်။ အဆိုပါသင်တန်းကို သုံးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကျိုင်းတုံခရိုင်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များမှ စေတနာ့ဝန်ထမ်းလူငယ် ၅၀ တက်ရောက်ကြသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇန်နဝါရီ ၁၁ ရက် နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကျိုင်းတုံခရိုင်အတွင်းရှိ ဦးစီးဌာနများမှ အရာထမ်း၊ အမှုထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များ၊ နိုင်ငံတော်၏ ပကတိအခြေအနေမှန်များကို ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# သဘာဝဘေးဒဏ်ခံနိုင်သော ရပ်ရွာအသိုက်အဝန်းဖြစ်ပေါ်စေရေး အိုးအိမ်များအား ပြင်ဆင်မွမ်းမံပေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ကျိုက်မရော ဇန်နဝါရီ ၁၁**

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာနက ဦးဆောင်၍ ပိန်းနဲကုန်းကျေးရွာနှင့် ကလိုင်းကနိုင်ကျေးရွာတို့ရှိ ဆင်းရဲနွမ်းပါးပြီး သဘာဝဘေးကျရောက်လျှင် ကြံ့ခိုင်မှုမရှိသော နေအိမ်များအား မိုးကြိုကာလတွင် လေဘေး ကြိုတင်ကာကွယ်ရေး အားဖြည့်ပြင်ဆင်ခြင်း လုပ်ငန်းများကို ယနေ့နံနက်ပိုင်းက ကလိုင်းကနိုင်ကျေးရွာ ဦးနိုင်ဦး၏ နေအိမ်အား စတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

မွန်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးဖြိုးဝေဝင်း၊ ကျိုက်မရောမြို့နယ် မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတင်သောင်းဦးနှင့် တပ်ဖွဲ့ဝင်များ၊ မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာန ဝန်ထမ်းများ၊ ပရဟိတအဖွဲ့ စေတနာရှင် လုပ်အားပေးများ၊ ရပ်မိရပ်ဖများ ပူးပေါင်းပြီး ကြံ့ခိုင်မှုမရှိသော နေအိမ်များအား ကြံ့ခိုင်စေရန် အားဖြည့်ပြင်ဆင်ခြင်းများကို ဆောင်ရွက်ပေးခဲ့ကြသည်။

ယင်းနောက် အသိပညာပေးဟောပြောပွဲများ ကျင်းပခြင်း၊ လေပြင်းဒဏ် ကြံ့ကြံ့ခံနိုင်စေရန် အိုးအိမ်များကိုအားဖြည့်ပြင်ဆင်မှုအနေဖြင့် သွပ်နန်းကြိုးများ တုပ်ဆိုင်းပေးခြင်း၊ ကျားကန်ထောင်မတ်ပေးခြင်း၊ ဝါးထရံ၊ဓနိ၊ သက်ငယ်များ အသုံးပြု၍ ပြင်ဆင်ခြင်း လုပ်ငန်းများကို မွန်ပြည်နယ် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ လူမှုရေးအသင်းအဖွဲ့များ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မချို(ပြန်/ဆက်)**

# တာချီလိတ်မြို့၌ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ ညစ်ညမ်းမှု အသိပညာပေးဟောပြောပွဲကျင်းပ

**တာချီလိတ် ဇန်နဝါရီ ၁၁**

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်ခရိုင် ပတ်ဝန်းကျင်ထိန်းသိမ်းရေး ဦးစီးဌာနက ကြီးမှူး၍ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ အထူးရန်ပုံငွေ(၂၀၂၁)ဖြင့်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုနှင့်ပတ်သက်၍ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက တာချီလိတ်မြို့နယ် ပန်ကူလားဟူကျေးရွာ၌ ကျင်းပသည်။



အသိပညာပေး ဟောပြောပွဲတွင် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးချမ်းမြေ့စိုးက မီးခိုးမြူငွေ့ ညစ်ညမ်းမှုလျှော့ချရေးလုပ်ငန်းစဉ်များ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးချစ်ကိုကိုက မီးခိုးမြူငွေ့ကင်းစင်ရေးအတွက် ထုတ်ပြန်ထားသည့် ဒေသန္တရအမိန့်များနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်ဝင်းနိုင်က ပြစ်မှုပြစ်ဒဏ်များကို အသိပညာပေးဟောပြောသည်။

ဆက်လက်၍ မြို့နယ်သစ်တောဦးစီးမှူး ဦးနေလင်းကြည်က သစ်တောသစ်ပင်များနှင့် ကြိုးဝိုင်းကြိုးပြင်ကာကွယ်တောများ ထိန်းသိမ်းရေးနှင့် တောမီးမရှို့စေရေး၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူး ဦးဇော်ဝင်းမြင့်သန်းက သီးနှံများ ပန်းတိုင်အထွက်နှုန်းရရှိရေးနှင့် လယ်ယာစွန့်ပစ်ပစ္စည်းများအား စနစ်တကျပြန်လည်အသုံးပြုရေး၊ ခရိုင်မီးသတ်တပ်ဖွဲ့မှ လက်ထောက်ဦးစီးမှူး ဦးအေးမင်းဌေးက မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးနှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသန်းဇော်ဦးက ပြည်သူများ အသိပညာဗဟုသုတ တိုးပွားရေးအတွက် စာပေလေ့လာဖတ်ရှုရေးတို့နှင့် ပတ်သက်၍ ဟောပြောဆွေးနွေးသည်။

ထို့နောက် ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနက မီးခိုးမြူငွေ့ညစ်ညမ်းမှုလျှော့ချရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းပြီး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**သန်းဇော်(တာချီလိတ်)**

# အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့ကို ဂုဏ်ပြုသောအားဖြင့် အလွတ်တန်းဆောင်းပါးပြိုင်ပွဲ ဖိတ်ခေါ်ခြင်း

**နေပြည်တော် ဇန်နဝါရီ ၁၁**

၁။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ၂၀၂၄ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ကျရောက်မည့် **အပြည်ပြည်ဆိုင်ရာအမျိုးသမီးများနေ့ကို** ဂုဏ်ပြုသောအားဖြင့် အလွတ်တန်းဆောင်းပါးပြိုင်ပွဲကို **"အရှိန်အဟုန်ဖြင့်တိုးတက်ရေး အမျိုးသမီးများတွင် မြှုပ်နှံပေး"** ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ပါသည်။

၂။ ပြိုင်ပွဲဝင်ဆောင်းပါးကို အမျိုးသမီးများ၏အခွင့်အရေးကို ကာကွယ်ခြင်း၊ ကျား၊ မ တန်းတူညီမျှမှုကို မြှင့်တင်ခြင်းနှင့် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာကိစ္စရပ်များကို ရင်းနှီးမြှုပ်နှံမှုများနှင့်စပ်လျဉ်းသည့် အကြောင်းအရာများဖြင့် အောက်ဖော်ပြပါ **စည်းကမ်းချက်များ**နှင့်အညီ ရေးသားပေးပို့ယှဉ်ပြိုင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

(က) ပြိုင်ပွဲသို့ မည်သူမဆို ဝင်ရောက်ယှဉ်ပြိုင်နိုင်သည်။

( ခ ) ပြိုင်ပွဲဝင်များသည် သတ်မှတ်ထားသောခေါင်းစဉ်အောက်မှ မိမိကြိုက်နှစ်သက်ရာပုံစံဖြင့် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

( ဂ ) ပြိုင်ပွဲဝင်ဆောင်းပါးများကို A4 ဆိုဒ် စာမျက်နှာအနည်းဆုံး ၁၀ မျက်နှာမှ အများဆုံး ၁၅ မျက်နှာအထိ ရေးသားယှဉ်ပြိုင်ရမည်ဖြစ်သည်။

(ဃ) ကွန်ပျူတာစာလုံး Myanmar Unicode (Pyidaungsu Font) စာလုံးအရွယ်အစား-၁၄ (Font Size 14 ) စာကြောင်းအကွာအဝေး ၁.၅ (Line Spacing 1.5)၊ စာရွက်ဘောင်ဆိုဒ် ၁ လက်မပတ်လည် (Margins 1"ပတ်လည်) Microsoft Word ဖြင့် ကွန်ပျူတာစာစီ၍ ရေးသားပေးပို့ရမည်ဖြစ်ပါသည်။

( င ) ပြိုင်ပွဲဝင်များပေးပို့သည့်စာမူများသည် မိမိကိုယ်တိုင်ဖန်တီးရေးသားထားသည့်စာမူဖြစ်ပြီး ပေးပို့လာသည့်စာမူသည် ဂျာနယ်၊ မဂ္ဂဇင်းများနှင့် မီဒီယာများတွင် ဖော်ပြထားပြီးသည့် စာမူများမဖြစ်စေရပါ။

( စ ) ဆုရွေးချယ်ခံရခြင်းမရှိသောဆောင်းပါးများအား ပြန်လည်ပေးပို့မည်မဟုတ်ပါ။

(ဆ) ပြိုင်ပွဲဝင်ဆောင်းပါးကို ပြိုင်ပွဲကျင်းပသည့်ဌာနအနေဖြင့် အများပြည်သူအကျိုးငှာ ပြပွဲများ၊ စာအုပ်စာစောင်များ၊ website များ၊ လက်ကမ်းစာစောင်များ၊ သင်ခန်းစာပို့ချမှုများနှင့် ဗီဒီယိုမှတ်တမ်းများ၌ အသုံးပြုခြင်းကို ပြိုင်ပွဲဝင်သူမှ သဘောတူခွင့်ပြုရပါမည်။

၃။ ပြိုင်ပွဲဝင်ဆောင်းပါးများကို ပညာရှင်များပါဝင်သော ဆောင်းပါးစိစစ် ဆုရွေးချယ်ရေးဘုတ်အဖွဲ့ဖြင့် ပွင့်လင်းမြင်သာမှုရှိစွာ စိစစ်ရွေးချယ်သွားမည်ဖြစ်ပါသည်။ ဆုများကို ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် အထူးဆုနှစ်ဆု စုစုပေါင်း ငါးဆုကို ချီးမြှင့်မည်ဖြစ်ပြီး ထိုက်တန်သည့် ဆုငွေနှင့် ဆုတံဆိပ်များ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၄။ ပြိုင်ပွဲဝင်စာမူနှင့်အတူ ကိုယ်တိုင်ဖန်တီးရေးသားထားကြောင်း ဝန်ခံကတိပြုလွှာ၊ ပြိုင်ပွဲဝင်သူ၏ အမည်၊ မှတ်ပုံတင်/နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ကိုယ်ရေးရာဇဝင်အကျဉ်း၊ ရောင်စုံဓာတ်ပုံသုံးပုံ၊ ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်တို့နှင့်အတူ လူကိုယ်တိုင်ဖြစ်စေ၊ စာတိုက်မှဖြစ်စေ၊ အီးမေးလ်ဖြင့်ဖြစ်စေ ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ရုံးအမှတ်-၂၃၊ နေပြည်တော်၊ (တယ်လီဖုန်းအမှတ်၊ ၀၆၇-၄၀၄၂၅၁၊ ၀၉-၂၀၁၀၉၃၅၇၊ အီးမေးလ် dswwdd2022@gmail.com သို့ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့ ညနေ ၅ နာရီ နောက်ဆုံးထား၍ ဆက်သွယ်ပေးပို့နိုင်ပါသည်။ (အီးမေးလ်ဖြင့်ပေးပို့ပါက Word Document အပြင် PDF ဖတ်၍ ပေးပို့ပါရန်။)

၅။ သတ်မှတ်ရက်ကျော်လွန်ခြင်း သို့မဟုတ် သတ်မှတ်စည်းကမ်းချက်များနှင့် မပြည့်စုံခြင်း စသည့်စာမူများကို ဆုရွေးချယ်ရေးတွင် ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။ ဆုရရှိသူများကို ၂၀၂၄ ခုနှစ် မတ်လ ၈ ရက်နေ့တွင် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများနေ့အခမ်းအနားတွင် ဆုချီးမြှင့်မည်ဖြစ်ပါသည်။

**လူမှုဝန်ထမ်းဦးစီးဌာန**

## ဘားအံမြို့၌ ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနားနှင့် ရိုးရာကောက်သစ်စားပွဲတော် ကျင်းပ

**ဘားအံ ဇန်နဝါရီ ၁၁**

ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားနှင့် ကရင်ရိုးရာကောက်သစ်စားပွဲကို ယနေ့နံနက်ပိုင်းတွင် ဘားအံမြို့ သီရိကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

**ဖတ်ကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မမင်းအောင်လှိုင်ထံမှ ပေးပို့သည့်သဝဏ်လွှာကို အခမ်းအနားအကြီးအမှူး သဘာပတိက ဖတ်ကြားပြီး တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ထံမှ ပေးပို့သည့်သဝဏ်လွှာကို ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးစန်းကိုက ဖတ်ကြားကာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ငြိမ်းချမ်းသာယာပါစေကြောင်း၊ ဘေးဘယာကင်းကွာ၍ ကျန်းမာချမ်းသာရှိကြပါစေကြောင်း နှစ်သစ်ကူးဆုမွန်ကောင်းစကား ပြောကြားသည်။

ယင်းနောက် ကရင်အမျိုးသားနေ့ဖြစ်ပေါ်လာပုံသမိုင်းအကျဉ်းကို ကရင်စာပေနှင့်ယဉ်ကျေးမှုအသင်းမှ လူငယ်မောင်မယ်များက မြန်မာဘာသာ၊ ပိုးကရင်ဘာသာ၊ စကောကရင်ဘာသာတို့ဖြင့် ဖတ်ကြားကြပြီး တွဲဖက်အခမ်းအနားမှူးက ကရင်ပြည်နယ်ရှိ ဂုဏ်ပြုခံ အထင်ကရသက်ကြီးကရင်အဘိုး၊ အဘွားများ၏ ကိုယ်ရေးအကျဉ်းကို ဖတ်ကြားတင်ပြကာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့်ဇနီး၊ အမှတ်(၄)စစ်ဆင်ရေးအထူးအဖွဲ့မှူး၊ အရှေ့တောင် တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့်ဇနီး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများက ဂုဏ်ပြုခံအထင်ကရ သက်ကြီး ကရင်အဘိုး၊အဘွားများအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်ကြသည်။



ဆက်လက်၍ ဖီးဗူးယော်(ရိုးရာကောက်သစ်စားပွဲတော်)ကို ဆက်လက်ကျင်းပရာ ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများက ဖီးဗူးယော်ကောက်သစ်စားပွဲအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြကာ ငြိမ်းချမ်းရေးချိုးငှက်များ ဘေးမဲ့လွှတ်ပေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်ဇနီးနှင့်အဖွဲ့၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဧည့်သည်တော်များနှင့် ကရင်အမျိုးသားအပေါင်းတို့က တည်ခင်းဧည့်ခံထားသော စားသောက်ဖွယ်ရာများကို အတူတကွသုံးဆောင်၍ ကောက်သစ်စားပွဲတော်ကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အထိမ်းအမှတ် ခင်းကျင်းပြသထားသော ကရင်တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဓလေ့ယဉ်ကျေးမှုပြခန်း၊ ဗမာ၊ မွန်၊ ရှမ်း တိုင်းရင်းသားလူမျိုးများ၏ ယဉ်ကျေးမှုပြခန်း၊ ဌာနဆိုင်ရာပြခန်းများနှင့် MSMEs အသေးစား၊ အငယ်စား၊ အလတ်စား စက်မှုလက်မှုထုတ်ကုန်ပြခန်းများအား လှည့်လည်ကြည့်ရှုအားပေးခဲ့ကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကရင်ကျောင်းသားများရိပ်သာတွင် ကျင်းပသည့် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားသို့ တက်ရောက်အားပေးခဲ့ပြီး ဂုဏ်ပြုချီးမြှင့်ငွေကျပ်သုံးသိန်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

အလားတူ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အထိမ်းအမှတ် ပဒေသာကပွဲကို ဇန်နဝါရီ ၁၀ ရက် ညပိုင်းက ဘားအံမြို့ သီရိကွင်း ဒိုးစင်မြင့်၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အထိမ်းအမှတ်အဖြစ် အခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ၏ ကပြဖျော်ဖြေမှု၊ ကရင်ရိုးရာယဉ်ကျေးမှုဒိုးအဖွဲ့များ၏ မြူးကြွသွက်လက်မြိုင်ဆိုင်စွာ ကပြဖျော်ဖြေမှု၊ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ သိပ္ပံများမှ ကျောင်းသား ကျောင်းသူ တိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှုအကအလှများ၊ ကရင်ရိုးရာယဉ်ကျေးမှုတူရိယာများ တီးခတ်သီဆိုဖျော်ဖြေမှုများကို ကြည့်ရှုအားပေးခဲ့ကြပြီး ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ပဲခူးမြို့နယ် သရက်ကုန်းကျေးရွာ၌ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ပွဲတော် ကျင်းပ

**ပဲခူး ဇန်နဝါရီ ၁၁**

ပဲခူးမြို့နယ် သရက်ကုန်းကျေးရွာ၌ ယနေ့နံနက်ပိုင်းတွင် ကရင်သက္ကရာဇ် ၂၇၆၃ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးနေ့ ပွဲတော် အခမ်းအနား ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီး တက်ရောက်ခဲ့ကြသည်။

ဦးစွာ ဖားစည် ကိုးချက်တီး၍ အခမ်းအနားကိုဖွင့်လှစ်ခဲ့ပြီး နိုင်ငံတော်အလံနှင့် ကရင်အမျိုးသားအလံတို့အား အလံတိုင်ထိပ်သို့ လွှင့်ထူကာ အခမ်းအနား တက်ရောက် လာကြသူများက အလေးပြုကြသည်။

**အဖွင့်အမှာစကားပြောကြား**

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ကရင်သက္ကရာဇ် ၂၇၆၃ ခုနှစ် ကရင်အမျိုးသား နှစ်သစ်ကူးနေ့ကို ကြိုဆိုသောအားဖြင့် အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ယင်းနောက် ညောင်အင်း ကျေးရွာဒိုးအဖွဲ့က “စည်းလုံးခြင်းသည်အင်အား” သီချင်းဖြင့် လည်းကောင်း၊ သရက်ကုန်းကျေးရွာဒိုးအဖွဲ့က “နှစ်ဦးပန်းများမွှေးပါစေ”သီချင်း၊ “လေလေ” ဒိုးအကဖြင့်လည်းကောင်း ကပြဖျော်ဖြေ တင်ဆက်ခဲ့ကြသည်။ ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့်ဇနီးတို့က ကပြဖျော်ဖြေတင်ဆက်ခဲ့ကြသည့် ဒိုးယိမ်းအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ရာ ပဲခူးမြို့နယ် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ပြီး တက်ရောက်လာသည့် ဧည့်သည်တော်များအား ကရင်တိုင်းရင်းသားရိုးရာ အစားအစာများဖြင့် တည်ခင်းဧည့်ခံ ကျွေးမွေးခဲ့ကြောင်း သိရသည်။



**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ချောင်းဆုံမြို့နယ် ကရင်ဝင်းစိန်ကျေးရွာတွင် (၈၆)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ချောင်းဆုံ ဇန်နဝါရီ ၁၁**

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် (၈၆)နှစ်မြောက် ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အခမ်းအနားနှင့် ကရင်ရိုးရာကောက်သစ်စားပွဲကို ယနေ့နံနက်ပိုင်းက ကရင်ဝင်းစိန်ကျေးရွာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။




**ကောက်သစ်စားပွဲပြုလုပ်**

ဦးစွာ ကရင်တိုင်းရင်းသားများ စုပေါင်းကာ ဆရာတော်၊ သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်းနှင့် ပရိတ်တရားတော်များ နာယူခဲ့ကြပြီး ကရင်အမျိုးသားအလံကို လွှင့်ထူအလေးပြုခြင်းနှင့် ကရင်ရိုးရာကောက်သစ်စားပွဲကို ပြုလုပ်ခဲ့ကြသည်။ ထို့နောက် တောင်ပေါ်ကြီး ဘုန်းတော်ကြီးကျောင်းတိုက် ဆရာတော်က အဖွင့်ဩဝါဒစကား မိန့်ကြားခဲ့သည်။

ယင်းနောက် တိုင်းရင်းသား လူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ထံမှ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ အထိမ်းအမှတ်အဖြစ် ပေးပို့သည့် သဝဏ်လွှာအား မွန်ပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီး ဦးခင်မောင်ဦးက ဖတ်ကြားကာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းထံမှ ပေးပို့သော သဝဏ်လွှာကို ပြည်နယ်ကရင်စာပေယဉ်ကျေးမှုဥက္ကဋ္ဌ စောအောင်ကျော်သိန်းက ဖတ်ကြားပြီး ကရင်အမျိုးသားနှစ်သစ်ကူးနေ့ဖြစ်ပေါ်လာပုံ သမိုင်းကြောင်းကို ကရင်တိုင်းရင်းသားနှစ်ဦးက ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ မွန်ပြည်နယ် အစိုးရအဖွဲ့မှ ထောက်ပံ့သည့် ရန်ပုံငွေကျပ် သိန်း ၂၅၀ အား ပြည်နယ်ဥပဒေချုပ်က အခမ်းအနားကျင်းပရေးကော်မတီထံသို့ ပေးအပ်ခဲ့ပြီး ကရင်တိုင်းရင်းသားအကအဖွဲ့များ၏ ကရင်ယဉ်ကျေးမှုအက ဖျော်ဖြေမှုများကို မြို့နယ်အတွင်းရှိတိုင်းရင်းသားများ အေးချမ်းပျော်ရွှင်စွာ လာရောက်အားပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❍ MFFမှ

အသင်းနှင့် လင်းလက်အသင်း သုံးဂိုးစီ သရေကျခဲ့သည်။ ယခုတစ်ပတ်တွင် ဇယားထိပ်ဆုံးမှ VUC အသင်းသည် တတိယနေရာမှ MIU အသင်းကို အနိုင်ရခဲ့သည့်အပြင် ဒုတိယနေရာမှ Generations အသင်းမှာလည်း သရေကျခဲ့သဖြင့် အမှတ်ပြတ်ဖြင့် ဆက်လက်ဦးဆောင်နိုင်ခဲ့သည်။ ပွဲစဉ် (၈) အပြီးတွင် VUC အသင်းက ရမှတ် ၂၄ မှတ်ဖြင့် ဦးဆောင်နေပြီး Generations အသင်းက ရမှတ် ၂၀၊ MIU အသင်းက ၁၆ မှတ်၊ Winner Soccer အသင်းက ၁၄ မှတ်၊ Futsal-19 အသင်းက ၁၀ မှတ်၊ ဖူဆယ်ချစ်သူအသင်းက ကိုးမှတ်၊ လင်းလက်အသင်းနှင့် M2K အသင်းတို့က ခုနစ်မှတ်စီ၊ Dream Team အသင်းက ခြောက်မှတ်၊ လက်ဝဲသုန္ဒရအသင်းက သုံးမှတ်ရရှိထားသည်။

**သတင်း - ကိုညီလေး**

**ဓာတ်ပုံ - MFF**

ညီညွတ်မှုဖြင့် ရှေ့သို့ချီ
ပြည်ထောင်စုရဲ့ ပန်းတိုင်ဆီ

## မြိတ်မြို့၌ ကရင်နှစ်သစ်ကူးနေ့ အခမ်းအနား ကျင်းပ



**မြိတ် ဇန်နဝါရီ ၁၁**

တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုသည် တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်စွာဦး၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက မြိတ်မြို့ မြို့မအားကစားကွင်း၌ ကျင်းပသည့် ၂၇၆၃ ခုနှစ် ကရင်နှစ်သစ်ကူးနေ့အခမ်းအနားသို့ တက်ရောက်ခဲ့သည်။

**သဝဏ်လွှာဖတ်ကြား**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၈၆)နှစ်မြောက် ကရင်နှစ်သစ်ကူးနေ့ အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကိုက ဖတ်ကြားသည်။

ထို့နောက် တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးထံမှ (၈၆)နှစ်မြောက် ကရင်နှစ်သစ်ကူးနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီး တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောမာတင်လှူသာက ဖတ်ကြားသည်။

**ဩဝါဒစကားပြောကြား**

ယင်းနောက် မော်လမြိုင် ကက်သလစ်သာသနာ ဂိုဏ်းအုပ်ဆရာတော်(ငြိမ်း) ဘီးရှော့ရေမွန် စောဖိုးရေက ဩဝါဒစကားပြောကြားပြီး မြိတ်မြို့ မောန္တေလပိုးကရင်ကျမ်းစာသင်ကျောင်းမှ သင်တန်းသားသင်တန်းသူများက ဒုံးအကအလှများဖြင့် ဖျော်ဖြေခဲ့သည်။ ဆက်လက်၍ ကရင်အမျိုးသား နှစ်သစ်ကူးနေ့ဖြစ်ပေါ်လာပုံအား မောန္တေလ ပိုးကရင်ကျမ်းစာသင်ကျောင်းမှ ဆရာမနော်လေးလေးဖောက ဖတ်ကြားတင်ပြခဲ့ပြီး မြိတ်ခရိုင် ကရင်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဥက္ကဋ္ဌ စောအောင်ထွဋ်က ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် ၂၇၆၃ ခုနှစ် ကရင်နှစ်သစ်ကူးနေ့ အခမ်းအနားကို တက်ရောက်လာကြသူများအားလုံးက ကရင်အမျိုးသားသီချင်းကို စုပေါင်းသီဆို၍ ရုပ်သိမ်းခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## သာယာဝတီမြို့၌ ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခမ်းအနား စည်ကားသိုက်မြိုက်စွာ ကျင်းပ

**သာယာဝတီ ဇန်နဝါရီ ၁၁**

ကရင်တိုင်းရင်းသား လူမျိုးများ၏ နေ့ထူးနေ့မြတ်တစ်နေ့ဖြစ်သော ကရင်သက္ကရာဇ် ၂၇၆၃ ခုနှစ် ပြာသိုလဆန်း ၁ ရက်တွင် ကျရောက်သည့် ကရင်အမျိုးသား နှစ်သစ်ကူးနေ့ အခမ်းအနားကို ယနေ့နံနက်ပိုင်းက သာယာဝတီမြို့ အောက်မေ့ဖွယ်ခန်းမ၌ ကျင်းပသည်။



ဦးစွာ တက်ရောက်လာကြသော ကရင်အမျိုးသားအပေါင်းနှင့် တိုင်းရင်းသား ပြည်သူအပေါင်းတို့က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံနှင့် ကရင်အမျိုးသားအလံတို့အား အလေးပြုကြသည်။

ယင်းနောက် သဘာပတိ စောသောင်းကြီးက အဖွင့်အမှာစကားပြောကြားပြီး သာယာဝတီ ခရိုင်/မြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှု ကော်မတီနာယက အကျဉ်းဦးစီး ကျောင်းတိုက် ဆရာတော် အရှင်ခေမာစာရက ဩဝါဒမေတ္တာ ဆုတောင်းပေးကာ သာယာဝတီမြို့ ကရင်နှစ်ခြင်း အသင်းတော် သိက္ခာတော်ရ ဆရာတော်စောတတဲက မေတ္တာပို့ ဆုတောင်းပေးခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသား လူမျိုးများရေးရာ ဝန်ကြီး စောလင်းအောင်ထံမှ ပေးပို့သည့် သဝဏ်လွှာကို ကရင်စာပေနှင့် ယဉ်ကျေးမှု ကော်မတီ အတွင်းရေးမှူး စောမျိုးလွင်ဦးက ဖတ်ကြားပြီး ကရင်တိုင်းရင်းသားရေးရာဝန်ကြီး (ငြိမ်း)၊ ပဲခူးတိုင်းအထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး(ငြိမ်း) ဦးစောဂျူဗလီစံက နှစ်သစ်ကူးဆုမွန်ကောင်း စကားပြောကြားသည်။

ယင်းနောက် ကရင်အမျိုးသားနေ့ဖြစ်ပေါ်လာပုံ သမိုင်းအကျဉ်းကို ကရင်စာပေနှင့် ယဉ်ကျေးမှု အသင်းမှ နော်ဒါတလုဖောနှင့် စောမင်းထက်တို့က မြန်မာဘာသာ၊ ကရင်ဘာသာတို့ဖြင့် ဖတ်ကြားကြပြီး ခရိုင်/မြို့နယ် ကရင်စာပေနှင့် ယဉ်ကျေးမှု ကော်မတီဥက္ကဋ္ဌ စောသိန်းဝေက ကရင်စာပေနှင့် ယဉ်ကျေးမှုကိစ္စရပ်များနှင့် သိသင့်သိထိုက်သည်များကို တင်ပြဆွေးနွေးသည်။

ဆက်လက်၍ ကရင်စာပေနှင့် ယဉ်ကျေးမှုကော်မတီထံသို့ အလှူငွေများ ပေးအပ်ခဲ့ပြီး ၂၀၂၂-၂၀၂၃ ခုနှစ် ပညာသင်နှစ်တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်မြင်ခဲ့သော ကရင်တိုင်းရင်းသားကျောင်းသားကျောင်းသူများ၊ အားကစားပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် ကရင်စာပေ သင်ကြားလျက်ရှိသော ဆရာ ဆရာမများအား တာဝန်ရှိသူများက ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဟင်္သာတမြို့တွင် စာပေနှင့် သတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးရေးအတွက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက ဆွေးနွေးပွဲ ကျင်းပ





**နေပြည်တော် ဇန်နဝါရီ ၁၁**

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီက စာပေနှင့် သတင်းမီဒီယာကဏ္ဍ ပိုမိုဖွံ့ဖြိုးလာစေရေးနှင့် စာကြည့်တိုက်များ အောင်မြင်စွာ ဆက်လက်ရပ်တည်နိုင်စေရေးတို့အတွက် ယနေ့နံနက် ၁၀ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ဟင်္သာတမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ လူထုအခြေပြု ဗဟိုဌာနခန်းမတွင် ဒေသခံစာပေသမားများ၊ သတင်းမီဒီယာအဖွဲ့အစည်းများ၊ စာကြည့်တိုက်ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးပွဲပြုလုပ်ခဲ့သည်။

**ဆွေးနွေး**

ထိုသို့ တွေ့ဆုံဆွေးနွေးရာတွင် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မြန်မာနိုင်ငံစာရေးဆရာအသင်းဥက္ကဋ္ဌ ဦးအုန်းမောင်(မြင်းမူမောင်နိုင်မိုး)က စာပေကိစ္စရပ်များအကြောင်း၊ အဆိပ်သင့်စာပေများကို ရေးသားခြင်း၊ ထုတ်ဝေခြင်းများကို ရှောင်ကြဉ်ရမည့် အကြောင်း၊ ဒေသတွင်း၌ လူငယ်များ စာဖတ်ရှိန်မြင့်တက်လာစေရေးအတွက် စာကြည့်တိုက်များ ပိုမိုပေါ်ပေါက်လာစေရေးတို့ကို ဆွေးနွေးခဲ့သည်။

ထို့နောက် ဒုတိယဥက္ကဋ္ဌ ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)က သတင်းမီဒီယာဆိုင်ရာ လေ့လာမှတ်သားသင့်သည့် ကိစ္စရပ်များနှင့် စာပေရေးရာများကို ဆွေးနွေးဟောပြောခဲ့သည်။

မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီအတွင်းရေးမှူး ဦးအောင်ပြည့်စုံက သတင်းမီဒီယာကောင်စီ၏ ရပ်တည်ချက်များ၊ သတင်းမီဒီယာသမားများကို အရည်အသွေးမြှင့်တင်ရေး၊ သတင်းတု သတင်းမှားများ ချေဖျက်ရေး၊ ကျင့်ဝတ်ကိုလိုက်နာသော သတင်းမီဒီယာသမားများ ပိုမိုပေါ်ပေါက်လာစေရေးနှင့် သတင်းသမားများကို ဥပဒေနှင့်အညီ အကာအကွယ်ပေးနိုင်ရေးများကို ဆွေးနွေးခဲ့သည်။

**ပေးအပ်လှူဒါန်း**

ထို့နောက်မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှ ရိုက်နှိပ်ထားသည် သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေနှင့် ကျင့်ဝတ်စာအုပ်များ၊ မဂ္ဂဇင်းဂျာနယ်များကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဒေသခံသတင်းမီဒီယာသမားများထံ ပေးအပ်လှူဒါန်းခဲ့သည်။

ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီမှ တာဝန်ရှိသူများနှင့်အတူ ဟင်္သာတမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်စန္ဒာဆွေ၊ ဟင်္သာတခရိုင်အတွင်းရှိ ဌာနဆိုင်ရာအသီးသီးမှ တာဝန်ရှိသူများ၊ မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာများ၊ သတင်းသမားများ စုစုပေါင်းအင်အား ၁၀၀ ကျော်ခန့် တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

❂ ကျောဖုံးမှ

ငါးဂိုး-သုံးဂိုးနဲ့ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

အခုပွဲစဉ်မှာ အက်သလက်တီကိုမက်ဒရစ်အသင်းနဲ့အတူ သွင်းဂိုးတစ်ဂိုးသွင်းယူနိုင်ခဲ့တဲ့ တိုက်စစ်မှူး ဂရစ်ဇ်မန်းကတော့ အက်သလက်တီကိုမက်ဒရစ်အသင်းအတွက် သွင်းဂိုး ၁၇၄ ဂိုးအထိ သွင်းယူနိုင်ခဲ့တဲ့ မှတ်တမ်းတစ်ရပ်ကို ပိုင်ဆိုင်နိုင်ခဲ့ပြီဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းနဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းတို့ဟာ ယခင်က ထိပ်တိုက်တွေ့ဆုံမှုတွေမှာ ရီးယဲလ်မက်ဒရစ်အသင်းက ၁၁၄ ပွဲအထိ အနိုင်ရရှိထားကာ အက်သလက်တီကိုမက်ဒရစ်အသင်းက ၅၆ ပွဲအနိုင်ရရှိထားပြီး ၅၃ ပွဲကတော့ သရေရလဒ်ထွက်ပေါ်ထားတာ ဖြစ်ပါတယ်။

လက်ရှိအချိန်မှာ ရီးယဲလ်မက်ဒရစ်အသင်းအနေနဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းကို အနိုင်ရရှိခဲ့ပြီဖြစ်တာကြောင့် ပြိုင်ပွဲစုံ ပွဲပေါင်း ၂၀ ဆက်တိုက်ရှုံးပွဲမရှိကစားထားနိုင်ခဲ့ပြီလည်းဖြစ်ပြီး ရီးယဲလ်မက်ဒရစ်အသင်းနဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းတို့ဟာ စပိန်ကိုပါဒယ်ရေးဖလား ၁၆ သင်းအဆင့်ပွဲစဉ်အဖြစ် ဇန်နဝါရီ ၁၈ ရက်မှာ ထပ်မံဆုံတွေ့ရဦးမှာလည်း ဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းဟာ အက်သလက်တီကိုမက်ဒရစ်အသင်းကို အနိုင်ရရှိခဲ့ပြီဖြစ်တာကြောင့် စပိန်စူပါဖလားနောက်ဆုံးဗိုလ်လုပွဲစဉ်မှာ ဘာစီလိုနာအသင်းနဲ့ အိုဆာဆူနာအသင်း တို့ပွဲစဉ်မှာ အနိုင်ရရှိခဲ့တဲ့အသင်းနဲ့ ယှဉ်ပြိုင်ကစားရမှာလည်း ဖြစ်ပါတယ်။

**ငွေကြယ်**

# ဂါဇာအလယ်ပိုင်း Al-Aqsa ဆေးရုံအနီးရှိ နေအိမ်တစ်လုံးအား အစ္စရေးက ဗုံးကြဲတိုက်ခိုက်၊ ဒေသခံ ၄၀ သေဆုံး



**ဂါဇာ ဇန်နဝါရီ ၁၁**

ဂါဇာအလယ်ပိုင်း Deir el-Balah မြို့ Al-Aqsa ဆေးရုံအနီးရှိ နေအိမ်တစ်လုံးအား အစ္စရေးက ဗုံးကြဲတိုက်ခိုက်ခဲ့ရာ အနည်းဆုံး ဒေသခံ ၄၀ သေဆုံးကြောင်း ဟားမတ်စ်အဖွဲ့က ယမန်နေ့တွင် ပြောကြားခဲ့သည်။

အခြားဖြစ်ရပ်တစ်ခုတွင် Deir el-Balah မြို့၌ လူနာတင်ယာဉ်တစ်စီးကို အစ္စရေးက တိုက်ခိုက်ခဲ့မှုကြောင့် အနည်းဆုံး လေးဦးထက်မနည်း သေဆုံးခဲ့ကြောင်းလည်း ပါလက်စတိုင်းလခြမ်းနီအဖွဲ့၏ ထုတ်ပြန်ချက်အရ သိရသည်။ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ဂါဇာကမ်းမြောင်တစ်လျှောက် အစ္စရေး၏တိုက်ခိုက်မှုအတွင်း ပါလက်စတိုင်း ၁၄၇ ဦးထက်မနည်း သေဆုံးခဲ့ပြီး ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက် ပဋိပက္ခစတင်ချိန်မှစ၍ နယ်မြေအတွင်း သေဆုံးသူ ၂၃၃၅၇ ဦးအထိ တိုးလာခဲ့ကြောင်း ဂါဇာအခြေစိုက် ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

အစ္စရေးသည် ဟားမတ်စ်အဖွဲ့၏ တိုက်ခိုက်မှုကို လက်တုံ့ပြန်မှုအနေဖြင့် ပါလက်စတိုင်းနယ်မြေအတွင်း ကြီးမားသော ထိုးစစ်ဆင်မှုတစ်ခုပြုလုပ်ခဲ့ကြောင်း အစ္စရေးအာဏာပိုင်များက ပြောကြားခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# အောက်တိုဘာ ၇ ရက် တိုက်ခိုက်မှုကို ဟားမတ်စ်ခေါင်းဆောင်များ စီစဉ်ခဲ့ဟု အာရပ်သတင်းစာပြောကြား

**ဂါဇာ ဇန်နဝါရီ ၁၁**

ဂါဇာရှိ ဟားမတ်စ် အဖွဲ့၏ ခေါင်းဆောင်နှင့် ၎င်း၏ လူယုံလေးဦးတို့က အစ္စရေးတွင် အောက်တိုဘာ ၇ ရက် တိုက်ခိုက်မှုကို စီစဉ်ခဲ့ခြင်းဖြစ်သည်ဟု ယနေ့တွင် ဗြိတိန်အခြေစိုက် အာရပ်သတင်းစာတစ်စောင်က ဖော်ပြသည်။

ဟားမတ်စ် ခေါင်းဆောင်ပိုင်းနှင့် နီးစပ်သည့် သတင်းရင်းမြစ်များကို ကိုးကားပြီး Asharq Al-Awsat သတင်းစာက ပြောကြားသည်။

ယင်းတိုက်ခိုက်မှုကို စီစဉ်သည့် အဖွဲ့ဝင်ငါးဦးတွင် ဂါဇာရှိ ဟားမတ်စ် ခေါင်းဆောင် Yahya Sinwar နှင့် ၎င်း၏ အစ်ကိုဖြစ်သူ Mohammed Sinwar တို့ ပါဝင်ပြီး နောက်ပိုင်းတွင် အစ္စရေး၏ တိုက်ခိုက်မှုအတွင်း အဖွဲ့ဝင်တစ်ဦး သေဆုံးခဲ့သည်။

တိုက်ခိုက်မှုပြုလုပ်ရန် ဂါဇာကမ်းမြောင်ဒေသမှ ထိပ်တန်းတိုက်ခိုက်ရေးသမား ၇၀ ကို ရွေးချယ်ခဲ့ကြောင်း အဆိုပါ သတင်းစာတွင် ဖော်ပြထားသည်။

တိုက်ခိုက်မှုမပြုမီ နာရီပိုင်းအလိုတွင် ဟားမတ်စ်၏ ခေါင်းဆောင်များကို အစီရင်ခံခဲ့သည်ဟု သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**



# အာရှအနောက်ပိုင်းဒေသတွင် အမေရိကန်က စစ်ရေးအရ ဝင်ရောက်စွက်ဖက်နေဟု အီရန်တာဝန်ရှိသူပြောကြား

**တီဟီရန် ဇန်နဝါရီ ၁၁**

အာရှအနောက်ပိုင်းဒေသတွင် အမေရိကန်က စစ်ရေးအရ ဝင်ရောက်စွက်ဖက်ပြီး မတည်ငြိမ်မှုများကို ဖန်တီးဆောင်ရွက်နေကြောင်း အီရန်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ နေဆာကနာနီက ယမန်နေ့တွင် ပြောကြားသည်။

အီရတ်ရှိ ဒေသခံတပ်ဖွဲ့များနှင့် အမေရိကန်တပ်ဖွဲ့အကြား တင်းမာမှုများမြင့်တက်နေချိန်တွင် ၎င်းက ယခုကဲ့သို့ မှတ်ချက်ပြုပြောကြားခြင်းဖြစ်သည်။ ဒေသတွင်း မတည်ငြိမ်မှုများသည် အမေရိကန်အစိုးရ၏ စစ်ရေး၊ နိုင်ငံရေးများတွင် ဝင်ရောက်စွက်ဖက်မှုများကြောင့်ဖြစ်လာရပြီး အစ္စရေးနိုင်ငံကိုလည်း အမေရိကန်က နောက်ကွယ်မှ ထောက်ပံ့နေကြောင်း ၎င်းက ပြောကြားခဲ့သည်။

အီရတ်ဝန်ကြီးချုပ် Mohammed Shia' al-Sudani က ၎င်း၏အစိုးရသည် နိုင်ငံခြားတပ်များ ဆုတ်ခွာရန် စီစဉ်ပေးသည့် ကော်မတီမှတစ်ဆင့် အီရတ်ရှိ အမေရိကန်ဦးဆောင်သော မဟာမိတ်အဖွဲ့ ဆုတ်ခွာရေး မကြာမီဆွေးနွေးမှုများ စတင်တော့မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

အမေရိကန်တပ်ဖွဲ့များ အီရတ်မှဆုတ်ခွာရန် အချိန်ကျရောက်နေပြီး ဒေသတွင်းနိုင်ငံများကလည်း ပြည်ပနိုင်ငံ၏ဝင်ရောက်စွက်ဖက်မှုမပါဝင်ဘဲ ဒေသတွင်း ငြိမ်းချမ်းရေးနှင့် တည်ငြိမ်ရေးရရှိရန် ကြိုးပမ်းဆောင်ရွက်ရမည်ဟု ၎င်းက ထပ်လောင်းပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

# တောင်ကိုရီးယားနိုင်ငံက ဂျပန်နိုင်ငံအား ငလျင်ဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် အမေရိကန်ဒေါ်လာ သုံးသန်းပေးအပ်မည်

**တိုကျို ဇန်နဝါရီ ၁၁**

ဇန်နဝါရီ ၁ ရက်တွင် ဂျပန်နိုင်ငံ နိုတိုကျွန်းဆွယ်၌ လှုပ်ခတ်ခဲ့သည့် ငလျင်ဒဏ်ကြောင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ တောင်ကိုရီးယားနိုင်ငံက လူသားချင်းစာနာထောက်ထားမှု အကူအညီအဖြစ် အမေရိကန်ဒေါ်လာ သုံးသန်း ပေးအပ်သွားမည် ဖြစ်ကြောင်း သိရသည်။

တောင်ကိုရီးယား အစိုးရက အဆိုပါ အကူအညီကို ပေးအပ်သွားမည်ဖြစ်ကြောင်း ဇန်နဝါရီ ၁၁ ရက်တွင် တရားဝင်ကြေညာသည်။

**အထောက်အကူဖြစ်စေရန်**

တောင်ကိုရီးယား နိုင်ငံ၏ ထောက်ပံ့ကူညီမှုများသည် ငလျင်ဒဏ်သင့်ဒေသ၌ ပြန်လည်ထူထောင်ရေးတွင် အထောက်အကူဖြစ်စေရန်နှင့် ထိခိုက်ခံစားခဲ့ရသည့် ပြည်သူများကို ပုံမှန်ဘဝအခြေအနေသို့ လျင်မြန်စွာ ပြန်လည် ရောက်ရှိနိုင်စေရန် မျှော်လင့်ကြောင်း တောင်ကိုရီးယားနိုင်ငံခြားရေးဝန်ကြီးဌာနက ပြောကြားသည်။

တောင်ကိုရီးယား သမ္မတ ယွန်ဆက်ယိုးက ငလျင်ဒဏ်သင့်သူများနှင့် ကျန်ရစ်သူမိသားစုများအတွက် ဝမ်းနည်းကြောင်း သဝဏ်လွှာကို ဂျပန်ဝန်ကြီးချုပ် ကီရှီဒါထံ ဇန်နဝါရီ ၂ ရက်က ပေးပို့ခဲ့ကြောင်း တောင်ကိုရီးယား သမ္မတရုံးက သတင်းထုတ်ပြန်ခဲ့သည်။

တောင်ကိုရီးယား သမ္မတ ယွန်ဆက်ယိုးသည် ဂျပန်နိုင်ငံ၏ ပြန်လည်ထူထောင်ရေး ကြိုးပမ်းမှုများတွင် ကူညီရန် ဆန္ဒရှိကြောင်းနှင့် သဘာဝဘေးဒဏ်သင့်ဒေသများ၌ နေထိုင်သူများသည် ၎င်းတို့၏ ပုံမှန်ဘဝသို့ အမြန်ဆုံး ပြန်လည် ရောက်ရှိနိုင်စေရန် မျှော်လင့်ပါကြောင်းလည်း အဆိုပါ သဝဏ်လွှာတွင် ဖော်ပြထားကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**





# ဗီယက်နမ်နိုင်ငံ၌ ပြည်ပ ပညာတော်သင် ကျောင်းသား ၂၂၀၀၀ ခန့် ပညာသင်ကြားနေ

**ဟန္နိုင်း ဇန်နဝါရီ ၁၁**

ဗီယက်နမ်နိုင်ငံ၌ ပြည်ပပညာတော်သင် ကျောင်းသား ၂၂၀၀၀ ခန့် ပညာသင်ကြားနေကြောင်း ယမန်နေ့တွင် ဗီယက်နမ်ပညာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ပြောကြား**

၎င်းပညာတော်သင်ကျောင်းသားများသည် ပညာသင်ဆုအစီအစဉ်နှင့် ကိုယ်တိုင်ငွေကြေးကျခံ၍ ပညာသင်ယူသည့်စနစ်များဖြင့် ပညာသင်ကြားနေကြသည်။ ဗီယက်နမ်နိုင်ငံတွင် ၂၀၁၈ ခုနှစ်မှ ၂၀၂၃ ခုနှစ်အထိ ကာလအတွင်း လာရောက်ပညာသင်ကြားသူ တစ်နှစ်လျှင် ပျမ်းမျှ ၁၀ ရာခိုင်နှုန်းခန့် မြင့်တက်လာကြောင်း ဗီယက်နမ် နယူးစ်အေဂျင်စီက မှတ်ချက်ပြု ပြောကြားသည်။

ဗီယက်နမ်နိုင်ငံမှ ပညာသင်ကြားတတ်မြောက်ခဲ့သည့် ပညာတော်သင်ကျောင်းသားများသည် မိမိနိုင်ငံနှင့် ဗီယက်နမ်အကြား ယဉ်ကျေးမှု၊ ပညာရေး၊ သံတမန်ရေးနှင့် စီးပွားရေးရာကိစ္စရပ်များတွင် ဆက်ဆံရေးမြှင့်တင်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ကြကြောင်း ပညာရေးဝန်ကြီးဌာနက ထပ်လောင်းပြောကြားသည်။ အပြန်အလှန်အားဖြင့် ပြည်ပနိုင်ငံများရှိ တက္ကသိုလ်များနှင့် ဘွဲ့လွန်သင်တန်းများတွင်လည်း ဗီယက်နမ်ကျောင်းသား ၄၀၀၀၀ ခန့် နှစ်စဉ် ပညာသင်ကြားနေကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# တပ်မတော်(ရေ)မှ မြန်မာ့ပင်လယ်ပြင်တွင် ငွေကျပ် ၃၆ ဒသမ ၂၅ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ဒသမ ၄၅ တန် သိမ်းဆည်းရမိ



သိမ်းဆည်းရမိသည့် သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဇန်နဝါရီ ၁၁

တပ်မတော်(ရေ)မှ မြန်မာ့ပင်လယ်ပြင်တွင် ငွေကျပ် ၃၆ ဒသမ ၂၅ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ဒသမ ၄၅ တန် သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

ဇန်နဝါရီ ၄ ရက် မွန်းလွဲ ၃ နာရီခွဲတွင် တပ်မတော်(ရေ)မှ ရောဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့၏ အရှေ့တောင်ဘက် ၁၃၅ မိုင်ခန့်အကွာ ပင်လယ်ပြင် (ခန့်မှန်းမြောက်လတ္တီတွဒ် ၁၄ ဒီဂရီ၀၀မိနစ်၊ အရှေ့လောင်ဂျီကျူ ၉၅ ဒီဂရီ ၂၀ ဒသမ ၉ မိနစ်)၌ အလျား ၅၄ ပေ ၁၀ လက်မ၊ အနံ ၁၁ ပေ၊ ရေစူး ၄ ပေခန့်အရွယ် (သစ်သားကိုယ်ထည်) ရန်လင်းကျော်(၄) အမည်ရှိ စက်လှေအား စစ်ဆေးရှာဖွေရာ အဆိုပါစက်လှေပေါ်တွင် အောင်သိန်း(ခ)ဝတုတ်၊ တူးနိုင်၊ မောင်ဇော်နှင့် ဖိုးလပြည့်တို့ လေးဦးနှင့်အတူ တန်ဖိုးငွေကျပ် ၃၆ ဒသမ ၂၅ ဘီလီယံတန်ဖိုးရှိ အိုက်စ် (မက်သ်အဖက်တမင်း) ၁ ဒသမ ၄၅ တန် ဖမ်းဆီးရမိခဲ့ပြီး စစ်ဆေးချက်အရ ဇန်နဝါရီ ၇ ရက် ည ၁၁ နာရီခွဲတွင် အိုက်စ် (မက်သ်အဖက်တမင်း)များ သယ်ဆောင်ရာတွင် ပူးပေါင်းပါဝင်သူ စိုးကျော်(ခ) စိုးစိုးကျော်အား တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ ကမ်းနီးတံတားတို ဆိပ်ကမ်းတွင် ဆက်လက် ဖမ်းဆီးရမိခဲ့ကြောင်း၊ စစ်ဆေး ဖော်ထုတ်ချက်အရ ဖမ်းဆီးရမိ အိုက်စ်(မက်သ်အဖက်တမင်း)များကို ဟိုင်းကြီးကျွန်းမြို့၏ အရှေ့တောင်ဘက် ၁၃၅ မိုင်ခန့်အကွာ ပင်လယ်ပြင်မှ ကော့သောင်း ရေပိုင်နက်သို့ သယ်ဆောင်ပြီး ၎င်းမှတစ်ဆင့် ပြည်ပသို့ ဆက်လက်ပို့ဆောင်မည်ဖြစ်ကြောင်း သိရှိရသဖြင့် အိုက်စ်(မက်သ်အဖက်တမင်း)များ တာဝန်ခံသယ်ဆောင်သူများ ဖြစ်သည့် ချစ်ထူးနိုင်(ခ) ဆရာချစ်နှင့် ကျော်ဇင်ဦးတို့ပါ တရားခံ ခုနစ်ဦးအား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

# တရားမဝင် စားသောက်ကုန်၊ လူသုံးကုန်နှင့် လုပ်ငန်းသုံးပစ္စည်းများနှင့် ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇန်နဝါရီ ၁၁

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇန်နဝါရီ ၉ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ရာတွင် အမရပူရမြို့နယ် ၁၄၅ လမ်း ၆၅ x ၆၆ လမ်းကြား စက်မှု(၂) ရတနာရှင်ကုန်တင်/ချဂိတ်၌ တရားဝင် စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် Justus Beer ၁၉၆၈ ဘူး၊ Oppa Soiju ပုလင်း ၂၀ အပါအဝင် ကုန်ပစ္စည်းခြောက်မျိုး စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၃၂၆၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

## အရေးယူဆောင်ရွက်လျက်ရှိ

ထို့အပြင် ဇန်နဝါရီ ၁၀ ရက်တွင် မွန်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ရာတွင် မော်လမြိုင်မြို့နယ် မြေနီကုန်းရပ်ကွက် မြို့ရှောင်လမ်း KS ဟိုတယ်အနီး၌ မြဝတီမြို့မှ မော်လမြိုင်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် Kashiwa ထမင်းပေါင်းအိုးခြောက်လုံး၊ Sharp TV(Used) အလုံး ၃၁၀ အပါအဝင် ကုန်ပစ္စည်းခုနစ်မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၁၈၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Toyota Hiace Delivery Van တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၁၄၁၈၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




မွန်ပြည်နယ်၌ သိမ်းဆည်းရမိမှု မှတ်တမ်းဓာတ်ပုံ။

ထို့အတူ ဇန်နဝါရီ ၁၀ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် X-Ray စက် စစ်ဆေးရေးဂိတ်၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် KEYSTO စက်ဘီး သုံးစီးအပါအဝင် ကုန်ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၁၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ဇန်နဝါရီ ၁၀ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာလေးလုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် ပိုက်ဆံအိတ်မျိုးစုံ ကီလိုဂရမ် ၈၀၀၊ Geili Packing Machine သုံးလုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၅၇၉၀၀၀၀)ကိုလည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မော်လမြိုင်မြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသောယာဉ်တစ်စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် CT ကလေးအဝတ်အထည် ကီလိုဂရမ် ၅၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် စက်မှုဇုန်ထုတ် SHWE THWAY HIGH WAY BUS တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၃၅၉၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဇန်နဝါရီ ၉ ရက်နှင့် ၁၀ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၁ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၃၄၃၄၀၀၀) ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၂-၁-၂၀၂၄ သောကြာနေ့

### MRTV HD

- ၀၆:၀၀ မင်းကွန်းဆရာတော်ဘုရားကြီး၏ပရိတ်တရားတော် (အင်္ဂုနာရိယသုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ငါးချဆိပ်ကမ်းမှသည် ငါးသယံဇာတ ထိန်းသိမ်းရေးဆီ
- ၀၉:၄၀ Soccer View
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လူမှုစီးပွားသတင်းများ
- ၁၁:၂၅ ကလောင်စွမ်းဖြင့်ဉာဏ်အလင်းတံခါးဖွင့်ကြသူများ (ကြူကြူသင်းအမျိုးသားစာပေ တစ်သက်တာဆုရှင်)
- ၁၂:၃၅ မြန်မာဇာတ်လမ်းတွဲ 'အုံ့ဘွယ်ချစ်ပုံပြင်' (အပိုင်း-၃)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြည့်စုံခြင်းအိပ်မက်' (အပိုင်း-၉)
- ၁၅:၂၀ လူငယ်ရေးရာအစီအစဉ်
- ၁၆:၃၅ မျိုးဝက်တင့်စေဆိုကရေးတီးအငွေ
- ၁၇:၁၅ ချိုးဆီက...လက်ခတ်သံ
- ၁၇:၃၀ Weekly Sports Info
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၃၅ သံစဉ်ချိုမြမြန်မာတေးအလှ
- ၁၉:၁၀ မြန်မာဇာတ်လမ်းတွဲ 'အုံ့ဘွယ်ချစ်ပုံပြင်' (အပိုင်း-၄)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၁:၀၀ (၇၇)နှစ်မြောက်ပြည်ထောင်စုနေ့ဝက်ပြု အစီအစဉ် 'တောင်ဇလပ်တေးကဗျာ' တေးဂီတပျော်ပြွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်
- ၂၂:၀၀ မြန်မာဇာတ်လမ်းတွဲ 'ရပ်ကွက်ထဲမှာဒီလိုပဲ' (အပိုင်း-၈)

### mitv

- 07:01 Evergreen Classic: Aseinnaya (Takkatho Lae Lae)
- 07:10 The Longest Living Siblings (Part-2)
- 07:32 World Heritage Site: Beikthano
- 07:52 Compelling Benefits of Radiation Technology
- 08:01 News
- 08:27 The Boat Trip to the Three Islands Around Ngwe Saung
- 08:44 The Golden Triangle
- 09:01 Athet Htet Myat Thaw Gon Theikkar or Dignity Greater Than Life
- 09:22 Wushu Kids & Their Limit (Ep-2)
- 09:35 Myanmar Delicate Artistic Handy Creations - Lacquer Ware Making
- 10:01 News
- 10:26 Topical Topics (No. 22) Cooprative Essence & Take Care of Teenagers

### MRTV NRC

**ရခိုင် (၀၆:၀၀ မှ ၀၈:၀၀)**
အနာဂတ်ရဲ့အိပ်မက်ခရီးရှည်

**ရှမ်း (၀၈:၀၀ မှ ၁၀:၀၀)**
တိုင်းလုံ့ရှမ်းကြီးတိုင်းရင်းသားတို့၏ဝတ်စားဆင်ယင်ထုံးဖွဲ့ပုံ

**ဝ (၁၀:၀၀ မှ ၁၂:၀၀)**
'ဝ' ဘာသာစကားပြောကြရအောင်(အပိုင်း-၂)

**ကချင် (၁၂:၀၀ မှ ၁၄:၀၀)**
ကချင်ရိုးရာထမင်းထုပ်နည်း

**ကယား (၁၄:၀၀ မှ ၁၆:၀၀)**
မြင်တွေ့စေချင်ကယားတို့ဌာနေ(ကယားတိုင်းရင်းသားယဉ်ကျေးမှုနှင့်ကေးလျားကျေးရွာ)

**ဝကောကရင် (၁၆:၀၀ မှ ၁၇:၀၀)**
တစ်နိုင်တစ်ပိုင် ရိုးရာငါးပိပြုလုပ်ပုံ

**အနောက်ပိုးကရင် (၁၇:၀၀ မှ ၁၈:၀၀)**
သဘာဝရဲ့လက်ဆောင်အင်းရဲကျွန်း

**အရှေ့ပိုးကရင် (၁၈:၀၀ မှ ၁၉:၀၀)**
အစာအိမ်ရောဂါအကြောင်းသိကောင်းစရာ

**ချင်း (လိုင်စိုး) (၁၉:၀၀ မှ ၂၀:၀၀)**
တို့များကောက်သစ်စားပွဲ၊ချင်းရိုးရာဖက်ထုပ်

**ချင်း (ချိုး) (၂၀:၀၀ မှ ၂၁:၀၀)**
ချင်းအမျိုးသမီးများ၏ပါးရဲထိုးခြင်းဓလေ့

**မွန် (၂၁:၀၀ မှ ၂၃:၀၀)**
ရာသီစာသပြည်းဟင်းလျာ

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၄၀ အားကစားသတင်း
- ၀၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၀၉:၄၅ ရသစုံစွာဉ်မြေကမ္ဘာ
- ၁၁:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၄:၀၀ MRTV National News
- ၁၅:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ (LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း (LIVE)
- ၁၉:၁၅ ချင်းလင်းမြေ (အပိုင်း-၅) (အရှေ့တိုင်း၏ရတနာ)
- ၂၀:၀၀ ပြည်တွင်းသတင်း (LIVE)
- ၂၁:၀၀ ပြည်တွင်းသတင်း (LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၀ ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ရာသက်ပန်ပေါင်းဖို့ရည်ရွယ်မှသာ'
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ကြေညာချက်သတင်းများ
- ၁၀:၁၀ PR SYSTEM စကားဝိုင်း
- ၁၁:၀၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း (ထိုင်းနိုင်ငံ)
- ၁၁:၁၀ ရှေ့သို့ချီမည်...ပန်းတိုင်ဆီ (အပိုင်း-၁၄)
- ၁၈:၀၀ Economic Review (အပိုင်း-၃၄)

### MRTV FARMERS' HTV

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း၊ နှုတ်ခွန်းဆက်
- ၀၆:၁၀ အမေဇုန်မိုးသစ်တောကဲ့သို့စိမ်းစိုလှပသည့် ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တော
- ၀၆:၄၅ စိုက်ပျိုးမွေးမြူသုတဘာဂ်
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၀၀ Hidden.Figures.2016 (နိုင်ငံခြားဇာတ်လမ်း)
- ၂၂:၀၀ Thirteen-Lives-2022 (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HTV

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၁၆:၁၀ MNL 2022 Match (Replay)
- ၁၈:၀၀ အားကစားသတင်း
- ၁၉:၃၅ Soccer View

MRTV Application

Android iOS Huawei

Education Channel ကို နေ့စဉ် နံနက် (၉း၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

https://mrtv.gov.mm

## စစ်ရေးနှင့် သက်ဆိုင်ခြင်းမရှိသည့် ဘုရားစေတီပုထိုးများနှင့် ဘာသာရေးဆိုင်ရာ အဆောက်အအုံများကို ဖျက်ဆီးမှုအပေါ် လားရှိုးမြို့နှင့် ပတ်ဝန်းကျင်ဒေသများမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက ကန့်ကွက်ရှုတ်ချပွဲ ပြုလုပ်



နေပြည်တော် ဇန်နဝါရီ ၁၁

စစ်ရေးဖြင့် သက်ဆိုင်ခြင်းမရှိသည့် ဘုရားစေတီပုထိုးများ၊ ဗုဒ္ဓဆင်းတုတော်များအား ဖျက်ဆီးစော်ကားနေသည့် အကြမ်းဖက်သောင်းကျန်းသူများအား ကန့်ကွက်ရှုတ်ချပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ လားရှိုးမြို့ရှိ လွတ်လပ်ရေး ပန်းခြံကျောက်တိုင်ကွင်း၌ ကျင်းပသည်။

ဦးစွာ ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့နှင့် ပတ်ဝန်းကျင်ဒေသများမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသားပြည်သူများက လားရှိုးမြို့ရှိ လွတ်လပ်ရေး ပန်းခြံကျောက်တိုင်ကွင်း၌ စုဝေးကြပြီး သံဃာတော်များနှင့် မြို့မိမြို့ဖများက ဗုဒ္ဓဘာသာအပေါ် ဖျက်ဆီးရန် လုပ်ဆောင်နေမှုများကို ကန့်ကွက်ကြောင်း ဟောပြောကြသည်။ ထို့နောက် ကန့်ကွက်ရှုတ်ချပွဲသို့ တက်ရောက်လာကြသူများက "အမျိုးဘာသာ သာသနာအား ဖျက်ဆီးသည့် အကြမ်းဖက်အဖွဲ့များ အလိုမရှိ၊ ဘာသာအကျိုး ဒို့သယ်ပိုး၊ အချုပ်အခြာအာဏာကို ထိပါးစော်ကားသော ပြည်ဖျက်မိစ္ဆာများအား ဆန့်ကျင်ကြ၊ အကြမ်းဖက်သမားများ ကိုယ်ပြုသည့်ကံ ကိုယ့်ထံပြန်လာလိမ့်မည်" ဟူသည့် ငြိမ်းချမ်းစွာ ဆန္ဒထုတ်ဖော်ကာ အခမ်းအနားကို ကြွေးကြော်သံများ၊ ဆိုင်းဘုတ်များ ကိုင်ဆောင်၍ ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရခိုင်ပြည်နယ် မြောက်ဦးမြို့တွင် အရပ်သားသုံးဦးကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်သတ်ခဲ့ကြောင်း သတင်းတု၊ သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ

နေပြည်တော် ဇန်နဝါရီ ၁၁

ရခိုင်ပြည်နယ် မြောက်ဦးမြို့၌ ဇန်နဝါရီ ၉ ရက်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူသားဒိုင်းကာအဖြစ် ခေါ်ဆောင်သွားသည့် အရပ်သားသုံးဦးကို ပစ်သတ်ခဲ့ကြောင်း သတင်းတု၊ သတင်းမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေတည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေ စိုးမိုးရေးနှင့် ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရာတွင် ချမှတ်ထားသည့် စစ်ပွဲဆိုင်ရာဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်လျက်ရှိကာ စစ်ရေးရည်မှန်းချက်များကိုသာ တိုက်ခိုက်ပြီး အရပ်သားပြည်သူများကို လူ့အခွင့်အရေးများနှင့်အညီ ကာကွယ်စောင့်ရှောက်လျက်ရှိသည်။

တရားမဝင် ပြည်ဖျက်မီဒီယာများက ပြည်သူများအား ကြောက်ရွံ့ထိတ်လန့်စေရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အထင်အမြင်လွဲမှားစေရန်အတွက် သတင်းတု၊ သတင်းမှားများကို လုပ်ကြံရေးသားကာ သွေးခွဲသပ်လျှိုလျက်ရှိပြီး အကြမ်းဖက်သောင်းကျန်းသူများ၏ အရပ်သားများ သတ်ဖြတ်ခြင်း၊ နေအိမ်များမီးရှို့ခြင်းနှင့် အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် အပြစ်ပုံချလျက်ရှိကြောင်း သိရသည်။







**သတင်းစဉ်**

## ကျန်ရစ်သူအကျိုးခံစားခွင့် ငွေလုံးငွေရင်းထုတ်ပေး

ရန်ကုန် ဇန်နဝါရီ ၁၁

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော အာမခံအလုပ်သမားနှစ်ဦးအတွက် အကျိုးခံစားခွင့် ငွေလုံးငွေရင်း ထုတ်ပေးခြင်းကို ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး အစည်းအဝေးခန်းမ၌ ဇန်နဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက ကျင်းပသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးတာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးသိန်းနွဲ့ဦးက ၂၀၁၂ ခုနှစ် လူမှုဖူလုံရေး ဥပဒေပါ အကျိုးခံစားခွင့်များအကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး လူမှုဖူလုံရေးရုံး တိုင်းဒေသကြီး တာဝန်ခံအရာရှိ ဒုတိယညွှန်ကြားရေးမှူးက သန်လျင်မြို့နယ် လူမှုဖူလုံရေးရုံးတွင် အကျုံးဝင်မှတ်ပုံတင်ထားသော Agri Fist Co.,Ltd မှ အာမခံအလုပ်သမား ဦးဟန်မင်းဦးသည် ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် အလုပ်တာဝန်ထမ်းဆောင်နေစဉ် လုပ်ငန်းခွင်အတွင်း ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေလုံးငွေရင်း ထုတ်ပေးခြင်းကို ဖခင်ဖြစ်သူ ဦးသန်းအေးထံသို့ ငွေကျပ် ၉၀၀၀၀၀၀ ထုတ်ပေးခြင်းနှင့် MGE Myanmar Golden Eagle Co.,Ltd မှ အာမခံအလုပ်သမား ဦးစိန်သန်းသည် ၂၀၂၃ခုနှစ် အောက်တိုဘာ ၂၄ ရက်တွင် အလုပ်တာဝန်ထမ်းဆောင်နေစဉ် လုပ်ငန်းခွင်အတွင်း ထိခိုက်မှုကြောင့် သေဆုံးခြင်းအတွက် ကျန်ရစ်သူ အကျိုးခံစားခွင့် ငွေလုံးငွေရင်း ထုတ်ပေးခြင်းကို ဇနီးဖြစ်သူ ဒေါ်ခင်ဌေးကြည်ထံသို့ ငွေကျပ် ၁၂၆၅၀၀၀၀ ထုတ်ပေးခြင်းတို့ကို သန်လျင်မြို့နယ် လူမှုဖူလုံရေးရုံးခွဲ တာဝန်ခံနှင့် အလုပ်ဌာနတာဝန်ရှိသူများ ရှေ့မှောက်တွင် ခွင့်ပြုထုတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**




## မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ဆောက်ချိုပေါက်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့သဖြင့် နေအိမ် ၁၀ လုံးကျော် မီးလောင်ခဲ့ကြောင်း ကောလာဟလ သတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ




နေပြည်တော် ဇန်နဝါရီ ၁၁

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ဆောက်ချိုပေါက်ကျေးရွာအတွင်းသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဇန်နဝါရီ ၉ ရက်တွင် ပစ်ခတ်ဝင်ရောက်ပြီး မီးရှို့ဖျက်ဆီးခြင်းကြောင့် နေအိမ် ၁၀ လုံးကျော် မီးလောင်ပျက်စီးခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက ကောလာဟလ သတင်းအမှားများကို လုပ်ကြံရေးသားပြီး လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်မြေမှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဇန်နဝါရီ ၉ ရက်တွင် ဆောက်ချိုပေါက်ကျေးရွာနှင့် အနီးဝန်းကျင်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ သွားရောက်ခဲ့ခြင်းမရှိပါကြောင်းနှင့် နယ်မြေလုံခြုံရေးဆောင်ရွက်ခြင်းများ မရှိကြောင်း၊ ကောလာဟလသတင်းအမှားများသာဖြစ်ကြောင်း သိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများအနေဖြင့် ကောလာဟလသတင်းများကို လုပ်ကြံရေးသားပြီး ပြည်သူများအား ကြောက်ရွံ့ထိတ်လန့်စေရန် သတင်းအဆိပ်ခတ်ခြင်းနှင့် အကြမ်းဖက်သမားများမှ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လာရန် လှုံ့ဆော်ရေးသား ဝါဒဖြန့်ခြင်းတို့ဖြင့် နိုင်ငံတွင်းတည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန်နှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများကို ထိခိုက်စေရန် သတင်းတု၊ သတင်းမှားများကို လုပ်ကြံရေးသားနေခြင်းသာဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

### ရေချွေတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များ ဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ လွန်ချမ်းသာ

# မြန်မာ့လူ့အဖွဲ့အစည်းဂုဏ်သိက္ခာမြင့်မားစေဖို့ နည်းပညာမြင့် စာပေသင်ကြစို့

မေယု-မျိုးအောင် (MANA)

ပညာရေးလေ့လာဆန်းစစ်သူတို့က လူ့သမိုင်းတွင် ပညာရေးပေါက်ကွဲမှု သုံးကြိမ် ဖြစ်ပေါ်ခဲ့သည်ဟုဆိုသည်။ ယင်းပညာရေးပေါက်ကွဲမှုများမှာ ရှေးအခါက အက္ခရာကို စတင်တီထွင်ခဲ့ချိန်၊ စာပုံနှိပ်စက်ကို စတင်တီထွင်သူ ဂူတင်ဘတ်ကြောင့် ပုံနှိပ်ပညာတစ်ဟုန်ထိုး ထွန်းကားခဲ့ချိန်နှင့် မျက်မှောက်ကာလ အင်တာနက်နှင့် ခေတ်မီဆက်သွယ်ရေးစနစ် စတင်ဖွံ့ဖြိုးချိန်တို့ဖြစ်သည်။ အစဉ်အလာပညာရေးစနစ်သည် လူ့တန်ဖိုးကို မြင့်မားစေရန် ကြံဆောင်ပေးနေသကဲ့သို့ ပညာဗဟုသုတ တိုးပွားစေရေးကိုလည်း အလေးထားခဲ့သဖြင့် သမိုင်းတစ်လျှောက် တရွေ့ရွေ့ဖွံ့ဖြိုးတိုးတက်ခဲ့သည်။ နည်းပညာများ တိုးတက်ဖွံ့ဖြိုးလာသည်နှင့်အမျှ အင်တာနက်နှင့် ခေတ်မီဆက်သွယ်ရေးစနစ်သည် ပညာရေးကို များစွာလွှမ်းမိုးသည့် အကြောင်းတရားတစ်ခု ဖြစ်လာသည်။ ခေတ်သစ်စာသင်ခန်းများသည် ကွန်ပျူတာနှင့် နည်းပညာမပါဘဲ တည်ဆောက်၍မရတော့သည့် အနေအထားမျိုးဖြစ်လာသည်။ နိုင်ငံအများစုသည် ၂၀ ရာစုတွင် ကျင့်သုံးခဲ့သော ဆရာဗဟိုပြုသင်ကြားရေးစနစ်မှ ကျောင်းသားဗဟိုပြုစာသင်ခန်းများဖြင့် ကျောင်းသားအချင်းချင်း ပူးပေါင်းသင်ယူခြင်း၊ ဆရာနှင့် ကျောင်းသား ပူးပေါင်းဆောင်ရွက်ခြင်း စသည်တို့ကို အခြေခံသည့်စနစ်သို့ ပြောင်းလဲခဲ့ကြသည်။



၂၁ ရာစု ပညာရေးစနစ်တွင် ကျောင်းသားများကို ကျွမ်းကျင်စွာရေးတတ်၊ ဖတ်တတ်၊ ပြောတတ်စေရန် သင်ကြားပေးနိုင်ရုံဖြင့် မလုံလောက်တော့ဘဲ ပြဿနာအခြေပြုသင်ကြားခြင်း၊ စီမံကိန်းအခြေပြုသင်ကြားခြင်းများအဖြစ် ပြောင်းလဲခဲ့ကြသည်။ နိုင်ငံအများအပြား၏ သင်ရိုးညွှန်းတမ်းများတွင် အသိပညာ၊ အတတ်ပညာကျွမ်းကျင်မှု၊ မီဒီယာ၊ သတင်းနှင့် ဆက်သွယ်ရေးနည်းပညာတတ်မြောက်မှု၊ လက်တွေ့ဘဝနှင့် ကိုက်ညီသည့် ဘာသာရပ်ဖြစ်မှု စသည့် အခြေခံအချက်များပါဝင်ရန် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိသည်။ ပညာရေးကို လူတိုင်းလက်လှမ်းမမီနိုင်သေးခြင်းမှာ ကမ္ဘာကြီးအတွက် ကြီးမားသည့်စိန်ခေါ်မှုတစ်ရပ်အဖြစ် ရှိနေသည်။ နိုင်ငံအချို့တွင် အွန်လိုင်းပလက်ဖောင်းများ၊ တီဗွီ၊ ရေဒီယို အစီအစဉ်များဖြင့် အဝေးသင်ပညာရေး ပလက်ဖောင်းများအသုံးပြု၍ သင်ယူမှုမပြတ်တောက်စေရန် လုပ်ဆောင်ခဲ့ကြသည်။ ဒစ်ဂျစ်တယ်နှင့် ကွာဟမှုရှိနေသည့် သုံးပုံတစ်ပုံကျော်သော ကျောင်းသားများအတွက်မူ အဆိုပါသင်ကြားမှုမျိုးကို လက်လှမ်းမမီဖြစ်နေရသည်။

### ကမ္ဘာတစ်ဝန်း ပဋိပက္ခနယ်မြေရှိကလေးများ ပညာသင်ကြားခွင့် ဆုံးရှုံး

ကုလသမဂ္ဂ၏အဆိုအရ ကမ္ဘာတစ်ဝန်းပဋိပက္ခနယ်မြေရှိကလေးများ ပညာသင်ကြားခွင့် ဆုံးရှုံးနေသည်။ ကျောင်းပြင်ပရှိကလေးများသည် လက်နက်ကိုင်တပ်ဖွဲ့များ၏ အလွဲသုံးမှု၊ လူသစ်စုဆောင်းမှုတို့၏ ပစ်မှတ်များဖြစ်နေသည်။ ကမ္ဘာတစ်ဝန်းရှိ ကလေးများနှင့် ဆယ်ကျော်သက် ၂၄၄ သန်းသည် ကျောင်းဝင်ခွင့် သို့မဟုတ် ပညာသင်ယူမှုပြီးမြောက်ရန် အခွင့်အလမ်းမရှိဖြစ်နေပြီး အရွယ်ရောက်ပြီးသူ ၆၁၇ သန်းသည်လည်း စာမတတ်ကြသေးပေ။ အာဖဂန်နစ္စတန်နိုင်ငံကဲ့သို့သော ဘာသာရေးအစွန်းရောက်နိုင်ငံများတွင် အမျိုးသမီးများ ပညာသင်ယူခွင့် ဆုံးရှုံးနေရဆဲဖြစ်သည်။ ပညာရေးစနစ်ဟူသည် နိုင်ငံတစ်နိုင်ငံ အဆင့်အတန်း ဘယ်လောက်မြင့်သလဲဆိုသည့်အချက်ကို တိုင်းတာပေးနိုင်သည့်အရာဖြစ်လျှင် ပညာရေးစနစ်ကောင်းများကို ဖော်ထုတ်ပေးမည့်သူမှာ အစိုးရဖြစ်သည်ကို ထွေထွေထူးထူး ရှင်းပြနေစရာပင်လိုမည်မဟုတ်ပေ။ အစိုးရမှာ သာမန်အစိုးရမဟုတ်၊ ပညာရေးကို အသားပေး အလေးပေးခဲ့သည့် အစိုးရဖြစ်ရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ပညာရေးအဆင့်အတန်းကို ကြည့်မည်ဆိုလျှင် ကိုလိုနီနယ်ချဲ့ဗြိတိသျှတို့ အုပ်ချုပ်သောခေတ်တွင်ပင် ပညာရေးကို အလေးထားခဲ့သောကြောင့် ရန်ကုန်တက္ကသိုလ်ကဲ့သို့ ဒေသတွင်းနိုင်ငံများအကြား များစွာထင်ရှားကျော်ကြားသည့် ရန်ကုန်တက္ကသိုလ် ပေါ်ပေါက်ခဲ့သည့်အပြင် ကိုလိုနီအုပ်ချုပ်ရေးစနစ်၏ ဗျူရိုကရေစီယန္တရားအလို့ငှာ မြန်မာပညာတတ်၊ ထူးချွန်ထက်မြက်သူများစွာပေါ်ထွန်းစေနိုင်ခဲ့ပေသည်။

ပါလီမန်ဒီမိုကရေစီခေတ်တွင်လည်း လွတ်လပ်၍ ခေတ်မီသော ပညာရေးမူဝါဒတို့ကြောင့် ထူးချွန်သော မြန်မာလူငယ်များစွာ လေ့ကျင့်ပျိုးထောင်ပေးနိုင်ခဲ့သည်။ ရန်ကုန်တက္ကသိုလ်သည် နိုင်ငံတကာမှ ပညာတော်သင်ကျောင်းသားများ လာရောက်လေ့လာသင်ကြားရသည်အထိ အဆင့်အတန်းမြင့်မားခဲ့သည်။ လမ်းစဉ်ပါတီခေတ်တွင် နယ်ပယ်အသီးသီးရှိ ထိပ်ပိုင်းနေရာများ၌ ဦးစီးဦးဆောင်နိုင်ခဲ့ကြပေသည်။ တော်လှန်ရေးကောင်စီခေတ်နှင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်တို့တွင်လည်း ယခင်စနစ်ဟောင်းမှ ကျန်ရှိနေသေးသော လူချွန်၊ လူတော်ကြီးများနှင့် ထိတွေ့ပညာသင်ခွင့်ရခဲ့သောကြောင့် အတိုင်းအတာတစ်ခုလောက်အထိ ထူးချွန်ထက်မြက်သူများ မွေးထုတ်ပေးနိုင်ခဲ့သည်ဟု ဆိုရမည်ဖြစ်သည်။

### ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် သော့ချက်ဖြစ်

အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးကြေညာစာတမ်းအရ လူတိုင်းပညာသင်ကြားခွင့်ရှိပြီး ၁၉၈၉ ခုနှစ်တွင် လက်ခံကျင့်သုံးခဲ့သော ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကွန်ဗင်းရှင်းက နိုင်ငံတိုင်းအဆင့်မြင့်ပညာရေးကို လူတိုင်းလက်လှမ်းမီနိုင်စေရမည်ဟု ဆိုထားသည်။ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်(၄)သည် အားလုံးပါဝင်နိုင်၍ သာတူညီမျှသော အရည်အသွေးရှိသည့် ပညာရေးကို သေချာစေရန်နှင့် ၂၀၃၀ ပြည့်နှစ်တွင် အားလုံးအတွက် တစ်သက်တာသင်ယူမှု အခွင့်အလမ်းများကိုမြှင့်တင်ရန် ရည်ရွယ်ထားသည်။ ပညာရေးသည် နိုင်ငံအားလုံး၏ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုအတွက် သော့ချက်ဖြစ်သည်။ ပညာသင်ယူခွင့်ရှိခြင်းသည် ကုလသမဂ္ဂ၏ အခြားသော ရည်မှန်းချက်များဖြစ်သည့် ဆင်းရဲမွဲတေမှုကို ပုံစံအမျိုးမျိုးဖြင့် အဆုံးသတ်ခြင်း၊ ငတ်မွတ်ခေါင်းပါးမှုကို တိုက်ဖျက်ခြင်း၊ လူတိုင်းအတွက် သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်ရရှိစေခြင်းတို့နှင့်လည်း ဆက်နွှယ်လျက်ရှိသည်။ ကလေးသူငယ်တို့၏ ပညာသင်ယူခွင့်ကို နည်းပေါင်းစုံဖြင့် လမ်းဖွင့်ပေးထားရန်နှင့် ပညာသင်ကြားခွင့်ကို အဟန့်အတားဖြစ်စေမည့် လုပ်ဆောင်မှုမှန်သမျှကို အထူးရှောင်ကြဉ်ရန် လိုအပ်သည်။

> ○ နည်းပညာခေတ်ကို ရောက်လာပြီဖြစ်သဖြင့် ပညာရေးတွင်လည်း နည်းပညာကို အထောက်အကူပြုပစ္စည်းတစ်ခုအနေဖြင့် မဖြစ်မနေ သုံးစွဲလာရတော့မည်ဖြစ်သည်။ အထက်တန်းအဆင့် ပညာသင်ကြားရေးတွင် နည်းပညာကို လိုအပ်ချက် တစ်ရပ်အနေဖြင့် ထည့်သွင်းမသင်ကြားပေးနိုင်သေးပါက ကမ္ဘာ့အဆင့်ပညာရေးကို တက်လှမ်းနိုင်ပြီဟု မဆိုနိုင်သေးပေ
>
> ○ အနာဂတ်ပညာရေးသည် အစဉ်အလာ စာရွက်၊ စာအုပ်ပညာရေးမဟုတ်။ ကွန်ပျူတာပေါ်တွင် ပရိုဂရမ်ရေးထုတ်သည့် Programming Skills များဖြစ်လာစေရန် တီထွင်သင်ကြားပေးရမည့် ပညာရေးဖြစ်လာသည်။ ကွန်ပျူတာသုံးတတ်ရုံအဆင့် မဟုတ်ပေ။ ကွန်ပျူတာကုတ်ရေးတတ်မှဖြစ်တော့မည်ဆိုသည့်အဆင့်ကို တက်လှမ်းလာပြီဖြစ်

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကို တွက်ချက်ရာ၌ ကျန်းမာရေးတွင် လူ့ဘဝမျှော်မှန်းသက်တမ်း၊ ပညာရေးတွင် စာတတ်မြောက်နှုန်းနှင့် လူနေမှုအဆင့်အတန်းတွင် တစ်ဦးချင်းဝင်ငွေ စသည့် အချက်များကို ထည့်သွင်းတိုင်းတာလေ့ရှိသည်။ စာတတ်မြောက်မှုနှုန်း နိမ့်ကျခြင်းသည် လူတစ်ဦးချင်းစီ၏ ရိုက်ခတ်မှုရှိသည်။ ကမ္ဘာကြီးသည် ပုံစံအမျိုးမျိုးဖြင့် ဖွံ့ဖြိုးတိုးတက်နေသော်လည်း စာတတ်မြောက်မှုနှင့်ပတ်သက်လာလျှင် အခက်အခဲများစွာဖြင့် ရင်ဆိုင်နေရဆဲဖြစ်သည်။ စစ်တမ်းများအရ ကမ္ဘာတစ်ဝန်းတွင် ကျောင်းမတက်ဖူးသည့် ကလေးများနှင့် အရွယ်မရောက်သေးသူ သန်းပေါင်း ၂၆၀ ကျော်ရှိပြီး ကလေးများနှင့် အရွယ်မရောက်သေးသူ ၆၁၇ သန်းခန့်တွင် ၁၀ ဦးလျှင် ခြောက်ဦးမှာ အခြေခံ အရေး၊ အဖတ်၊ အတွက် တတ်မြောက်ခြင်းမရှိကြပေ။ ယနေ့အထိတိုင် အရေး၊ အဖတ်၊ အတွက် စာတတ်မြောက်မှုမရှိသည့် လူငယ်၊ လူကြီး ၇၇၃ သန်းအနက် သုံးပုံနှစ်ပုံသည် အမျိုးသမီးများဖြစ်နေသည်။ နည်းပညာများ အရှိန်အဟုန်မြင့် ဖွံ့ဖြိုးသည့်ကမ္ဘာကြီးတွင် စာမတတ်သူဦးရေ အများအပြားရှိနေခြင်းက အနာဂတ်အတွက် မျှော်လင့်ချက်ကင်းမဲ့စေသည်။

### ၃ ဒသမ ၅ သန်းခန့်မှာ သက်ကြီးစာမတတ်သူများဖြစ်

စက်တင်ဘာလ ၈ ရက်နေ့သည် နိုင်ငံတကာ စာတတ်မြောက်ရေးနေ့ဖြစ်သည်။ ၁၉၆၅ ခုနှစ် စက်တင်ဘာလ ၈ ရက်နေ့မှ ၁၉ ရက်နေ့အထိ အီရန်နိုင်ငံ တီဟီရန်မြို့တွင် ကျင်းပသော နိုင်ငံပေါင်း ၈၉ နိုင်ငံမှ ပညာရှင်များ၏ ကမ္ဘာ့စာတတ်မြောက်ရေးညီလာခံမှ ကမ္ဘာတစ်ဝန်း စာမတတ်သူ ပပျောက်စေရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထိုရက်ကို သတ်မှတ်ခဲ့ခြင်းဖြစ်သည်။ မြန်မာနိုင်ငံသည် တစ်ချိန်က စာတတ်မြောက်ရေးလှုပ်ရှားမှု (အ သုံးလုံး)ကို အင်တိုက်အားတိုက်လုပ်ဆောင်ခဲ့ရာ ထိုသို့ စွမ်းစွမ်းတမံ ဆောင်ရွက်မှုများအတွက် ယူနက်စကိုက မြန်မာနိုင်ငံအား ၁၉၇၁ ခုနှစ်တွင် မိုဟာမက်ရီဇာပါလာဗီဆုကိုလည်းကောင်း၊ ၁၉၈၃ ခုနှစ်တွင် နိုမာဆုကိုလည်းကောင်း ပေးအပ်ခဲ့သည်။ မြန်မာနိုင်ငံ၏ စာတတ်မြောက်မှုနှုန်းသည်လည်း ၂၀၀၀ ပြည့်နှစ်တွင် ၉၁ ရာခိုင်နှုန်း၊ ၂၀၁၁ ခုနှစ်တွင် ၉၅ ဒသမ ၀၁ ရာခိုင်နှုန်းအထိ မြင့်တက်ခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် ကောက်ယူခဲ့သည့် လူဦးရေနှင့် အိမ်အကြောင်းအရာသန်းခေါင်စာရင်းပါ အချက်အလက်များတွင် မြန်မာနိုင်ငံ လူဦးရေ၏ ၈၉ ဒသမ ၅ ရာခိုင်နှုန်းသည် ဘာသာစကားတစ်ခုခုကို ရေးတတ်၊ ဖတ်တတ်သည်။ အသက်(၁၅)နှစ်နှင့်အထက် ၃ ဒသမ ၅ သန်းခန့်မှာ သက်ကြီးစာမတတ်သူများဖြစ်ကြပြီး အသက်(၁၅)နှစ်အောက် သက်ငယ်စာမတတ်သူများမှာ ၂ ဒသမ ၇ သန်းခန့် ရှိနေသည်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းပြင်ပ ပညာရေးကို ဆက်လက်အကောင်အထည်ဖော်မှုကြောင့် အောင်မြင်မှုအချို့ ရရှိခဲ့သော်လည်း အခက်အခဲများနှင့် စိန်ခေါ်မှုများရှိနေဆဲဖြစ်ကြောင်း သိရသည်။

### ပညာရေးတွင် နည်းပညာကို အထောက်အကူပြုပစ္စည်းတစ်ခုအနေဖြင့် သုံးစွဲလာရတော့မည်

နည်းပညာခေတ်ကို ရောက်လာပြီဖြစ်သဖြင့် ပညာရေးတွင်လည်း နည်းပညာကို အထောက်အကူပြုပစ္စည်းတစ်ခုအနေဖြင့် မဖြစ်မနေ သုံးစွဲလာရတော့မည်ဖြစ်သည်။ 

စာမျက်နှာ ၁၇ သို့ ☆

# မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း မွန်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများသို့ အလှူငွေများလှူဒါန်းပွဲ တက်ရောက်

မော်လမြိုင် ဇန်နဝါရီ ၁၁



နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မွန်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ အလှူငွေများလှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ ရွှေမြိုင်သီရိရပ်ကွက် ဓမ္မသုခ ဘုန်းတော်ကြီးသင် ပညာရေးကျောင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းနှင့် တက်ရောက်လာသော ဧည့်ပရိသတ် အပေါင်းတို့က နမောတဿ သုံးကြိမ် ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

**ဆက်ကပ်လှူဒါန်း**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မော်လမြိုင်မြို့ ရွှေမြိုင်သီရိရပ်ကွက် ဓမ္မသုခ ဘုန်းတော်ကြီးသင် ပညာရေး မူလွန်ကျောင်းဥက္ကဋ္ဌ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တနာရဒထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ဆရာတော်ထံ လှူဖွယ်ပစ္စည်းများနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဓမ္မသုခကျောင်းရှိ ကျောင်းသားကျောင်းသူ ၁၄၅ ဦးအတွက် လှူဒါန်းငွေကျပ် ၄၃ သိန်း ငါးသောင်းကို လည်းကောင်း၊ ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်က ပြည်နယ်အစိုးရအဖွဲ့က လှူဒါန်းသော စားသုံးဆီဘူး ၁၀၀ နှင့် ခေါက်ဆွဲခြောက်ဖာ ၁၀၀ ကိုလည်းကောင်း ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှု အစုစုတို့အတွက် အနုမောဒနာတရား နာယူကြည်ညို၍ ရေစက်သွန်းချ အမျှပေးဝေကြသည်။

**ထောက်ပံ့လှူဒါန်းလျက်ရှိ**

နယ်စပ်ရေးရာ ဝန်ကြီးဌာနက နယ်စပ်ဒေသများတွင် ဘာသာ သာသနာ ထွန်းကားပြန့်ပွားရေးအတွက် ဘုန်းတော်ကြီးသင် ပညာရေး ကျောင်းများကို ထောက်ပံ့ လှူဒါန်းလျက်ရှိရာ ယခုနှစ်တွင် မွန်ပြည်နယ်အတွင်းရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းငါးကျောင်းရှိကျောင်းသားကျောင်းသူ ၆၅၁ ဦးအတွက် ငွေကျပ် ၁၉၅ သိန်း ၃ သောင်းကို ပေးအပ် လှူဒါန်းသွားမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ပြီးခဲ့သည့် ဒီဇင်ဘာလအတွက် ပြည်ပစေလွှတ်သည့် လုပ်သားစာရင်း လုံးဝပေးပို့ခြင်းမရှိသည့် အေဂျင်စီ ၁၈ ခုရှိနေ

ရန်ကုန် ဇန်နဝါရီ ၁၁

၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွက် ပြည်ပစေလွှတ်သည့် လုပ်သားစာရင်း လုံးဝပေးပို့ခြင်းမရှိသည့် အေဂျင်စီ ၁၈ ခုထိ ရှိနေကြောင်း Safe Migration က အသိပေးထားသည်။

ပြည်ပအလုပ်အကိုင် အကျိုးဆောင်လိုင်စင်ရအေဂျင်စီများ အနေဖြင့် ဇန်နဝါရီ ၁ ရက်မှစ၍ အလုပ်သမားစေလွှတ်ရေး လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရုံးချုပ်သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ စာလမ်းကြောင်းမှသော်လည်းကောင်း တင်ပြရန်မလိုတော့ဘဲ တင်ပြမည့်နိုင်ငံအလိုက် အီးမေးလ်များဖြင့်သာ တင်ပြရမည်ဖြစ်ကြောင်းလည်း အသိပေးခဲ့သည်။

၂၀၂၃ ခုနှစ် ဒီဇင်ဘာလအတွက် စေလွှတ်လချုပ်လုပ်သားစာရင်းပေးခြင်းမရှိသည့် အေဂျင်စီ ၁၈ ခုစာရင်းကို ဇန်နဝါရီ ၉ ရက် ညပိုင်းတွင် ထုတ်ပြန်ခဲ့ပြီးယင်းအေဂျင်စီများအနက် အေဂျင်စီ သုံးခုမှာ သုံးကြိမ်အထက် ပျက်ကွက်မှုရှိကြောင်း သိရသည်။

စေလွှတ်လချုပ် လုံးဝပေးပို့ခြင်းမရှိသည့် အေဂျင်စီများအနေဖြင့် ဇန်နဝါရီ ၁၀ ရက် မွန်းလွဲ ၃ နာရီနောက်ဆုံးထား အီးမေးလ်ပေးပို့ရန် နောက်ဆုံးအကြိမ် အသိပေးခဲ့သည်။

နိုင်ငံအလိုက်စေလွှတ်လိုက်သည့် အလုပ်သမားစာရင်းအရေအတွက်ကို အေဂျင်စီများအနေဖြင့် စေလွှတ်လချုပ်အား စေလွှတ်စာရင်းရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ၊ ယာယီအပိတ်ခံထားရသည်ဖြစ်စေ ပေးပို့ကြရမည်ဟု အသိပေးထားသည်။

စာဖြင့်သတိပေး သုံးကြိမ်ရှိသူများအနေဖြင့် နောက်တစ်ကြိမ်ထပ်မံဖြစ်ပွားပါက ဝန်ခံကတိ စတင်လက်မှတ်ရေးထိုးရမည်ဖြစ်ကြောင်း၊ ထပ်မံ၍ပျက်ကွက်ပါက ကာလအကန့်အသတ်ဖြင့် လိုင်စင်ပိတ်သိမ်းခံရမည်ဖြစ်ကြောင်းလည်း နိုဝင်ဘာလက အသိပေးထားသည်။

MT

❖ မြန်မာ့လက်ရွေးစင်မှ

ရွေးချယ်ထားပြီး ပြည်ပကလပ်များတွင် ကစားနေသူအချို့နှင့် ဒဏ်ရာရနေသူများ ပါဝင်လာခြင်းမရှိသေးဘဲ ဒုတိယအကြိမ်လေ့ကျင့်မှသာ လာရောက်ပူးပေါင်းမည်ဖြစ်သည်။ ယခုလေ့ကျင့်မည့် မြန်မာ့လက်ရွေးစင်အသင်းတွင် ဂိုးသမား-ကျော်ဇင်ဖြိုး၊ ဆန်းဆက်နိုင်၊ ပြည့်ဖြိုးသူ၊ ဇင်ညီညီအောင်၊ နောက်တန်း- သက်ဟိန်းစိုး၊ သီဟထက်အောင်၊ ရဲမင်းသူ၊ ဟိန်းဇေယျာလင်း၊ လတ်ဝေဘုန်း၊ ငြိမ်းချမ်း၊ ကောင်းထက်ပိုင်၊ ဖွဲ့ခန့်မင်း၊ ဖွဲ့ထက်မင်း၊ အလယ်တန်း-ခွန်ကျော်ဇင်ဟိန်း၊ မောင်မောင်လွင်၊ ဥက္ကာနိုင်၊ မြတ်ကောင်းခန့်၊ လင်းထက်စိုး၊ ဟိန်းထက်အောင်၊ ဇော်ဝင်းသိန်း၊ ဝေလင်းအောင်၊ အာကာကျော်၊ အောင်နိုင်ဝင်း၊ ရန်နိုင်ဦး၊ ကျော်မင်းဦး၊ ရှေ့တန်း- ကျော်ကိုကို၊ ဝင်းနိုင်ထွန်းနှင့် သူရိန်ထွန်းတို့ ပါဝင်ကြသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် မတ်လတွင် ကမ္ဘာ့ဖလားခြေစစ်ပွဲအဖြစ် ဆီးရီးယားအသင်းနှင့် အိမ်ကွင်း၊ အဝေးကွင်း နှစ်ပွဲကစားရမည်ဖြစ်သည်။

သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF


# အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဒီပလိုမာ(ဗုဒ္ဓဓမ္မ)သင်တန်း ဝင်ခွင့်စာမေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ်၏ ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ဒီပလိုမာ (ဗုဒ္ဓဓမ္မ) သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲကို ဇန်နဝါရီ ၉ ရက်က တက္ကသိုလ်ရှိ စာသင်ခန်းမများ၌ ကျင်းပခဲ့ရာ ပြည်တွင်းပြည်ပမှ ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်စုစုပေါင်း ၁၇၈ ပါး /ဦးတို့ ဝင်ရောက်ဖြေဆိုလျက်ရှိကြပြီး စာမေးပွဲဖြေဆိုနေမှုများကို တက္ကသိုလ် ပါမောက္ခချုပ်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာဘဒ္ဒန္တဆေကိန္ဒ ဦးဆောင်သော သင်ကြားဆရာတော်ကြီးများ၊ ဒုတိယပါမောက္ခချုပ် (စီမံ) ဦးစိန်မော်နှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးကြသည်။

**ဝင်ရောက်ဖြေဆို**

ဝင်ခွင့်စာမေးပွဲသို့ ပြည်ပ ၁၄ နိုင်ငံမှ ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်များက Virtual Zoom Meeting Online System ဖြင့်လည်းကောင်း၊ ပြည်တွင်းမှ ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်များက တက္ကသိုလ်ရှိ



စာသင်ခန်းမများ၌လည်းကောင်း ဝင်ရောက်ဖြေဆိုခဲ့ကြပြီး ဇန်နဝါရီ ၁၀ ရက်တွင် လူတွေ့နှုတ်ဖြေစာမေးပွဲကို ဖြေဆိုခဲ့ကြကြောင်း သိရသည်။

အောင်မြင့်(ပြန်/ဆက်)

☆ စာမျက်နှာ ၁၆ မှ

အထက်တန်းအဆင့် ပညာသင်ကြားရေးတွင် နည်းပညာကို လိုအပ်ချက်တစ်ရပ်အနေဖြင့် ထည့်သွင်းမသင်ကြားပေးနိုင်သေးပါက ကမ္ဘာ့အဆင့်ပညာရေးကို တက်လှမ်းနိုင်ပြီဟု မဆိုနိုင်သေးပေ။ ကမ္ဘာ့ပညာရေးက မည်သည့်လမ်းကြောင်းဆီသို့ ဦးတည်ပြီး ပြောင်းလဲနေသနည်း။ သတိပြုရမည့်အချက်များမှာ ဒစ်ဂျစ်တယ်ခေတ်ကို လက်ခံလျှင် ဒစ်ဂျစ်တယ်စီးပွားရေးခေတ် (Digital Economy) ခေတ်ရောက်ပြီဆိုခြင်းကိုလည်း လက်ခံရပေလိမ့်မည်။ အနာဂတ်ပညာရေးသည် အစဉ်အလာ စာရွက်၊ စာအုပ်ပညာရေးမဟုတ်။ ကွန်ပျူတာပေါ်တွင် ပရိုဂရမ်ရေးထုတ်သည့် Programming Skills များ ဖြစ်လာစေရန် တီထွင်သင်ကြားပေးရမည့် ပညာရေးဖြစ်လာသည်။ ကွန်ပျူတာသုံးတတ်ရုံအဆင့် မဟုတ်ပေ။ ကွန်ပျူတာကုတ်ရေးတတ်မှ ဖြစ်တော့မည်ဆိုသည့်အဆင့်ကို တက်လှမ်းလာပြီဖြစ်ကြောင်း သဘောပေါက်ထားသင့်သည်။ ကျောင်းသားများကို ကွန်ပျူတာသုံးတတ်သည့်အဆင့်မှသည် ကွန်ပျူတာကို ထိန်းချုပ်ခိုင်းစေနိုင်သည်အထိ ခေတ်က ပြောင်းလဲလာပြီဖြစ်သည်။ ကွန်ပျူတာနှင့် ပရိုဂရမ်များအပြင် ဆော့ဖ်ဝဲဖန်တီးမှု အတတ်ပညာများကို မသင်ပေးနိုင်လျှင် ခေတ်နောက်ကျကျန်ခဲ့မည်ဖြစ်သည်။

ပညာရေးဆိုသည်မှာ ပေးတာယူ၊ ကျွေးတာစားအဆင့်မှသည် လိုသလောက်ရယူ ဖန်တီးဆိုသည့်အဆင့်ကို ရောက်လာပြီဖြစ်သည်။ ကွန်ပျူတာနှင့် ပရိုဂရမ်ပေါင်းများစွာက ကျောင်းသားများကို တီထွင်ဖန်တီးလိုစိတ်များ တိုးမြှင့်ပေးနိုင်သည်။

စာတတ်မြောက်ခြင်းသည် ပညာရေး၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး လူသားတစ်ဦး၏ အခွင့်အရေးလည်းဖြစ်သည်။ လူတိုင်းစာတတ်မြောက်ခြင်းသည် လူသားဖွံ့ဖြိုးတိုးတက်မှု၏ တွန်းအားတစ်ခုဖြစ်၍ လူ့အဖွဲ့အစည်း၌ အရေးပါသော အခန်းကဏ္ဍတစ်ရပ်အဖြစ်ရှိနေသည်။ ကျောင်းပြင်ပရောက်ကလေးသူငယ်များပြားနေခြင်း၊ စာမတတ်သူဦးရေ များပြားနေခြင်းသည် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသည့်စိန်ခေါ်မှုတစ်ရပ်ဖြစ်သည်။ သင်ယူမှုဆုံးရှုံးရခြင်း၏ သက်ရောက်မှုကို အလျင်အမြန် တုံ့ပြန်ကုစားရန် လိုအပ်သည်။ စာမတတ်သူတစ်ဦးချင်းအတွက် သာမက နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုကိုပါ အနုတ်လက္ခဏာဆောင်စေမည်ဖြစ်သည်။ ပညာလူ့အဖွဲ့အစည်း၏ ဆောင်ပုဒ်မှာ ပညာသည်သာအခရာဖြစ်သည်။ ဥစ္စာဓနကြွယ်ဝမှု၊ လက်ရုံးကြီးမှုများဖြင့် စိုးမိုးသည့်ခေတ်သည် အတိတ်တွင်ကျန်ခဲ့ပြီဖြစ်ကာ အသိပညာ၊ အတတ်ပညာ၊ ပြည့်ဝသူများသာ ဦးဆောင်သည့်ခေတ်သို့ ရောက်နေပြီဖြစ်ရာ အနာဂတ်လူငယ်များအနေဖြင့် နည်းပညာမြင့်စာပေများ လေ့လာသင်ယူကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့၊ ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




၈-၁-၂၀၂၄ ရက်မှအဆက်

"ခက်တယ်သူငယ်ချင်း၊ ငါ့အနေနဲ့တော့ ဘာမှ မသိဘူးလို့ ပြောရမှာပဲ။ အမှန်လည်း ဟုတ်တယ်၊ ဘာမှမသိဘူး။ ဒါပဲ ငါပြောချင်တယ်"

ကိုအေးဆွေသည် ပင်ပန်းကြီးစွာ အသက်ရှူလိုက်ရင်း သူ့စကားကို အလေးအနက်ထား၍ ဆိုလိုက်၏။

"မင်းကသာ ဘာမှမသိဘူး၊ ဘာမှလည်းနားမလည်ပါဘူးလို့ ဆိုနေတာကိုး။ ခင်သန်းဌေး မိဘတွေကတော့ သက်သေသက္ကာရနဲ့ တိတိကျကျ ခိုင်ခိုင်လုံလုံ သိရလို့ တိုင်ချက်တောင်ဖွင့်လို့၊ အခု မင်းကိုတောင် ဖမ်းလာလို့ အချုပ်ထဲရောက်နေပြီမဟုတ်လား။ အေး၊ တစ်ခုတော့ရှိတယ်။ အရေးအကြီးဆုံးဖြစ်တဲ့ ကာယကံရှင် ခင်သန်းဌေးက မင်းလက်ထဲမှာ မတွေ့တော့ သူတို့ ခွကျနေတယ်"

"နေစမ်းပါဦး။ သူတို့က ငါက ဒီလို ခင်သန်းဌေးကို ကားနဲ့ အတင်းအဓမ္မဆွဲခေါ်တင်ပြေးပါတယ်လို့ ဆိုရအောင် ဘယ်လိုခိုင်လုံတဲ့ သက်သေအထောက်အထားတွေပြနိုင်လို့လဲ။ သူတို့က"

ကိုအေးဆွေမေးမည်ဆိုလျှင်လည်း မေးလောက်ပေသည်။ ထို့ကြောင့်လည်း လှကြည်က ကိုအေးဆွေ၏အမှုကိစ္စနှင့်ပတ်သက်၍ သူသိသမျှကို ရှင်းပြလေသည်။

ခင်သန်းဌေးသည် ကုန်ဆုံးခဲ့သောနေ့၏ မွန်းတည့် ၁၂ နာရီလောက်မှစ၍ ဘူတာရပ်ကွက်ရှိ သူ့ အမျိုးသမီးသူငယ်ချင်းတစ်ဦးအိမ်သို့ အလည်ထွက်သွားသည်။ သို့သော် ညနေမိုးချုပ် နေဝင်သွားသည့်တိုင်အောင် အိမ်သို့ပြန်ရောက်မလာတော့ချေ။ သို့ဖြင့် ဒေါ်လှတင်နှင့် မညွန့်မေတို့သည် စိုးရိမ်သွားကာ သူသွားမည်ဆိုသော သူ့သူငယ်ချင်းအိမ်သို့ လိုက်သွားပြီး ခေါ်လေသည်။ သူ့သူငယ်ချင်းက ညနေ ၃ နာရီလောက်ကတည်းက ပြန်သွားပြီဟု ဆို၏။ သို့ဖြင့် သူသွားလာတတ်သော အခြားသူငယ်ချင်းအိမ်များ၊ ဆွေမျိုးအိမ်များသို့ လျှောက်မေးပြန်သည်။ မလာဟုဆိုကြသည်။

ဤတွင် ဦးမြမောင်၊ ဒေါ်လှတင်နှင့် မညွန့်မေတို့မှာ အတော်ပင် စဉ်းစားရကျပ်သွားကြသည်။ ခေါင်းမီးလည်းတောက်သွားကြသည်၊ သမီးအတွက် ရှက်လည်းရှက်၊ ဒေါသလည်း အကြီးအကျယ်ဖြစ်ကုန်ကြသည်။ အဘယ်ကြောင့်ဆိုသော် သုံးလေးရက်အတွင်းမှာပင် ခင်သန်းဌေးကို ဦးဝင်းအောင်နှင့် စေ့စပ်ကြောင်းလမ်းပြီး မင်္ဂလာဆောင်ရန် ရက်သတ်မှတ်ဖို့စီမံခါနီးမှ သမီးတစ်ယောက်က ပျောက်ခြင်းမလှ ပျောက်သွားခြင်းကြောင့် ပို၍ဒေါသဖြစ်ကာ ခေါင်းမဖော်နိုင်လောက်အောင်ရှက်သွားကြသည်။ မြို့ပိုင် ဦးဝင်းအောင်ဆိုသည်မှာလည်း နေမထိထိုင်မသာ ကြိတ်မနိုင်ခဲမရ ဖြစ်သွားတော့သည်။ သွေးရိုးသားရိုး ပျောက်ဆုံးခြင်းတော့ မဟုတ်နိုင်ဟု တွက်ဆကြသည်။ ထို့ကြောင့်လည်း တစ်မြို့လုံး ခေါင်းတောက်အောင် ထပ်၍ ရှာကြပြန်သည်။ စုံစမ်းကြပြန်သည်။ ဤတွင်မှ သတင်းအစအန ရလာတော့သည်။

**"အချုပ်ခန်းထဲသို့ ပို့ခြင်းခံလိုက်ရသော ကိုအေးဆွေမှာ**
**ဒေါသစိတ်၊ မခံချင်စိတ်တို့ဖြင့် မွန်နေသည်။**
**ထို့ကြောင့်လည်း ထိုလှုပ်ရှားနေသောစိတ်တို့ကြောင့် အိပ်ရန်ကိုပင်သတိမရ။**
**သို့သော် အချုပ်ခန်းတွင်းရှိ ဘဝတူအချုပ်သမားများမှာမူ**
**တခေါခေါဟောက်၍ အိပ်ပျော်နေလိုက်ကြသည့်ဖြစ်ခြင်း။**
**လှကြည်ကမူ မိမိကောင်းစွာအိပ်နိုင်ရန် အိပ်ရာလိပ်တစ်ခုကို လာပေးရှာပါ၏။**
**သူငယ်ချင်းကောင်းပီသစွာ အရာရာဂရုစိုက်ပါ၏။**
**အားမငယ်ရန်လည်း အားပေးနှစ်သိမ့်ပါ၏။ အမှုမှန်အတိုင်းလည်း ဖြစ်ရပါမည်ဟုဆိုရှာပါ၏။**
**မည်သို့ပင်ဆိုစေ၊ ယခုလက်တွေ့မှာကား အချုပ်ခံနေရချေပြီ။**
**ညဉ့်သည် ကြောက်စရာကောင်းလောက်အောင် နက်ရှိုင်းတိတ်ဆိတ်လှချေသည်။"**

ညနေ ၃ နာရီလောက်တွင် ခင်သန်းဌေးသည် ဘူတာလမ်းထဲမှထွက်လာပြီးလျှင် မြို့ထဲဘက်သို့သွားသော မိတ္ထီလာလမ်းမဘက်သို့ ချိုးကွေ့သွားသည်။ ထိုအချိန်မှာပင် ချောက် ရေနံချောင်းလမ်းမဘက်ဆီမှ အဖြူရောင်ဂျစ်ကားလေးသည် ရုတ်တရက် ပေါက်လာကာ မိတ္ထီလာလမ်းမဘက် ဆီသို့ တောက်လျှောက်မောင်းသွားသည်။ သို့သော် ခင်သန်းဌေးဘေးအရောက် တုံ့ခနဲ ကပ်၍ရပ်လိုက်သည်။ ကားပေါ်မှ လူနှစ်ယောက်လည်း ဖြုန်းခနဲ ဆင်းလာသည်။ ခင်သန်းဌေးနှင့် အပြန်အလှန် စကားပြောနေကြသည်။ ခင်သန်းဌေးက လက်ခါ ခေါင်းယမ်း၍ ငြင်းဆန်နေသည်။ ထိုစဉ် ကားတွင်းမှ လက်တစ်ဖက်က ကားပေါ်သို့ အတင်းဆွဲတင်နေသည်။ ထို့နောက်တော့ ကားသည်ရုတ်တရက်မောင်းထွက်သွားတော့သည်။

"အဲဒါကို လမ်းထောင့်က ဆေးလိပ် ကွမ်းယာ ရောင်းနေတဲ့ဆိုင်က ဒေါ်ကြီးက မြင်လိုက်သတဲ့"

လှကြည်က သူသိသမျှအခြေအနေကို ရှင်းပြလိုက်၏။

"နေစမ်းပါဦး၊ ဒါနဲ့များ ငါရယ်လို့ ဘာ့ကြောင့် အတိအကျစွပ်စွဲနိုင်ရတာလဲ"

ကိုအေးဆွေသည် မခိုင်လုံသော ဤစွပ်စွဲချက်ကို နည်းနည်းလေးမှ လက်မခံနိုင်ပေ။

"ဒီလိုတဲ့ကွာ။ အဲဒီလို ခင်သန်းဌေးတစ်ယောက် လမ်းထိပ်ကိုထွက်မလာမီ ၁၀ မိနစ်လောက်ကပဲ မင်းဟာ အဲဒီဂျစ်ကားအဖြူရောင်လေးနဲ့ပဲ မြင်းခြံလမ်းဘက်ကနေ ရောက်လာတယ်ဆိုပါကလား။ အဲဒီလမ်းထောင့်မှာ ရပ်ပြီး ခုတင်ကမြင်လိုက်တယ်ဆိုတဲ့ အဒေါ်ကြီးဆိုင်မှာပဲ မင်းက ကားပေါ်က ဆင်းလာပြီး ကွမ်းယာနဲ့ စီးကရက်ဝယ်တယ်။ ကားပေါ်မှာလည်း လူနှစ်ယောက် သုံးယောက်လောက်ပါတယ်လို့ဆိုတယ်။ ဒီနောက် ချောက် ရေနံချောင်းဘက်ကို ကားမောင်းသွားတယ်။ နောက်မကြာခင်ပဲ ဒီအဖြူရောင်ဂျစ်ကားလေးဟာ ပြန်လှည့်လာပြီး ခုတင်ကပြောသလို ခင်သန်းဌေးကို ကားပေါ်ဆွဲတင်သွားတာပဲတဲ့"

တစ်ဖက်က တိကျခိုင်လုံသော အထောက်အထားများပြကာ စွပ်စွဲခြင်းခံလာရသောအခါ ကိုအေးဆွေမှာ မယုံကြည်နိုင်လောက်အောင် အံ့ဩသွားမိ၏။ စဉ်းစားမရအောင်လည်း ခေါင်းရှုပ်ကာ ပူထူသွား၏။ ယင်းသို့ တွေခနဲဖြစ်ကာ မျက်နှာပျက်သွားသော အမူအရာကို လှကြည်ကလည်း ဖျတ်ခနဲ အကဲခတ်လိုက်မိသည်။

"ဒါဖြင့် ကားနံပါတ်ကော မှတ်မိလို့လား"

ကိုအေးဆွေက ဣန္ဒြေကိုဆည်ကာ ပြန်၍ ကောက်မေးလိုက်ပြန်၏။

"ကားနံပါတ်တော့ မမှတ်မိဘူးတဲ့"

"ကဲ ထားပါတော့။ ဒါနဲ့ ခင်သန်းဌေးကို ဆွဲခေါ်သွားတဲ့ကားပေါ်မှာ ငါပါတယ်လို့ ဒိဋ္ဌကေန်ကေ ပြောနိုင်လို့လား"

"အေး၊ ဆေးလိပ်ကွမ်းယာရောင်းတဲ့ အဒေါ်ကြီး ပြောသလိုကတော့ ကားပေါ်ကဆင်းလာတဲ့ လူနှစ်ယောက်အနက် တစ်ယောက်ဟာ မင်းလို့ ဆိုတယ်။ ဒါပေမဲ့ မျက်နှာတော့ ကွဲကွဲပြားပြား မမြင်ရဘူးတဲ့။ မျက်နှာမှာ မျက်မှန်နက်တပ်ထားတယ်ဆိုလား။ လုံချည်နှင့် အင်္ကျီကိုတော့ အဝေးကနေ မှတ်မိနေသတဲ့" ဟုဆိုကာ ဝတ်ထားသော လုံချည်နှင့် အပေါ်တိုက်ပုံအင်္ကျီ၏အရောင်ကို ပြောပြလိုက်လေသည်။

ကိုအေးဆွေမှာ ငိုင်ကျသွားသည်။ ရုတ်တရက် စကားပြန်ပင် မပြောနိုင်တော့။ အင်း၊ ကားတူမရှား၊ လူတူမရှား၊ အဝတ်အစား အရောင်တူမရှားပါလား။

"ကဲပါကွာ၊ ငြင်းမနေပါနဲ့တော့။ ဟုတ်ရင် ဟုတ်တယ်ပေါ့။ ငါတို့ချင်းဟာပဲ။ အဓိကအချက်က ခင်သန်းဌေးကသာ မင်းဘက်ပါနေရင် ဆွဲခေါ်လို့ လိုက်တာ မဟုတ်ပါဘူး၊ ကိုယ့်သဘောနဲ့ ချိန်းဆိုပြီး လိုက်တာပါဆိုရင် ပြီးတာပဲမဟုတ်လားကွာ"

လှကြည်သည် ငြင်းကွယ်မရအောင် ငြိမ်ကျသွားသော ကိုအေးဆွေ၏အခြေအနေကို အကဲခတ်လိုက်ကာ လိုရင်းဆွဲပြောလိုက်၏။

"ဒီမှာ လှကြည်၊ မင်းနဲ့ငါနဲ့ဆိုတာက တစ်ဦးအတွင်းရေးတစ်ဦး ဖွင့်ပြီးတိုင်ပင်နေကြတဲ့ အချစ်ဆုံး သူငယ်ချင်းနှစ်ယောက်ပဲ။ ဒါပေမဲ့ ဒီကိစ္စမှာတော့ ငါဟာ မင်းကို ဘာမှမပြောလိုဘူး။ မဟုတ်ပါဘူး ပြောလို့လည်း မင်းယုံမှာမဟုတ်ဘူး။ ငါပြောချင်တာက မြွေမှန်ရင် တွင်းဝင်ဖြောင့်လိမ့်မယ်၊ အချိန်တန်ရင် အဖြေမှန်ဟာ ပေါ်လာလိမ့်မယ်လို့။ ဒါပဲ ငါပြောချင်တယ်"

X

အချုပ်ခန်းထဲသို့ ပို့ခြင်းခံလိုက်ရသော ကိုအေးဆွေမှာ ဒေါသစိတ်၊ မခံချင်စိတ်တို့ဖြင့် မွန်နေသည်။ ထို့ကြောင့်လည်း ထိုလှုပ်ရှားနေသောစိတ်တို့ကြောင့် အိပ်ရန်ကိုပင် သတိမရ။ သို့သော် အချုပ်ခန်းတွင်းရှိ ဘဝတူအချုပ်သမားများမှာမူ တခေါခေါဟောက်၍ အိပ်ပျော်နေလိုက်ကြသည့်ဖြစ်ခြင်း။

လှကြည်ကမူ မိမိ ကောင်းစွာအိပ်နိုင်ရန် အိပ်ရာလိပ်တစ်ခုကို လာပေးရှာပါ၏။ သူငယ်ချင်းကောင်းပီသစွာ အရာရာဂရုစိုက်ပါ၏။ အားမငယ်ရန်လည်း အားပေးနှစ်သိမ့်ပါ၏။ အမှုမှန်အတိုင်းလည်း ဖြစ်ရပါမည်ဟု ဆိုရှာပါ၏။ မည်သို့ပင်ဆိုစေ၊ ယခုလက်တွေ့မှာကား အချုပ်ခံနေရချေပြီ။

ညဉ့်သည် ကြောက်စရာကောင်းလောက်အောင် နက်ရှိုင်း တိတ်ဆိတ်လှချေသည်။

သို့သော် အချုပ်ခန်းစောင့် တာဝန်ကျရဲတပ်သား၏ လှည့်ပတ်၍ မှန်မှန်လျှောက်နေသော တခေါက်ခေါက် ဖိနပ်သံသည်ကား ညဉ့်၏ဂီတသံလို ဖြစ်နေသည်။ သို့ရာတွင် ကိုအေးဆွေအဖို့မှာမူ ယင်းသို့ မထင်မြင်နိုင်။ မိမိနှလုံးသားကို စဉ်းတီတုံးပေါ်တင်ပြီး ဓားနှင့် တဒေါက်ဒေါက်စဉ်းနေသည်ဟု ထင်နေမိကာ မထိတထိနှင့် တရိရိနာကျင်စွာ ခံစားနေရသည်။

အမှန်ဆိုရသော် မိမိတစ်ယောက်တည်းဆိုလျှင် တော်ပါသေး၏။ ယခုမူ ကိုယ်ချင်းစာနာမှုအလျှင်း မရှိသော ငွေကြေးရှင် ထန်းပိုင်ရှင်တို့၏ ကြံစည်ထိုးနှက်ချက်ကြောင့် မိမိပါမက ကျန်းမာရေးချို့တဲ့ရှာသော ပန်းနာသည်မိခင်ကြီးကိုပင် ထိခိုက်စေကာ စိတ်ဒုက္ခ အကြီးအကျယ်ပေးနေချေပြီတည်း။

ဒေါ်ဘုမအကြောင်း စဉ်းစားလိုက်မိသည် ဆိုလျှင်ပင် ကိုအေးဆွေသည် သူ့အမေမျက်နှာကို ကွက်ခနဲ သွားမြင်လိုက်သည်။ လာခါနီးတွင် ထိတ်လန့်တုန်လှုပ်နေသော အမူအရာဖြင့် မိမိပခုံးတစ်ဖက်ကို ဆုပ်ကိုင်လိုက်ရင်း မေးလိုက်သည့် ချောင်းဆိုးသံတဟွပ်ဟွပ်ကြားမှ မိခင်ကြီးပြောလိုက်သောအသံကိုပါ ကြားယောင်လာသည်။

"သားလေးရယ်၊ အမေ့ကိုပြောစမ်းပါကွယ်။ မင်းဖြစ်မင်းဒဏ်မကင်းတာ ဘာတွေများလုပ်လာလို့လဲကွယ်"

"အမေရေ၊ မင်းဖြစ်မင်းဒဏ်တော့မဟုတ်ဘူးဗျ။ အမေတို့ ထန်းပိုင်ရှင်ကြီးရဲ့သမီးကို ကားတင်မှုတဲ့"

ကိုအေးဆွေက နာကြည်းစွာဖြင့် စိတ်ထဲမှနေ၍ ပြောလိုက်မိ၏။

ထိုခဏဝယ် ဒေါ်ဘုမ၏ ချောင်းတဟွပ်ဟွပ် ဆိုးနေသံကို ဖျတ်ခနဲဆိုသလို အမှတ်မထင် ကြားယောင်လာသည်။ သို့သော် ချက်ချင်းလိုပင် ရုတ်တရက် အသံတိတ်သွားပြီး မြေကြီးပေါ်သို့ ရုတ်ခြည်းလဲကျသွားသောဒေါ်ဘုမ၏ ရုပ်သေးကြိုးပြတ် လာခါနီးမြင်ကွင်းတစ်ရပ်ကိုပါ ကိုအေးဆွေ၏မျက်စိထဲတွင် ကွက်ခနဲ သွားမြင်လိုက်ပြန်သည်။ ထိုအခါ ကိုအေးဆွေ၏တစ်ကိုယ်လုံးသည် သိမ့်ခနဲ တုန်သွားလေသည်။

"အင်း၊ သတိမှ ပြန်လည်ရပါလေစ"

သတိပြန်လည်ရလာလေလျှင်လည်း ရောဂါဟောင်းက ပြန်လည်ထကြွလာကာ တရှဲရှဲမြည်၍ တဟောဟောမောပြီး ချောင်းတဟွပ်ဟွပ် ဆိုးနေချေပြီလား။

ဒေါ်ဘုမ၏ရောဂါကလည်း အတော်စိတ်မချရသော ရောဂါဖြစ်သည်။ အမှန်မှာ သူ၏ ပန်းနာရင်ကျပ်ရောဂါသည် ဆောင်းဦးပေါက်ရာသီများတွင် ထကြွ ချောင်းဆိုးရင်ကျပ်လေ့ရှိသည်။ သို့ရာတွင် စိတ်ထိခိုက်စရာဖြစ်ရပ်တစ်ခုခုနှင့် ရုတ်တရက် ကြုံကြိုက် ဆုံစည်းလိုက်ရပါမူ နွေ၊ မိုး၊ ဆောင်း ရာသီမရွေး ရှောင်တခင် ချောင်းဆိုးရင်ကျပ်ဝင်၍ အမောဖောက်လေ့ရှိသည်။ အဆင်မသင့်လျှင် လူမမာကြီးလုံးလုံးဖြစ်သွားသည်။ တစ်ခါကဆိုလျှင် အတော်ပင် ဆေးကုယူလိုက်ရသည်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်မောင်ဖြူ၏ "နွေဦးကာလ မြူထသောခါ" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော်ပြခြင်းဖြစ်ပါသည်။

**စာတည်း**

## မြန်မာ့ရိုးရာရက်ကန်းထည်များကို ပြည်တွင်းတွင် စိတ်ဝင်စားမှုရှိနေပြီး ရောင်းအားပုံမှန်ရှိနေ

ရန်ကုန် ဇန်နဝါရီ ၁၁

မြန်မာ့ရိုးရာရက်ကန်းထည်များကို ပြည်တွင်းတွင် စိတ်ဝင်စားမှုရှိနေပြီး ရောင်းအား ပုံမှန်ရှိနေကြောင်း ရက်ကန်းချည်ထည် အမျိုးမျိုးကို ရောင်းဝယ်ရေး ဆောင်ရွက်နေသူများထံမှ သိရသည်။

"ရက်ကန်းထုတ် ပစ္စည်းတွေနဲ့ ပတ်သက်တဲ့အခြေအနေကတော့ ပြည်တွင်းစိတ်ဝင်စားမှုရှိပါတယ်။ ထိုင်းဘက်ကမြန်မာတွေ မှာတာ တွေလည်းရှိတယ်။ အဝယ်လိုက်တာတွေလည်းရှိတယ်" ဟု ရက်ကန်းချည်ထည်အမျိုးမျိုး ရောင်းဝယ်ရေးလုပ်ငန်းပိုင်ရှင်တစ်ဦးက ပြောသည်။

မြစ်ကြီးနား၊ ရွှေဘို၊ မန္တလေးနှင့် ကန့်ဘလူဒေသများသည် မြန်မာ့ရိုးရာ ရက်ကန်းရုံအများဆုံးရှိသည့်ဒေသများဖြစ်ပြီး ထိုမှ တစ်ဆင့် ကျားဝတ်၊ မဝတ် လုံချည်များ၊ ဗမာချည်ထည်များ၊ အညာစောင်များ၊ ကချင်လုံချည်များ စသည်ဖြင့် ရက်ကန်းထည်အမျိုးမျိုးကို ဖြန့်ချိလျက် ရှိကြောင်း သိရသည်။

ထို့ပြင် ရက်ကန်းထည်များအနေဖြင့် ရန်ကုန်တွင် ဈေးကွက်ရှိနေကာ နိုင်ငံခြားသားများကလည်း စိတ်ဝင်စားမှု ရှိနေကြောင်း ၎င်းက ပြောသည်။

"နိုင်ငံခြားသားတွေက မြန်မာ့ရက်ကန်းနဲ့လုပ်တဲ့ အထည်တွေကို Hand made လို့ခေါ်ကြတယ်။ သူတို့ရဲ့အိမ်တွင်းအလှဆင်တဲ့နေရာတွေမှာ တန်ဖိုးထားသုံးကြတာရှိတယ်။ ဥပမာ စားပွဲခင်းတို့၊ ပဝါတို့ ဆိုလို့ရှိရင် ဧည့်ခန်းအလှဆင်နေရာတွေမှာ သုံးကြတယ်" ဟု ၎င်းက ပြောသည်။

**သစ်တော်**

## ဇီးကုန်းမြို့နယ် အထက (ခွဲ) ကံကြီး၌ လူငယ်စကားဝိုင်း ကျင်းပ

ဇီးကုန်း ဇန်နဝါရီ ၁၁

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ယမန်နေ့က ဇီးကုန်းမြို့နယ် ကံကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း (ခွဲ) ကံကြီး၌ ကျင်းပသည်။




ဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်ဌေးက အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန မြို့နယ်ဦးစီးအရာရှိ ဒေါ်မာမာဦးက လူငယ်စကားဝိုင်းများကျင်းပခြင်း ရည်ရွယ်ချက်နှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြား၍ Grade-10 နှင့် Grade-11 မှကျောင်းသားကျောင်းသူများက "လူငယ်နှင့်စာပေ"၊ "လူငယ်နှင့်စာရိတ္တ"၊ "လူငယ်နှင့်ယဉ်ကျေးမှု"၊ "လူငယ်နှင့်မူးယစ်ဆေး" ခေါင်းစဉ်တို့ဖြင့် ပါဝင်ဆွေးနွေးခဲ့ကြသည်။

ဆက်လက်၍ ဆွေးနွေးချက်များအပေါ် တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက သိရှိလိုသည့် အချက်များကို ပြန်လည်မေးမြန်းရာ ကဏ္ဍအလိုက် ပါဝင်ဆွေးနွေးသူများက ပြန်လည်ဖြေကြားသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော စာအုပ်စာစောင်များနှင့် အသိပညာပေး နံရံကပ်စာစောင်များကို ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



## ကျိုက်ထိုမြို့နယ် အမက(အောင်မင်္ဂလာ-၁) ၌ နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်

ကျိုက်ထို ဇန်နဝါရီ ၁၁

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး နယ်လှည့်စာကြည့်တိုက်ကို ယမန်နေ့ နံနက် ၁၀ နာရီက အမက(အောင်မင်္ဂလာ-၁)၌ ပြုလုပ်ခဲ့သည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခိုင်ခိုင်ဝင်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်သန်းသန်းမော်က ကျောင်းသား ကျောင်းသူများအနေဖြင့် အားလပ်ချိန်ကို အကျိုးရှိစွာအသုံးပြုကြရေး၊ ဗဟုသုတတိုးပွားရေးအတွက် ပြင်ပစာပေများကိုပါ လေ့လာဖတ်ရှုကြရေးတို့ကို ဆွေးနွေးဟောပြောခဲ့သည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များ စသည့် ကလေးများအသိပညာတိုးပွားရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး စာအုပ်စာပေများ၊ မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကာကွယ်ရေး၊ လူကုန်ကူးမှုအန္တရာယ်အသိပညာပေး စသည့် အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## သထုံမြို့နယ်၌ နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ပေးပြီး အသိပညာပေးလုပ်ငန်းများဆောင်ရွက်

သထုံ ဇန်နဝါရီ ၁၁

မွန်ပြည်နယ် သထုံမြို့နယ်၌ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ အခြေခံပညာကျောင်းများ၌ ကျောင်းသား ကျောင်းသူများ စာဖတ်ရှိန်မြှင့်မားပြီး ဗလငါးတန်



ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်လျက်ရှိရာ ယမန်နေ့ နံနက်ပိုင်းက သထုံမြို့ သိမ်ကုန်းရပ်ကွက်ရှိ အောင်ဇေယျ အခြေခံပညာမူလတန်းကျောင်း၌ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပြီး အသိပညာပေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ရာတွင် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက စာပေ လေ့လာဖတ်ရှုကြရေး ဟောပြောဆွေးနွေးပြီး ကျောင်းသား ကျောင်းသူများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသည့် စာအုပ်စာစောင်များကို စိတ်ကြိုက်ရွေးချယ်ဖတ်ရှုကာ စာဖတ်စွမ်းရည်ယှဉ်ပြိုင်ခြင်း၊ ပုံပြင်ပြော၊ ကဗျာရွတ်ဆို ယှဉ်ပြိုင်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

အဆိုပါ အသိပညာပေးလုပ်ငန်းတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် ကလေးကဗျာများ၊ ရုပ်ပြပုံပြင်များ၊ စာစောင်များ စသည့် ကလေးများအသိပညာတိုးပွားရေး စာအုပ်စာပေများနှင့် စာဖတ်ရှိန်မြှင့်တင်ရေး၊ မူးယစ်ဆေးဝါးအန္တရာယ် သတိပြုကာကွယ်ရေး စသည့် အသိပညာပေး နံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား ကျောင်းသူများက ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## အင်းစိန်မြို့နယ်၌ ဗဟိုအဆင့် လူရည်ချွန်ရွေးချယ်ရေး စာမေးပွဲကျင်းပ

ရန်ကုန် ဇန်နဝါရီ ၁၁

ဗဟိုအဆင့် လူရည်ချွန်ရွေးချယ်ရေး စာမေးပွဲကို ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်၌ ဇန်နဝါရီ ၉ ရက် နံနက် ၉ နာရီက အင်းစိန်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

ဗဟိုအဆင့် လူရည်ချွန်ရွေးချယ်ရေး စာမေးပွဲသို့ အင်းစိန်ခရိုင်၊ တိုက်ကြီးခရိုင်၊ မင်္ဂလာဒုံခရိုင်၊ မှော်ဘီခရိုင်နှင့် လှည်းကူးခရိုင်တို့အတွင်းရှိ မြို့နယ်ကိုးမြို့နယ်မှGrade-9၊ Grade-10၊ Grade-11၊ Grade-12 တစ်တန်းလျှင် ၁၈ ဦးစီဖြင့် ကျောင်းသား ၃၆ ဦးနှင့် ကျောင်းသူ ၃၆ ဦး စုစုပေါင်း ၇၂ ဦးတို့က ဇန်နဝါရီ ၉ ရက်တွင် မြန်မာစာနှင့် အင်္ဂလိပ်စာ၊ ဇန်နဝါရီ ၁၀ ရက်တွင် အထွေထွေဗဟုသုတ (နှုတ်ဖြေ)၊ ဇန်နဝါရီ ၁၂ ရက်တွင် ကိုယ်ကာယ ကြံ့ခိုင်မှုနှင့် ယုံကြည်မှု စစ်ဆေးခြင်းများကို ဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဗဟိုအဆင့် လူရည်ချွန်ရွေးချယ်ရေး စာမေးပွဲဖြေဆိုရာသို့ အင်းစိန်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသန့်ဇင်နှင့် အဖွဲ့ဝင်များ၊ တာဝန်ယူကြီးမှူးကျင်းပသော အင်းစိန်ခရိုင် ပညာရေးမှူး ဒေါက်တာသင်းမာလာ၊ တိုက်ကြီးခရိုင် ပညာရေးမှူး ဒေါ်စန္ဒာဦး၊ မှော်ဘီခရိုင် ပညာရေးမှူး ဦးအေးလွင်၊ လှည်းကူးခရိုင် ပညာရေးမှူး ဒေါ်မြတ်မြတ်ထွေး၊ မင်္ဂလာဒုံခရိုင် ပညာရေးမှူး ဒေါ်သင်းသင်းမြိုင်၊ မြို့နယ်ပညာရေးမှူးများနှင့် တာဝန်ရှိသူများက လိုက်လံအားပေး ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မြင့်ဦး**

## ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် သမဝါယမအသင်းစုလီမိတက်၏ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

ဒဂုံတောင် ဇန်နဝါရီ ၁၁

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် သမဝါယမအသင်းစု လီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည် အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ဇန်နဝါရီ ၁၀ ရက်က မြို့နယ်သမဝါယမဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် သဘာပတိ ဦးစိန်ဝင်း မြို့နယ်သမဝါယမ အသင်းစုဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်အေးသူမြင့်က လမ်းညွှန်အမှာစကားပြောကြားကာ မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးအရာရှိ ဒေါ်စန်းစန်းအေးက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကာလများအတွက် အမြတ်ခွဲဝေစာရင်းများအား မြို့နယ်အသင်းစု ဒုတိယဥက္ကဋ္ဌ ဦးမျိုးကျော်က ဖတ်ကြားရှင်းလင်းတင်ပြပြီး အသင်းစာရင်းစစ်အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို စာရင်းစစ်အဖွဲ့ခေါင်းဆောင် ဦးတိုးသိန်းဦးက ဖတ်ကြားတင်သွင်းကာ လုပ်ငန်းအစီရင်ခံစာ၊ နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများ၊ ရှေ့လုပ်ငန်းစဉ်များ၊ အမြတ်ခွဲ ဝေစာရင်းများကို အရပ်ရပ်ဆိုင်ရာအစည်း အဝေးမှ မှတ်တမ်းတင်အတည်ပြုကြောင်း ဆုံးဖြတ်ချက်ချမှတ်ခြင်းများကို ဆောင်ရွက်ကြသည်။



ထို့နောက် သဘာပတိက တက်ရောက်လာသောအသင်း ၂၃ သင်းအား အစုပေါ် အမြတ်ငွေကျပ် ၂၃၀၀၀၀ ထုတ်ပေးကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများ ကြည့်ရှုအားပေး



နေပြည်တော် ဇန်နဝါရီ ၁၁

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ စစ်သည်၊ မိသားစုများနှင့် ဒေသခံပြည်သူများအား ယနေ့မွန်းလွဲပိုင်းတွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကြည်ခိုင်နှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ တစ်ဦးချင်း၏ရောဂါဖြစ်ပွားမှု၊ ဆေးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်း အားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများ ပေးအပ်သည်။

### ညှိနှိုင်းဆောင်ရွက်ပေး

ထို့နောက် တိုင်းမှူးနှင့်တာဝန်ရှိသူများသည် ဆေးရုံအတွင်းလှည့်လည်ကြည့်ရှု၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# စွန့်ပစ်ပစ္စည်းမှ တန်ဖိုးမြှင့်ပစ္စည်းများထုတ်လုပ်ရာတွင် စက်မှုပိုင်းဆိုင်ရာနှင့် နည်းပညာပံ့ပိုးနိုင်ပါက ခိုင်မာသည့်ထုတ်ကုန်တစ်ခုအဖြစ် ရပ်တည်လာနိုင်

ရန်ကုန် ဇန်နဝါရီ ၁၁

**ပြည်တွင်းမှရရှိသည့် စွန့်ပစ်ပစ္စည်းများမှ တန်ဖိုးမြှင့်လူသုံးကုန်ပစ္စည်းများထုတ်လုပ်၍ ပြည်တွင်းနှင့် ပြည်ပသို့ ဖြန့်ချီတင်ပို့ရာတွင် စက်မှုပိုင်းဆိုင်ရာနှင့် နည်းပညာပိုင်းဆိုင်ရာကို ပံ့ပိုးပေးနိုင်ပါက ခိုင်မာသောဈေးကွက်တစ်ခု၏ ထုတ်ကုန်တစ်ခုအဖြစ် ရပ်တည်လာနိုင်မည်ဖြစ်ကြောင်း ငှက်ပျောလျှော်မှ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်တင်ပို့နေသည့် လုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။**




"ပြည်တွင်းမှာ ကုန်ကြမ်းပစ္စည်းပေါများတဲ့အတွက် စွန့်ပစ်ပစ္စည်းကနေ လျှော်ထုတ်ပြီး အဝတ်အထည်ထုတ်လုပ်ရာမှာ စက်ပစ္စည်းနဲ့နည်းပညာ လိုနေပါတယ်။ ပြည်ပနိုင်ငံတွေက မြန်မာ့ငှက်ပျောလျှော်က ထုတ်တဲ့ အဝတ်အထည်နဲ့ပုဝါကို ကြိုက်ကြတယ်။ မှာသလောက်မပို့နိုင်ဘူး။ ကျွန်တော်တို့မှာ လိုသလောက်ထုတ်နိုင်တဲ့ စက်မရှိသေးဘူး။ အိန္ဒိယနဲ့ ဖိလစ်ပိုင်မှာတော့ စက်ပစ္စည်းပြည့်စုံတယ်။ ချည်ကို ကျစ်ဖို့အတွက် စက်လိုတာပါ။ မြန်မာ့ထုတ်ကုန်တွေကို နိုင်ငံခြားသားတွေ ကြိုက်ကြတယ်။ ပြင်သစ်သံရုံးကဆိုရင် ငှက်ပျောလျှော်နဲ့လုပ်တဲ့ ပိတ်စကိုတစ်ကိုက်လျှင် ငွေကျပ် ၅၀၀၀၀ နဲ့ ၁၀ ကိုက် မှာထားတယ်။ ထိုင်းနိုင်ငံ ချင်းမိုင်ကလည်း မှာထားတယ်။ လိုသလောက် မရောင်းပေးနိုင်ဘူးဖြစ်နေတယ်။ အလျား ၇၂ လက်မ၊ အနံ နှစ်ပေခွဲရှိတဲ့ပိတ်စကို ငါးရက်ကြာအောင် ရက်ရတယ်။ ငှက်ပျောချည်ကို ဆက်ရတာ အချိန်ကြာတယ်၊ ပြီးတော့ရစ်ရတယ်။ ထုတ်လုပ်မှုမြန်ဖို့အတွက် စက်ပစ္စည်းနဲ့နည်းပညာ လိုအပ်တာပါ" ဟု ငှက်ပျောလျှော်မှ အဝတ်အထည် ထုတ်လုပ်နေသည့် Green Banana Myanmar မှ ဦးမြင့်သိန်းက ပြောသည်။

စွန့်ပစ်ပစ္စည်းများဖြစ်သည့် ဗေဒါ၊ ကွမ်းသီးဖက်၊ အင်ဖက်၊ စလူရွက်၊ ငှက်ပျောရွက်နှင့် ငှက်ပျောအူတို့မှ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်သည့်အပြင် ငှက်ပျောလျှော်၊ နာနတ်လျှော်၊ ချဉ်ပေါင်လျှော်၊ ကြမ်းပိုးနမ်း (ရှမ်းပြည်မှထွက်ရှိ)နှင့် ကြာပင်လျှော်တို့မှ အဝတ်အထည်များထုတ်လုပ်၍ ပြည်တွင်းအပြင် ထိုင်း၊ စင်ကာပူနှင့် စပိန်နိုင်ငံသို့ တင်ပို့လျက်ရှိသည်။ လွန်ခဲ့သည့်နှစ်ပေါင်း ၁၀၀ ကျော်က ဂျပန်နိုင်ငံတွင် ငှက်ပျောချည်မှ အဝတ်အထည်များ ထုတ်လုပ်ခဲ့ရာ ကမ္ဘာသို့ ကီမိုနိုဝတ်စုံအဖြစ်ထိုးဖောက်နိုင်ခဲ့ပြီး မြန်မာပြည်မှထွက်ရှိသည့် ငှက်ပျောလျှော်မှထုတ်လုပ်သော ပိတ်စနှင့် တဘက်အထည်ကိုလည်း ၂၀၂၃ ခုနှစ် နှစ်ကုန်ပိုင်းတွင် ဂျပန်နိုင်ငံက မှာယူမှုများရှိခဲ့ရာ မြန်ဆန်စွာ တင်ပို့နိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

### ပြည်ပနိုင်ငံများမှနှစ်ခြိုက်

ငှက်ပျောချည်အဝတ်အထည်ကို ပြည်ပနိုင်ငံများမှ နှစ်ခြိုက်ခြင်းသည် အေးမြခြင်း၊ ချွေးထွက်နည်းခြင်းနှင့် ပေါ့ပါးခြင်းတို့ကြောင့် ဖြစ်သည်။ နိုင်ငံတကာတွင်အသုံးပြုလျက်ရှိသည့် စက္ကူကို ဝါးပင်မှ အများဆုံး ထုတ်လုပ်လျက်ရှိရာ ငှက်ပျောပင်မှလည်း ထုတ်လျက်ရှိပြီး ဓာတုပစ္စည်းထုတ်ကုန်များ လျှော့ချမှုနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းမှုတို့တွင် စွန့်ပစ်ပစ္စည်းမှ လူသုံးကုန်ပစ္စည်းထုတ်လုပ်မှုသည် တစ်ချိန်တွင် ကမ္ဘာ့နိုင်ငံတို့တွင် လိုအပ်လာမည့် လူသုံးကုန်ပစ္စည်းထုတ်ကုန်အဖြစ် သုံးစွဲမှုများလာနိုင်ကြောင်း စွန့်ပစ်ပစ္စည်းမှ တန်ဖိုးမြှင့်ကုန်ချော ထုတ်လုပ်သည့် လုပ်ငန်းရှင်များက ခန့်မှန်းထားကြသည်။

ညိမ်းသူ(သတင်းစဉ်)

# သမာဓိဝန်ထမ်းပေါင်းစုံ သမဝါယမအသင်းလီမိတက်၏ နှစ်ပတ်လည်အစည်းအဝေး ကျင်းပ

**ကော့သောင်း ဇန်နဝါရီ ၁၁**

တနင်္သာရီ တိုင်းဒေသကြီး ကော့သောင်းမြို့နယ်တွင် သမာဓိဝန်ထမ်းပေါင်းစုံ သမဝါယမ အသင်းလီမိတက်၏ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန်နေ့မွန်းလွဲ ၁ နာရီက မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ကြောင်း သိရသည်။

### ရှင်းလင်းပြောကြား

ဦးစွာ သမာဓိဝန်ထမ်းပေါင်းစုံ သမဝါယမအသင်း လီမိတက်၏ သဘာပတိ ဦးသိန်းအောင်က ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများ၊ ဝန်ထမ်းများ သက်သာချောင်ချိရေး လုပ်ငန်းများနှင့် ဆက်လက် ဆောင်ရွက်မည့် လုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့ပြီး ၂၀၂၂-၂၀၂၃ ခုနှစ် ဘဏ္ဍာရေးရှင်းတမ်းနှင့် အစီရင်ခံစာများကို တာဝန်ရှိသူများက ဖတ်ကြားပေးခဲ့ကာ တက်ရောက်လာသော အသင်းသား အသင်းသူများ၏ မေးမြန်းမှုအပေါ် ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့သည်။

ထို့နောက် အသင်းသားများ၏ ၂၀၂၂-၂၀၂၃ ခုနှစ် ဘဏ္ဍာနှစ်အတွက် အသင်းသား ၂၁၅ ဦး၏ လှည့်ပတ် ရင်းနှီးငွေကျပ် ၁၁၄၅၅၁၉၃၅ ဒသမ ၄၃ ဖြင့် လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် အစုပေါ် အမြတ်ငွေ ၁၅၇၇၅၉၄ ဒသမ ၁၁ နှင့် စုဆောင်းငွေအပေါ် အတိုးငွေကျပ် ၅၈၂၀၁၃၂ တို့အား ထုတ်ပေးခဲ့ကြောင်း သိရသည်။



ခရိုင်(ပြန်/ဆက်)

ပြည်ထောင်စုသားများ စည်းလုံးညီ ရွှေသို့လှမ်းချီ ပန်းတိုင်ဆီ။

# တီးတိန်မြို့၌ တောင်သူများအား စိုက်ပျိုးရေးအသိပညာပေး ဆွေးနွေး

**တီးတိန် ဇန်နဝါရီ ၁၁**

ချင်းပြည်နယ် တီးတိန်မြို့၌ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ အရင်းမပျောက် မတည်ထောက်ပံ့ရန်ပုံငွေရယူထားသော တောင်သူများအား စိုက်ပျိုးရေးအသိပညာပေး ဆွေးနွေးဟောပြောပွဲကို ယမန်နေ့နံနက် ၁၀ နာရီက မြို့နယ် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဖြိုးဝင်းသန်းက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးရွှေအုပ်ထန်းက စိုက်ပျိုးရေးအသိပညာပေးဆွေးနွေးဟောပြောပွဲပြုလုပ်ရခြင်းရည်ရွယ်ချက်အား ရှင်းလင်းတင်ပြသည်။



ဆက်လက်၍ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာန၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့မှ ဦးစီးမှူးများက စိုက်ပျိုးရေးအသိပညာပေး ဟောပြောကာ ဒေသခံတောင်သူများနှင့် အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်းသိရသည်။

မိုးမိုး

## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

နေပြည်တော် ဇန်နဝါရီ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။

မိုး/ဇလ

**ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၇)ရပ်ကွက်၊ စိမ်းလဲ့မေရိပ်သာလမ်း၊ အမှတ်(၁၈/စီ) Avenue 18 Condominium ၏(၇-လွှာ)၊ အခန်းအမှတ်(704)၊ အကျယ်အဝန်း (1328)စတုရန်းပေရှိသည့် ဦးနေဝင်း(၁၂/မဘန(နိုင်)၀၁၃၀၄၆)အမည်ပေါက် ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကိုကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း**

အထက်ပါကွန်ဒိုတိုက်ခန်းကို iGREEN Development & Engineering Group ကုမ္ပဏီထံမှ အရစ်ကျစနစ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ-ဦးနေဝင်း(၁၂/မဘန(နိုင်)၀၁၃၀၄၆)က တရားဝင်ပိုင်ရှင်အဖြစ် အရှုပ်အရှင်းကင်းရှင်းစွာ လက်ဝယ်ထားရှိပိုင်ဆိုင်ပါကြောင်းနှင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိပါကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်ုပ်တို့၏မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန်(စရန်ငွေ)များပေးချေထားခဲ့ပြီးဖြစ်ပါသည်။ အဆိုပါကွန်ဒိုတိုက်ခန်းနှင့် ပတ်သက်၍ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်နေ့မှစ၍(၇)ရက်အတွင်း တိကျခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန်ကြေညာပါသည်။ ( လွှဲအပ်ညွှန်ကြားချက်များအရ )

ဦးသန့်ဇင် (LL-B)
အထက်တန်းရှေ့နေ(စဉ်-၂၅၀၆၈)
Ph-09 253995848 , 09-798420119

ဒေါ်ဟန်နွေနိုင်(LL-B)
အထက်တန်းရှေ့နေ(စဉ်-၂၃၅၄၄)
Ph-09-4200 73685

အမှတ်(၅၀)၊ပထမထပ်၊အခန်း(D-2) ဘဏ်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။



**အထူးလိုက်လှဲစွာဂုဏ်ယူဝမ်းမြောက်ခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ (၇၆)ကြိမ်မြောက် လွတ်လပ်ရေးနေ့ အချိန်အခါသမယတွင် အမိန့်ကြေညာစာအမှတ်(၃/၂၀၂၄)ဖြင့် မဟာသဒ္ဓမ္မဇောတိကဓဇ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတရေ မြန်မာပြည်ဗုဒ္ဓဘာသာပုညကုသလအသင်းကြီး BBMA ၏ နာယက **ဦးကျော်ခင်မြင့်၊ မောင်ရင့်ကျူး (မြောင်းမြ) အား စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်၊ လူမှုထူးချွန်တံဆိပ်(ပထမဆင့်)**ကို ထိုက်တန်စွာဂုဏ်ပြုချီးမြှင့်အပ်နှင်းခြင်း ခံရသည့်အတွက် BBMA အသင်းကြီးက အထူးလိုက်လှဲစွာဖြင့် ဂုဏ်ယူဝမ်းမြောက်မိပါသည်။

အမှုဆောင်အဖွဲ့
BBMA အသင်းကြီး





## နာဂရိုးရာနှစ်သစ်ကူးပွဲတော် လေရှီးမြို့၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်

လေရှီး ဇန်နဝါရီ ၁၁

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လေရှီးမြို့နယ်တွင် နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ဇန်နဝါရီ ၁၅ ရက်တွင် မြို့နယ်ဘောလုံးကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

လေရှီးမြို့တွင် နာဂရိုးရာနှစ်သစ်ကူးပွဲတော် စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အဆင့်အဖွဲ့၏ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် လေရှီးမြို့နယ် နာဂရိုးရာနှစ်သစ်ကူးပွဲတော် ကျင်းပရေးဆပ်ကော်မတီဝင်များ၊ မြို့နယ်နာဂရိုးရာစာပေနှင့် ယဉ်ကျေးမှုကော်မတီအဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများ၏ စုပေါင်းအင်အားဖြင့် နာဂရိုးရာနှစ်သစ်ကူးပွဲတော် စည်ကားသိုက်မြိုက် အောင်မြင်စွာကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရာ မြို့မုခ်ဦးအဝင်မှစ၍ ပွဲတော်ကျင်းပမည့်ကွင်းအထိ MSME အသေးစားဒေသထွက် ကော်ဖီနှင့်လက်ဖက်၊ ဝိုင်အရောင်းပြခန်းများ၊ ရိုးရာရက်ကန်းရက်လုပ်ခြင်းပြခန်းများ၊ စိုက်ပျိုးရေးဦးစီးဌာနပြခန်းများ၊ အားကစားပြိုင်ပွဲများ၊ ရိုးရာယဉ်ကျေးမှုပြခန်းများ၊ အကများ၊ ရိုးရာဝတ်စားဆင်ယင်မှုပြသခြင်းများစသည်ဖြင့် ရိုးရာနှစ်သစ်ကူးပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပွဲတော်ကျင်းပရေးကော်မတီနာယက ဦးရှီးသီးထံမှ သိရသည်။

အဆိုပါ နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၄ ရက်မှ ၁၆ ရက်အထိ သုံးရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)


**ပတ်စ်ပို့ပျောက်**

ကျွန်တော်ဆလိုင်းထွန်းထွန်းနိုင် [၈/သရန(နိုင်)၀၀၀၄၄၉] ၏ ပတ်စ်ပို့နံပါတ် ME-492844 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း- ၀၉- ၇၉၂၂၈၂၉၄၂


**ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့**


**ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ နှင်းဆီ (၃)လမ်း၊ မြေကွက်အမှတ်(D-၁၈၄)၊ မြေအကျယ်(၄၀x၆၀)ပေ အကျယ်ရှိ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှ ဒေါ်ဟေမာပါ(၂) အမည်ဖြင့် မြေနေရာချထားပေးသည့်မြေကွက်နှင့် အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးမောင်ဦး [၁၂/ပဇတ(နိုင်)၀၁၆၇၇၉]ထံမှ ကျွန်ုပ်မိတ်ဆွေများဖြစ်သူ ဦးမိုးကျော် [၁၂/သကတ(နိုင်)၀၉၂၈၁၃]နှင့် ဒေါ်စန်းသီတာတို့မှ (၁၀-၁-၂၀၂၄)ရက်စွဲပါ "နှစ်ဦးသဘောတူ ခြံမြေအရောင်းအဝယ်ကတိစာချုပ်"ချုပ်ဆို၍ တန်ဖိုးငွေများပေးချေ ဝယ်ယူထားပြီးဖြစ်ပါ၍ ခြံမြေနှင့်ပတ်သက်သော စာရွက်စာတမ်းစာချုပ်များ(မူရင်း) လက်ရောက်ရရှိပိုင်ဆိုင်ထားပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ထက်ကျော်(LL.B)
အထက်တန်းရှေ့နေ (စဉ်-၄၈၆၅၆/၂၀၁၇)
ဖုန်း- ၀၉-၇၈၃၅၅၃၁၁၀
ရုံးခန်း- သန်လျင်ခရိုင်တရားရုံးရှေ့၊ အောင်သိဒ္ဓိလမ်း၊ အောင်မင်္ဂလာရပ်ကွက်၊ သန်လျင်မြို့။



**"ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာခြင်း"**

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၆၊ မြေကွက်အမှတ်-၁၉၆၂၊ အကျယ်အဝန်း (၄၀ ပေ x ၆၀ ပေ) ရှိ ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည်** ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှု ဌာနတွင် ဦးသိန်းဌေး [၁၂/လကန(နိုင်)၀၈၀၈၀၂] အမည်ပေါက်လျက်ရှိသော ပါမစ်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်အား (၁၄-၁၂-၂၀၂၃)ရက်စွဲပါ စာချုပ်အရ ရောင်းသူ ဒေါ်သီတာဝင်း [၁၂/ဥကမ(နိုင်)၁၇၀၈၀၅]မှ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် ရောင်းချပိုင်ခွင့်ရှိသည့် မြေကွက်အား ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်သည့်အတွက် ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထား မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးတိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်သင်းသင်းမော်
တရားလွှတ်တော်ရှေ့နေ (စဉ်-၈၈၂၆)
အမှတ်(၁၉၄/၁၉၆)၊ ပထမထပ်၊ မဟာဗန္ဓုလလမ်း၊ (၁) ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၀၀၃၁၂၉၂


**စည်းလုံးခြင်းသည် အင်အား ပြည်ထောင်စု၏ စွမ်းပကား။**

## လက်ပံတန်းမြို့နယ်၌ တောင်သူများအား မတ်ပဲအထွက်ကောင်းမျိုးစံပြစိုက်ကွက် အသိပညာပေးပြသ

လက်ပံတန်း ဇန်နဝါရီ ၁၁

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဉာဏ်မြင့်နှင့် ဝန်ထမ်းများက ဆောင်းသီးနှံ ပန်းတိုင်အထွက်နှုန်း ပြည့်မီရေး တောင်သူ အသိပညာပေး ကွင်းသရုပ်ပြခြင်းကို ကွမ်းခြံကျေးရွာ တောင်သူ ဦးခင်မောင်ဝင်း၏ TBL-9 မတ်ပဲ ငါးဧကစံပြစိုက်ကွက်၌ ယမန်နေ့ ညနေပိုင်းက ပြုလုပ်ခဲ့သည်။

အဆိုပါ အသိပညာပေးသရုပ်ပြပွဲတွင် လာမည့် ၂၀၂၄-၂၀၂၅ ခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ အထွက်နှုန်းကောင်း TBL-9 မတ်ပဲမျိုးများကို ရွေးချယ်စိုက်ပျိုးရေး လက်တွေ့သရုပ်ပြ အသိပညာပေး ဆွေးနွေးခဲ့ကြသည်။

လက်ပံတန်းမြို့နယ်၌ ဆောင်းသီးနှံ စိုက်ပျိုးရာတွင် ၉၉၂၉၂ ဧကစိုက်ပျိုးနိုင်ခဲ့ပြီး တောင်သူများအနေဖြင့် သမားရိုးကျစိုက်ပျိုးခဲ့သည့် ရေဆင်း-၂၊ ရေဆင်း-၃ မျိုးများကို စိုက်ပျိုးခဲ့ရာ အဝါရောင် မှိုစေ့ရောဂါဒဏ်ခံရပြီး အထွက်နှုန်းကျဆင်းခဲ့ကြောင်း တွေ့ရှိရသည့်အတွက် ရောဂါဒဏ်ခံနိုင်ပြီး အထွက်နှုန်းကောင်းသည့် TBL-9 မတ်ပဲမျိုးနှင့် ရေဆင်း-၇ မတ်ပဲမျိုးများကို ပြောင်းလဲ စိုက်ပျိုးနိုင်ရေး တောင်သူများအား အသိပညာပေးဆွေးနွေးခြင်း ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခဲ့မှုကြောင့် ယခုနှစ်တွင် TBL-9 မတ်ပဲမျိုး



၁၇၂၄၅ ဧက နှင့် ရေဆင်း-၇ မတ်ပဲမျိုး ၈၂၀၄၇ ဧက ပြောင်းလဲစိုက်ပျိုးနိုင်ခဲ့ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဉာဏ်မြင့်က ပြောကြားသည်။

မြို့နယ်(ပြန်/ဆက်)


**ကမ္ဘာ့ရေးရာ Global Affairs အမှတ်(၂၃) (ဒီဇင်ဘာ၊ ၂၀၂၃) ထွက်ပြီ**




"အစ္စရေး-ဟားမားစ်ပဋိပက္ခနှင့် အရှေ့အလယ်ပိုင်း ကမ္ဘာ့အရေး"

၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလထုတ် ကမ္ဘာ့ရေးရာ အမှတ်စဉ်- ၂၃ တွင်

- နိုင်ငံနှစ်ခုမူဝါဒနှင့် အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခ
- ရုရှား-ယူကရိန်း ပဋိပက္ခကနေ မည်သူအမြတ်ထွက်နေသနည်း
- အာဆီယံဒေသနှင့် ထွန်းကားလာသည့် ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်
- ဝါရှင်တန်သည် အဘယ့်ကြောင့် အစ္စရေးကို ထိန်းချုပ်သင့်သနည်း
- မျက်မှောက်ကာလရဲ့ လူ့သက်တမ်းက ဘယ်လောက်အထိရှိနေသလဲ
- အမေရိကန်နိုင်ငံတွင် အဖြစ်များသော ကင်ဆာရောဂါများ
- အိန္ဒိယတို့ပုံဖော်လိုသည့် ဝင်ရိုးစုံကမ္ဘာ

အပါအဝင် အခြားစိတ်ဝင်စားဖွယ်ရာ ဆောင်းပါးများ စုံလင်စွာဖြင့် ထွက်ရှိလာပြီ ဖြစ်ပါသည်။

တစ်အုပ် (၅၅၀၀) ကျပ်

စာပေဗိမာန်စာအုပ်အရောင်းဆိုင်များနှင့် အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများတွင် ဝယ်ယူရရှိနိုင်ပါသည်။

(ဖြန့်ချိရေး)
မြန်မာရေးရာလေ့လာရေးအဖွဲ့
ဖုန်း-၀၁-၈၃၈၇၅၆၈


## ဟုမ္မလင်းမြို့၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မြို့နယ်အဆင့်ပညာရေးစုံညီပွဲတော်အခမ်းအနားကျင်းပ

ဟုမ္မလင်း ဇန်နဝါရီ ၁၁

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် မြို့နယ်အဆင့်ပညာရေး စုံညီပွဲတော်အခမ်းအနားကို ဇန်နဝါရီ ၁၀ ရက် နံနက် ၉ နာရီခွဲက ဟုမ္မလင်းမြို့ အထက(၁) ဘိုးရာဇာခန်းမ၌ ကျင်းပသည်။

ဦးစွာ အထက(၁) ကျောင်းသား ကျောင်းသူများက "ကြိုဆိုပါသည်စုံညီပွဲတော်" တေးသီချင်းဖြင့် အခမ်းအနားဖွင့်လှစ်ပေးခဲ့ပြီး ဟုမ္မလင်းခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲဝင်းက အဖွင့်အမှာစကား ပြောကြားခြင်း၊ ဟုမ္မလင်းမြို့နယ်ပညာရေးမှူး ဒေါ်သင်းသင်းနွယ်က ပညာရေးစုံညီပွဲတော် ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ၂၀၂၃-၂၀၂၄ ဂုဏ်ထူးရရှိအောင်သင်ကြားပေးသော ဆရာ ဆရာမများ၊ အင်္ဂလိပ်၊ သင်္ချာစွမ်းရည်ပြိုင်ပွဲနှင့် အားကစားထူးချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးရဲဝင်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ပညာရေးမှူး ဒေါ်သင်းသင်းနွယ်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြသည်။

ဆက်လက်၍ အခြေခံပညာအဆင့်၊ ကျောင်းသား ကျောင်းသူများက အကများဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြပြီး အထက(၁)ကျောင်းသား ကျောင်းသူများက "ဘက်စုံပညာကိုရည် ဒို့လှမ်းချီ" သီချင်းသီဆို၍ အခမ်းအနား အောင်မြင်စွာပြီးမြောက်ခဲ့ကြောင်း သိရသည်။

ဟုမ္မလင်း(ပြန်/ဆက်)

## ရောင်းချရန်ကြော်ငြာစာ

**(တရားမကျင့်ထုံးဥပဒေအမိန့်- ၂၁၊ နည်းဥပဒေ-၆၆)**

**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

**၂၀၂၂-ခုနှစ်၊ တရားမဇာရီမှုအမှတ်- ၃**

မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် (သိမ်ဖြူဘဏ်ခွဲ) ၁။ ဦးစိုးအောင်

၎င်းကိုယ်စား ဦးမောင်မောင်ထက်ဝင်း (Assistant Vice President) ရုံးချုပ်(Consumer Credit Department) နှင့် ၂။ဒေါ်အေးအေးမွန်

**ဒီကရီအနိုင်ရသူ** **တရားရှုံးများ**

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်၊ တရားမကြီးမှုအမှတ်-၁၂/၂၀၁၉ အမှုတွင် အနိုင်ဒီကရီကို အတည်ပြုဆောင်ရွက်ရန်အတွက် အောက်ဖော်ပြထားသောပစ္စည်းကို ၂၀၂၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၄)ရက် နံနက်(၁၀း၀၀)နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်များ၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့် ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြော်ငြာလိုက်သည်။

### လေလံရောင်းချမည့်စည်းကမ်းများ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကွင်းကျန်ခြင်းတစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကို ရောင်းချလိမ့်မည့်အကြောင်း၊ လေလံဆွဲဝယ်ယူမည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချသည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံးဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ်သတ်မှတ်သည်။ သို့သော်အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိရမည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သောပစ္စည်းအတွက် လေလံဆွဲဝယ်ယူသူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့်တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည် လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်ယူသူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရရှိမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် (၂၅)ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်နေ့ကိုပယ်၍ (၁၅)ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ (၁၅)ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်နေ့တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များ၌ ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန် လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ (၈)ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာ ထုတ်ပေးလိုက်သည်။

**(သီတာကျော်)**
**လက်ထောက်ညွှန်ကြားရေးမှူး**
**ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်**

### ပစ္စည်းစာရင်းများ

(၁) ဦးစိုးအောင် အမည်ပေါက် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေကွက်အမှတ်- ၃၀၊ မြေတိုင်းရပ်ကွက်အမှတ်- မြယမုံကမ်းသာယာအိမ်ရာ၊ ဧရိယာ(၁.၁၂၂)ဧကရှိ နှစ်(၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦများအားလုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံး-
**(လေလံကြမ်းခင်းဈေး ကျပ်သိန်း(၇၀၀၀၀)**

(၂) ဦးစိုးအောင် အမည်ပေါက် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေကွက်အမှတ်- ၁၃၊ မြေတိုင်းရပ်ကွက်အမှတ်-ကြီးပွားရေးမြောက်၊ လူနေရပ်ကွက်အမှတ် မြယမုံကမ်းသာယာအိမ်ရာ၊ ဧရိယာ (၀.၁၁၁)ဧကရှိ နှစ်(၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦများအားလုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံး-
**(လေလံကြမ်းခင်းဈေး ကျပ်သိန်း (၄၀၀၀)**

(၃) ဦးစိုးအောင် အမည်ပေါက် ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေကွက်အမှတ်- ၁၊ မြေတိုင်းရပ်ကွက်အမှတ်-ကြီးပွားရေးမြောက်၊ လူနေရပ်ကွက်အမှတ် မြယမုံကမ်းသာယာအိမ်ရာ၊ ဧရိယာ (၀.၁၂၀)ဧကရှိ နှစ်(၆၀) ဂရန်မြေနှင့် ယင်းမြေပေါ်ရှိ အဆောက်အဦများအားလုံး အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်များအားလုံး-
**(လေလံကြမ်းခင်းဈေး ကျပ်သိန်း(၅၀၀၀)**




### ၂၀၂၀ ခုနှစ် Insolvency Law အရ Shwe Heart Leather Company Limited အပြီးသတ်စာရင်းရှင်းလင်းဖျက်သိမ်းနိုင်ရန် အတွက် အစည်းအဝေးဖိတ်ကြားခြင်း

" Shwe Heart Leather Company Limited "၏ အပြီးသတ် စာရင်းရှင်းလင်းဖျက်သိမ်းရန်အတွက် နောက်ဆုံးအပြီးသတ်အစည်းအဝေးကြီးအား (၁၇-၁-၂၀၂၄)နေ့ နံနက် (၉း၀၀) နာရီတွင် အမှတ်(၆၃၅-အေ-၁)၊ အခန်းအမှတ် (အေ-၃)၊ ရှီးမရိုပ်သာ၊ (၂)ရပ်ကွက်၊ ပြည်လမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၌ ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အစုရှယ်ယာရှင်များ၊ ဒါရိုက်တာများအားလုံး၏ သဘောတူညီချက်ကို ရယူရန်ရှိပါသဖြင့် အစည်းအဝေး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ဒေါ်တင်ဝင်းယု
စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ
ဖမ်မက် ကုမ္ပဏီ လီမိတက်

### ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော **"လှိုင်လှိုင်တိုး-၃"** အမည်ရှိ မြိတ်ခရိုင်ငါးဖမ်းရေယာဉ် **[ရေယာဉ်မှတ်ပုံတင်အမှတ်၊ (FMD/0281/09)]** ရေယာဉ်၏ တန်ချိန်- ၃၃.၈၅ အား ဂရန်အမည်ပေါက်ပိုင်ရှင်ဖြစ်သော ဦးအောင်သီး [၆/သရခ(နိုင်)၀၁၈၅၃၆] အမည်မှ ဦးကျော်ကျော် [၁၂/လမတ(နိုင်)၀၂၅၇၄၅] အမည်သို့ ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည်ပြောင်းလဲရန်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဒုတိယညွှန်ကြားရေးမှူး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြိတ်မြို့သို့လိပ်မူ၍ ရက်ပေါင်း (၃၀)အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

### ရေယာဉ်ပိုင်ရှင်အမည်ပြောင်းလဲခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသော **"ချောဇင်သူ"** အမည်ရှိ ထားဝယ်ခရိုင်ငါးဖမ်းရေယာဉ် **[ရေယာဉ်မှတ်ပုံတင်အမှတ်၊ (FDD/0012/14)]** ရေယာဉ်၏ တန်ချိန်- ၄၉.၁၉ အား ဂရန်အမည်ပေါက် ပိုင်ရှင်ဖြစ်သော ဦးမောင်ဝင်း [၆/လလန(နိုင်)၀၅၈၃၄၁] အမည်မှ ဦးကြည်ဝင်း [၆/ကသန(နိုင်)၀၀၇၅၃၇] အမည်သို့ပြောင်းလဲပေးပါရန် ဤဌာနသို့ လျှောက်ထားလာပါသည်။ ၎င်းပိုင်ရှင်အမည်ပြောင်းလဲရန်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ဒုတိယညွှန်ကြားရေးမှူး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ မြိတ်မြို့သို့လိပ်မူ၍ ရက်ပေါင်း (၃၀)အတွင်း ပိုင်ဆိုင်မှုအထောက်အထားများနှင့်တကွ မည်သူမဆို လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ထက်ကျော်လွန်ပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ လျှောက်ထားသူအမည်သို့ ပြောင်းလဲပေးမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

### သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၂၄-လမ်း၊ အမှတ်- ၆၅၊ ၄-လွှာ (ဝဲဘက်ခန်း) နေ ချီကင်ဟုန်(ခ)ဒေါ်ကျင်မှုန် [၁၂/လသန(နိုင်)၀၁၆၄၉၈]၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း ကြေညာအပ်ပါသည် -

ကျွန်ုပ်တို့အမှုသည်၏သားဖြစ်သူ ဦးမောင်မောင်အောင် [၁၂/လသန(နိုင်)၀၁၄၁၅၄] ကိုင်ဆောင်သူသည် မိခင်ဖြစ်သူ၏ ဆိုဆုံးမမှုများကိုမနာခံဘဲ မိခင်နှင့် ညီအစ်ကိုမောင်နှမများအား စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ပြီး (၅-၁-၂၀၂၄)ရက်နေ့တွင် မိမိ၏သဘောဆန္ဒအလျောက် နေအိမ်မှဆင်းသွားခဲ့ပါသည်။ ထိုနေ့မှစ၍ မိခင်ဖြစ်သူမှ ဦးမောင်မောင်အောင်အား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စများကို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးလှဝေ(စဉ်-၇၁၂၄)** **ဒေါ်ဘီဘီသိန်း(ခ)ဒေါ်ဘောဘီ(စဉ်-၈၇၉၁)**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ် (၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၇၇၅၁၄၄၄၀၁၊ ၀၉-၇၇၅၁၄၄၄၀၂**

### ကန့်ကွက်နိုင်ပါသည်။

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ဓမ္မစေတီလမ်း၊ One62 Residence ကွန်ဒို-A ၏ ပထမထပ်တွင်တည်ရှိသော အခန်းအမှတ်- A 105 ၊ ဧရိယာ(၁၃၀၀)စတုရန်းပေ အကျယ်အဝန်းရှိ ရေ၊ မီးအစုံကွန်ဒိုတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်ယဉ်ယဉ်မြ (၁၂/ပဘတ (နိုင်)၀၂၁၅၁၈)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်ရောင်းဘိုးငွေ၏ တစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါတိုက်ခန်းအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်းခိုင်လုံသောအထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင်ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ
**သင်းကြူစိုး LL.B., LL.M.**
တရားလွှတ်တော်ရှေ့နေ (စဉ်-၆၅၅၆)
ရုံး-အမှတ်-၅၅၊ အခန်း-၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၈၃၇၈၇၉၉၊ ၀၉-၅၀၁ ၆၃၅၂၊ ၀၉-၅၅၀ ၆၅၅၆။

### "ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာချက်"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ပတ္တမြားမြို့သစ်၊ ရွှေနံ့သာကျေးရွာအုပ်စု၊ ဇမ္ဗူရာဇ်လမ်း၊ အမှတ်(၂၂၂) မခွဲစိတ်ရသေးသော အလျား(၃၀)ပေxအနံ(၅၀)ပေ မြေကွက်မှ အိမ်မျက်နှာစာမှကြည့်လျှင် ဘယ်ဘက်ခြမ်း (၁၅)ပေx(၅၀)ပေ မြေကွက်နှင့် မြေပေါ်ရှိအဆောက်အဦတို့အား ဦးတင်ညွန့်၏သမီးဖြစ်သူ ဒေါ်တင်သီတာခိုင် [၁၂/လကန(နိုင်)၁၃၉၂၈၃]မှ စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုကာ ရောင်းချလိုကြောင်းကမ်းလှမ်းသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးညီလေး [၁၃/နခတ(နိုင်)၀၇၉၂၉၅]မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဤအရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ဤကြေညာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဒေါ်ဆွေသီလင်း** | **ဦးခင်မောင်မြင့်(ကနောင်)** |
| **LL.B (စဉ်-၁၅၆၁၀/၂၀၁၉)** | **LL.B (စဉ်-၂၇၁၆/၁၉၈၄)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |

**အမှတ် (၁၀/၁၂)၊ မြေညီထပ်၊ ၃၅ လမ်းတို(အောက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၅၁၀၈၇၅၄၊ ၀၉-၇၈၀၀၀၁၉၅၁**

### ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်-ပြည်တော်အေး၊ မြေကွက်အမှတ် (၅၆၉) ဟုခေါ်တွင်သော (အလျား ၄၀ ပေx အနံ ၆၀ ပေ) ကျယ်ဝန်းသော ပါမစ်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦမှာ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် ဦးသိန်းဌေး (KTN-၀၈၂၇၉၉) အမည်ပေါက်ဖြစ်ပြီး ဦးသိန်းဌေးထံမှတစ်ဆင့် စာချုပ်များဖြင့် ဝယ်ယူထားသော ဒေါ်ထားထားလွင် [၁၂/သကတ(နိုင်)၀၆၈၆၁၄]က မိမိသာလျှင် တရားဝင်ပိုင်ဆိုင်ပြီး အပေါင်အနှံ၊ အရှုပ်အရှင်းကင်းရှင်းစွာဖြင့် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း တာဝန်ယူကတိပြုသူထံမှ ဦးမျိုးဗိုလ်ဗိုလ်စန်း [၁၂/သကတ(နိုင်)၁၃၂၄၃၅]နှင့် ဒေါ်လွင်ဖြူခိုင် [၁၂/သကတ(နိုင်)၁၉၄၅၄၇]တို့က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

စရန်ငွေပေးချေထားခြင်းနှင့်ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်း၊ အထောက်အထား (မူရင်း)များနှင့် ယနေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အောင်မြင်ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**
**ဒေါ်ဝင်းဝင်းဌေး အထက်တန်းရှေ့နေ (စဉ်-၄၉၇၀၅)**
**အမှတ်-၈၉၆၊ မာလာမြိုင် (၂) လမ်း၊ (၁၉) ရပ်ကွက်၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၄၈၃၇၉၇၄၅**

## "ကုန်အမှတ်တံဆိပ်အသိပေးကြေညာခြင်း"

ရန်ကုန်မြို့ ၊ သုဝဏ္ဏ-သဃ်္ဃန်းကျွန်းမြို့နယ်၊(၂၉)ရပ်ကွက်၊ ဩစဆာသယလမ်း၊ အမှတ် (၃၉) တွင်တည်ရှိသော AKJ INTERNATIONAL COMPANY LIMITED၊ ကုမ္ပဏီမှတ်ပုံတင်အမှတ်-(၁၃၂၉၉၁၆၇၇)သည် အောက်တွင်ဖော်ပြထားသော အမှတ်တံဆိပ်များအား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်သွင်းထားသည့် မြန်မာနိုင်ငံ၏ တစ်ဦးတည်းသော ကိုယ်စားလှယ်ဖြစ်ပါသည် -

| | |
|---|---|
| SHARP™ | Champion |
| **စာချုပ်အမှတ် - ၁၀၁၄၅ /၂၀၂၃** | **စာချုပ်အမှတ် - ၁၀၁၄၈ /၂၀၂၃** |
| **(နေ့စွဲ-၁၇-၁၁-၂၀၂၃)** | **(နေ့စွဲ-၁၇-၁၁-၂၀၂၃)** |

အထက်ဖော်ပြပါ အမှတ်တံဆိပ်အမည်အမှတ်အသားများဖြင့် အရည်အသွေးကောင်းမွန်သော တစ်ခါသုံးမုတ်ဆိတ်ရိတ်ဓားအမျိုးမျိုးတို့ကို မြန်မာပြည်တစ်ဦးတည်း ကိုယ်စားလှယ်အနေဖြင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ ရှိ SAMAH RAZOR BLADES INDUSTRIES LTD., မှ မှာယူတင်သွင်း၍ မြန်မာနိုင်ငံတစ်ဝန်းလုံးတွင်ဖြန့်ချိခြင်း၊ လက်လီ/ လက်ကား ဖြန့်ဖြူး ရောင်းချခြင်း၊ ဆိုင်ခန်းများဖွင့်လှစ်ရောင်းချခြင်း၊ Online မှ ရောင်းချပေးခြင်းတို့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတစ်ဝန်းလုံး၌ အသုံးပြုလျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အဆိုပါအမှတ်တံဆိပ်များအား မည်သည့်ပုံစံဖြင့်မဆို မှိုငြမ်းတုပသုံးစွဲခြင်း၊ မြန်မာပြည်တစ်ဦးတည်း ကိုယ်စားလှယ်ထံမှ ဝယ်ယူခြင်းမရှိဘဲ တခြားသောနည်းလမ်းများဖြင့် တင်သွင်း၍ မြန်မာနိုင်ငံအတွင်းရောင်းချခြင်း၊ အမည်စာသားပုံစံတူ ထုတ်လုပ်ရောင်းချခြင်း၊ တစ်နည်းနည်းဖြင့် ထင်ယောင်ထင်မှားဖြစ်စေ၊ ဆင်တူယိုးမှားဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသုံးပြုခြင်းမျိုး မပြုလုပ်မဆောင်ရွက်ကြရန်သတိပေးတားမြစ်ပါသည်။ ထိုသို့ပြုလုပ်၊ ရောင်းချခဲ့မည်ဆိုပါက နစ်နာမှုအဝဝအတွက် တည်ဆဲဥပဒေနှင့်အညီ လိုအပ်သလို တရားစွဲဆိုအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**AKJ INTERNATIONAL COMPANY LIMITED ၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဒေါ်အေးမင်းမင်းသိမ့်** | **ဒေါ်စုထွေးလတ်** |
| **(LL.B,D.B.L,D.I.L,D.M.L)** | **(LL.B,LL.M,D.B.L)** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ် - ၁၄၅၃၇)** | **(စဉ်-၅၂၈၉၆ )** |

**အမှတ်(၁၉)၊ ရွှေကမ္ဘာအိမ်ရာ(၉)လမ်း၊ မင်းဓမ္မလမ်းမကြီး၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၉၈၉၄၂၊ ၀၉-၇၉၅၉၂၁၉၃၂**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံ စိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

---

❖ **စီးပွားရေးကို ဆောင်ရွက်ရာတွင် မိမိတို့နိုင်ငံတစ်ဝန်းလုံး၌ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်ကြခြင်းဖြစ်သဖြင့် နိုင်ငံအတွက် လက်တွေ့ကျသည့် စိုက်ပျိုးမွေးမြူရေးအခြေခံပြီး ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို ဆောင်ရွက်ရန်လို...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၄/၂၀၂၃) တွင် အမှာစကား ပြောကြားမှုမှ ကောက်နုတ်ချက်)

---



## မြန်မာ့လက်ရွေးစင်အသင်း စတင်လေ့ကျင့်

**ရန်ကုန် ဇန်နဝါရီ ၁၁**

မြန်မာ့လက်ရွေးစင်အသင်းသည် မတ်လတွင် ယှဉ်ပြိုင်ရမည့် ၂၀၂၆ ကမ္ဘာ့ဖလား အာရှဇုန် ဒုတိယအဆင့်ခြေစစ်ပွဲအတွက် ပထမအကြိမ် လေ့ကျင့်မှုများ စတင်ပြုလုပ်လျက်ရှိသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဇန်နဝါရီ ၁၀ ရက်မှ ၂၀ ရက်အထိ ပထမအကြိမ် လေ့ကျင့်ရမည်ဖြစ်ပြီး ဇန်နဝါရီ ၁၀ ရက် ညနေပိုင်းတွင် သုဝဏ္ဏလေ့ကျင့်ရေးကွင်း၌ စတင်လေ့ကျင့်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနည်းပြချုပ် ဖိုက်အွန်ဘိုင်နာသည် ပထမအကြိမ် လေ့ကျင့်ရန် ကစားသမား ၂၈ ဦး **စာမျက်နှာ ၁၇ ကော်လံ ၁ သို့** ❖

## အက်သလက်တီကိုမက်ဒရစ်အသင်းကို ငါးဂိုး-သုံးဂိုးဖြင့် အနိုင်ရပြီး ရီးယဲလ်မက်ဒရစ်အသင်း စပိန်စူပါဖလားနောက်ဆုံးဗိုလ်လုပွဲတက်လှမ်း

ဇန်နဝါရီ ၁၀ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ အက်သလက်တီကိုမက်ဒရစ်အသင်းတို့ရဲ့ စပိန်စူပါဖလား ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်မှာ ရီးယဲလ်မက်ဒရစ်အသင်းက အက်သလက်တီကို မက်ဒရစ်အသင်းကို ငါးဂိုး-သုံးဂိုးနဲ့ အနိုင်ရရှိခဲ့တာကြောင့် စပိန်စူပါဖလားနောက်ဆုံး ဗိုလ်လုပွဲအဆင့်ကို တက်လှမ်းခွင့် ရရှိခဲ့ပြီဖြစ်ပါတယ်။

ရီးယဲလ်မက်ဒရစ်အသင်းနဲ့ အက်သလက်တီကို မက်ဒရစ်အသင်းတို့ပွဲစဉ်မှာ သာမန်ပွဲကစားချိန် မိနစ် ၉၀ အတွင်း တစ်ဖက်သုံးဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့တာကြောင့် အချိန်ပိုကစားရာမှာ ရီးယဲလ်မက်ဒရစ်အသင်းက နှစ်ဂိုး ထပ်မံသွင်းယူနိုင်ခဲ့လို့ **စာမျက်နှာ ၁၂ ကော်လံ ၅ သို့** ❂




## MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ဆက်လက်ကျင်းပပြီး လက်ရှိချန်ပီယံ VUC အသင်း ရှစ်ပွဲဆက်အနိုင်ရ

**ရန်ကုန် ဇန်နဝါရီ ၁၁**

MFF ဖူဆယ်လိဂ်-၁ ပြိုင်ပွဲ ပွဲစဉ် (၈) ကို ဇန်နဝါရီ ၁၁ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပရာ လက်ရှိချန်ပီယံ VUC အသင်း ရှစ်ပွဲဆက်အနိုင်ရပြီး ဆက်လက်ဦးဆောင်လျက်ရှိသည်။

ပွဲစဉ် (၈) တွင် လက်ရှိချန်ပီယံ VUC အသင်းက MIU အသင်းကို သုံးဂိုး-တစ်ဂိုး၊ Dream Team အသင်းက လက်ဝဲသုန္ဒရအသင်းကို ငါးဂိုး-သုံးဂိုး၊ Winner Soccer အသင်းက Futsal-19 အသင်းကို ငါးဂိုး-တစ်ဂိုး၊ M2K အသင်းက ဖူဆယ်ချစ်သူအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရပြီး Generations **စာမျက်နှာ ၁၁ ကော်လံ ၁သို့** ❍



VUC အသင်းနှင့် MIU အသင်းတို့ ယှဉ်ပြိုင်ကစားကြစဉ်။

**ယနေ့ ဖတ်စရာ**


**တပ်မတော်(ရေ)မှ မြန်မာ့ပင်လယ်ပြင်တွင် ငွေကျပ် ၃၆ ဒသမ ၂၅ ဘီလီယံတန်ဖိုးရှိ အိုက်စ်(မက်သ်အဖက်တမင်း) ၁ ဒသမ ၄၅ တန် သိမ်းဆည်းရမိ** စာမျက်နှာ » ၁၄

**မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် ဆောက်ချုံပေါက်ကျေးရွာကို လုံခြုံရေးတပ်ဖွဲ့ဝင်များက မီးရှို့သဖြင့် နေအိမ် ၁၀ လုံးကျော်မီးလောင်ခဲ့ကြောင်း ကောလာဟလသတင်းအမှားများကို လူမှုကွန်ရက်စာမျက်နှာများတွင် မဟုတ်မမှန် ရေးသားဖြန့်ဝေလျက်ရှိ** စာမျက်နှာ » ၁၅

**မြန်မာ့ရိုးရာရက်ကန်းထည်များကို ပြည်တွင်းတွင် စိတ်ဝင်စားမှုရှိနေပြီး ရောင်းအား ပုံမှန်ရှိနေ** စာမျက်နှာ » ၂၀